# တရုတ်ဖြူလေယာဉ်
# လေယာဉ်ပစ်ချခဲ့စဉ်က

**လေသူရဲတစ်ဦး**

ရတနာပုံစာအုပ် - (၁၆)
၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ

# မာတိကာ

| | | စာမျက်နှာ |
|---|---|---|
| ၁။ | တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က | ၁ |
| ၂။ | ယောက်ျားကောင်းဟူသည် | ၃၈ |
| ၃။ | ပြေးလမ်းပေါ်မှာ | ၅၄ |
| ၄။ | မြေအဆုံး၊ မိုးအစ | ၆၆ |
| ၅။ | တစ်ကျော့နှစ်ကျော့ | ၈၂ |
| ၆။ | မိုးယံမှအန္တရာယ်လမ်း | ၉၄ |
| ၇။ | အရှက်ဦးတိုက်ပွဲ | ၁၁၀ |
| ၈။ | လွမ်းငွေ့ဝေဝေ | ၁၂၉ |
| ၉။ | ဆရာနှင့် ကျွန်တော် | ၁၄၆ |

# စာရေးသူ၏အမှာ

ဤစာအုပ်မှာ ဒုတိယအကြိမ် ထုတ်ဝေခြင်းဟု ဆိုသော်လည်း လေကြောင်းဝတ္ထုအတိုသစ်များ ဖြည့်စွက်ထားပါသည်။

ဤအကြောင်းချက်များ၌လည်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ရေးသားခြင်းများ ရှိပါသည်။ ထို့ကြောင့် စာအုပ်အသစ်အဖြစ်လည်း မှတ်ယူ၍ ရပါကြောင်း . . . ။

*ဦးလှဝင်း (လေသူရဲတစ်ဦး)*
*၁. ၁၂. ၂၀၀၁*
*ရန်ကုန်မြို့။*

# တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က

## စာရေးသူ ဝန်စံချက်

အောက်ပါဖော်ပြပါ အဖြစ်အပျက်မှာ (၁၅-၂-၆၁) နေ့၌ မဲခေါင်စစ်ဆင်ရေးအတွင်း မြန်မာ့မြေပေါ်သို့ ကျူးကျော်ဝင်ရောက်ခဲ့သည့် တရုတ်လေယာဉ်ဖြူ လေယာဉ်ပျံအား ပစ်ချခဲ့စဉ်က အဖြစ်အပျက်များ ဖြစ်ပါသည်။ ထိုအချိန်က မြန်မာသတင်းစာများတွင် သာမက ကမ္ဘာ့သတင်းစာများတွင်လည်း အကျယ်တဝင့် ဖော်ပြခဲ့ပြီးလေပြီ။ ဗိုလ်မောင်သိန်း (လေ/၁၂၀၁)၊ ဗိုလ်ချစ်ခိုင် (လေ/၁၂၁၆) နှင့် ဒု-ဗိုလ်ပီတာ (လေ/၁၂၉၂) တို့ (ဆီးဖျူရီ) တိုက်လေယာဉ်သုံးစီးဖြင့် ပါဝင်ခဲ့သော လေကြောင်းတိုက်ပွဲဖြစ်၏။ ယနေ့ နှစ်ပေါင်း သုံးဆယ်ကျော်ရှိခဲ့လေပြီ။ ဤလေသူရဲသုံးဦးတွင် ဗိုလ်ချစ်ခိုင်တစ်ဦး သာ ယနေ့လူအိုအဖြစ် အသက်ရှင်ကျန်ရှိပြီး ကျန်လေသူရဲနှစ်ဦးမှာ သေဆုံးသွားသည်မှာ ကြာချေပြီ။ မြန်မာ့လေတပ်မတော်သမိုင်းတွင်

ယနေ့အထိ တစ်ကြိမ်သာ ဖြစ်ဖူးသေးသော မြန်မာလူမျိုးတို့ ဇာတိမာန်၊ ဇာတိသွေး တက်ကြွစေခဲ့သည့် လေကြောင်းတိုက်ပွဲ ဖြစ်ပါသည်။ သမိုင်းဝင်တိုက်ပွဲဖြစ်၍ ကျွန်တော်သည် ဝတ္ထုအဖြစ် ဖတ်ချင်စဖွယ် ပြန်ရေးထားသည်မှလွဲ၍ အကြောင်းအရာအားလုံးကို အဖြစ်မှန်အတိုင်း ဖော်ပြထားပါသည်။ လေကြောင်း ပညာပေးဝတ္ထု တစ်ပုဒ်ဖြစ်ရန်လည်း ကြိုးစားထားပါသည်။

**လေသူရဲတစ်ဦး**

၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၁၅ ရက်နေ့. . . .။

မကြာမီ တပေါင်းလဆန်းတော့မည်။

မိခင်လေတပ်စခန်းရှိရာ မှော်ဘီမြို့၌ ဆောင်း၏ အငွေ့အသက်များ ကျန်တော့မည် မဟုတ်သော်လည်း ရှမ်းကုန်းပြင်မြင့်၌ ဆောင်းငွေ့မကုန်သေးပါ။

သို့သော် ဒယ်အိုးတစ်ခုသဖွယ် တောင်များ ပတ်လည်ဝိုင်းနေသည့် ကျိုင်းတုံမြို့ကလေး၌မူ ရာသီဉတုနေချင့်စဖွယ် ထွေးနွေးနေသည်။

"ဟော့ကောင် ပီတာ. .၊ မင်းအလှည့် ရွှေ့လေကွာ"

ဗိုလ်ချစ်ခိုင်က ဒုဗိုလ်ပီတာကို လှမ်းပြောလိုက်၏ သူတို့နှစ်ယောက်သည် သဲကြီးမဲကြီး စစ်တုရင်ကစားနေကြသည်။ နေ့လယ်

စာ ထမင်းစားပြီးချိန်ကစပြီး ယခုအထိ ပွဲမသိမ်းနိုင်ကြသေးပါ။

အချိန်မှာ နေ့လယ်နှစ်နာရီခန့် ရှိလေပြီ။

ကျိုင်းတုံလေယာဉ်ကွင်းအနီး ခြေလျင်တပ်ရင်း၏ အရာရှိရိပ်သာအတွင်း ဖြစ်၏။ ဤအရာရှိရိပ်သာမှာ ကျိုင်းတုံလေတပ်ဆွယ်သို့ ရောက်လာကြသည့် လေသူရဲများ ထိုစဉ်က အမြဲတည်းခိုရသော တည်းခိုဆောင်ဖြစ်၏။ မလှမ်းမကမ်းမှ ပက်လက်ကုလားထိုင်တစ်လုံးတွင်မူ လေသူရဲတစ်ယောက်သည် သူ့မျက်နှာပေါ် စာအုပ်တစ်အုပ်တင်ပြီး အိပ်မောကျနေသည်။

သူသည် ဗိုလ်ကြီး ခင်မောင်မြင့် ဖြစ်၏။ အမှတ် (၂) အုပ်မှ လေသူရဲဖြစ်၏။

ဒါကိုတာ လေယာဉ်မှူး ဖြစ်၏။

သူတို့အားလုံးသည် အရေးပေါ်လျှင် အဆင်သင့်ဖြစ်ရန် လေယာဉ်မောင်းဝတ်စုံပြာကြီးများကို အသင့်ဝတ်ထားကြ၏။ အချိန်မှာ မဲခေါင်စစ်ဆင်ရေးစပြီး တစ်လကျော်မျှ ရှိသေးသော အချိန်ဖြစ်၏။

တရုတ်ဖြူတပ်ဖွဲ့များမှာ မြန်မာတို့ ထိုးစစ်စချိန်မှစပြီး တစ်ဆုတ်တည်း ဆုတ်နေရ၏။

ရှမ်းပြည်နယ်အတွင်းပိုင်းတွင် လုံးဝတပ်မစွဲနိုင်ကြတော့။

တစ်စုတစ်လုံးတည်းလည်း မရှိတော့ဘဲ ပြန့်ကျဲနေသည်။

ပြောပလောက်သော အခိုင်အမာဒေသဟူ၍ နယ်စပ်တစ်လျှောက်တွင်သာ ရှိတော့၏။

ဒုဗိုလ်ပီတာတို့၏ အမှတ်(၁)တိုက်လေယာဉ်အုပ်မှာ (၄-၁-၆၁) နေ့မှစ၍ တိုက်ပွဲများ ဆင်နွှဲခဲ့ကြ၏။

စစ်ဆင်ရေးစတင်ချိန်၌ အမှတ် (၁) အုပ်၏ တပ်စွဲထား

သော ဒေသမှာ နမ့်ဆန်လေယာဉ်ကွင်းတွင် ဖြစ်၏။ အများဆုံးဆင်နွှဲခဲ့သောတိုက်ပွဲများမှာ မြေပြင်က ရန်သူ့ အခိုင်အမာစခန်းများကို ဝေဟင်မှ ပစ်ခတ်တိုက်ခိုက်ပေးခြင်း ဖြစ်၏။

ယခု ရန်သူများ နယ်စပ်ရောက်ကုန်ကြလေပြီ။

ကျိုင်းတုံမှာ နမ့်ဆန်ထက် ရန်သူရှိသောနယ်စပ်နှင့် ပိုနီးသော မြို့ဖြစ်၏။

ထို့ကြောင့် တိုက်ပွဲဝင်ရန် အချိန်ကုန်သက်သာသော ကျိုင်းတုံမြို့ကို (၆-၂-၆၁) နေ့တွင် လေတပ် တပ်ဆွယ်တစ်ခုလုံး ပြောင်းရွှေ့လာခဲ့ကြ၏။

ယနေ့ ကျိုင်းတုံမြို့သို့ ရောက်နေကြသည်မှာ ၉ ရက်မျှ ရှိသေး၏။

ဒု ဗိုလ်ပီတာက သူ့မြင်းကွက်ကို နောက်တစ်ကွက် ပြန်ဆုတ်လိုက်၏။ ဗိုလ်ချစ်ခိုင်က သူ့ ရထားနှင့် ဘုရင့်နေရာကို လဲယူလိုက်ပါသည်။

"ကျွိ"

ရိပ်သာရှေ့၌ ဂျစ်ကားတစ်စီး ထိုးဆိုက်သံ ကြားလိုက်ရပါသည်။

ဒုဗိုလ်စံမြင့် ဝင်လာ၏။ ဒုဗိုလ်စံမြင့်မှာလည်း အမှတ် (၁) အုပ်မှ တိုက်လေယာဉ်မောင်း လေသူရဲတစ်ဦးပင် ဖြစ်၏။ သို့သော် ယခု ကျိုင်းတုံတပ်စွယ်၌ အပေ့ါစား ခရီးသည်တင် (ဆက်စနာ) လေယာဉ်ပျံမောင်းမည့်သူမရှိ၍ စက်စနာမောင်းနေရ၏။

"ဟေ့ကောင်တွေ လာ. . . လာ မင်းတို့ကို တပ်မှူးခေါ်နေတယ်"

ရှေ့မှ ရန်သူနှင့် ပေနှစ်ရာပင် မဝေးတော့။

ချစ်ခိုင်သည် သူ့သေနတ်ချိန်သီးကို ရန်သူ့လေယာဉ်ဦးပိုင်းကို အတိအကျကွက်တိဝင်အောင် ချိန်တွယ်လိုက်၏။

နောက် ... စစ် အမြောက်ခလုတ်ကို နှိပ်လိုက်၏။

မျှော်လင့်သလို ထိချက်မမှန်။ စက်ခန်းအနောက် ကိုယ်ထည်ပိုင်းသို့သာ သူပစ်သမျှကျည်ဆန်တွေ စုပြုံမှန်သွားသည်ကို တွေ့လိုက်ရသည်။

ထိုအချိန်၌ ရှေ့မှ ရန်သူလေယာဉ်ပျံမှာ ဆယ်ပေပင် မဝေးတော့။

သူ ရုတ်တရက် လေယာဉ်ချင်း ဝင်ဆောင့်မိမည်စိုး၍ လေယာဉ်ထိန်းမောင်းတံကို ပင့်တင်ဆွဲလိုက်ရ၏။ စက္ကန့်ဝက်မျှ လက်ဦးမှုရှိ သွားသည်ဟု ဆိုရမည်။ ရန်သူ့လေယာဉ် ကိုယ်ထည်အပေါ်လေးမှ သူ့လေယာဉ်ပျံကပ်၍ လွတ်သွား၏။

"ဒုန်း"

သူ့လေယာဉ်၏ အမြီးပိုင်းမှ ထွက်ပေါ်လာသောအသံဖြစ်၏။

အမြီးပိုင်း ထိသွားပြီ။

ရန်သူ အနီးကပ်လှမ်းပစ်သော ကျည်မှန်ခြင်းပင်လား။ ရန်သူ့ လေယာဉ်ပျံ၏ အမိုးပိုင်းနှင့် သူ့လေယာဉ်အမြီးမလွတ်၍ ချိတ်မိခဲ့လေ သလား။ သူ မည်သို့မျှ ယနေ့တိုင်ပင် သဲကွဲစွာ ပြန်မတွေးနိုင်။ စခန်း ပြန်ရောက်၍ သူ့လေယာဉ်ပျံတစ်စီးလုံး ရန်သူ့ကျည်ဆံပေါက် ရှာကြည့်သောအခါ၌လည်း တစ်ပေါက်မျှ မတွေ့။ သို့သော် အမြီးပိုင်းတွင် တစ်ခုခုဖြစ်သွားပြီ။ ဖြစ်သည်မှာတော့ အမှန်ဖြစ်၏။ ချက်ချင်းသိ၏။ ကျည်မှန်ခြင်း ဖြစ်ဖို့တော့ များပါသည်။

(၃) စီးမှာ တန်းစီရပ်ထား၏။ မလှမ်းမကမ်းတွင် အမှတ် (၂) အုပ်မှ ဒါကိုတာ နှစ်စီးနှင့် (ဆက်စနာ) တစ်စီး ရပ်ထား၏။

ထိုစဉ်က အမှတ် (၁) တိုက်လေယာဉ်အုပ်၏ အုပ်မှူးမှာ ဗိုလ်မှူး တင်မောင်အေး ဖြစ်၏။

သူသည် အမှတ် (၁) တိုက်လေယာဉ်အုပ်၏ အုပ်မှူး တာဝန်ကိုလည်းကောင်း၊ အမှတ် ၅၀၁ လေတပ်စခန်း၏ တပ်မှူး တာဝန်ကိုလည်းကောင်း ပူးတွဲတာဝန်ယူနေ၏။

ဗိုလ်မှူးတင်မောင်အေးမှာ (ဆီးဖြူရီ)လေယာဉ်ပျံတစ်စီးအနီး တွင် မတ်တပ်ရပ်နေ၏။ သူ့ဘေးတွင် ဗိုလ်မောင်သိန်းလည်း ရပ်နေပါ သည်။ ဗိုလ်မောင်သိန်းလက်ထဲတွင် လေကြောင်းသုံး မြေပုံတစ်ချပ် ကို ကိုင်ထား၏။

သူတို့နှစ်ယောက်မှာ ယနေ့မနက် ၉ နာရီခန့်ကမှ တာချီ လိတ်သို့ (ဆက်စနာ)တစ်စီးဖြင့် ထွက်သွားကြ၏။

တာချီလိတ်လေယာဉ်ကွင်းတွင် ခေတ္တဆင်း၍ တာချီလိတ် မြို့ကို တပ်စွဲထားသော ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူးကိုခေါ်ပြီး တာချီလိတ်မြို့မှ မလှမ်းမကမ်းရှိ ရန်သူ့မြေပြင်စခန်းများကို ဝေဟင်မှ ကင်းထောက် ပျံသန်းခဲ့ကြပြီဖြစ်၏။ ယခု ဘာကြောင့်များ အရေးပေါ် ကျိုင်းတုံပြန်လာခဲ့ကြသည်မသိ။

"ဟေ့ကောင်တွေ လာ. . . လာ၊ မင်းတို့ အခုတက်ရမယ်"

"ဘယ်ကို သွားချမှာလဲ ဗိုလ်မှူး၊ အဆောက်အအုံတွေလား၊ ကတုတ်ကျင်းတွေလား"

ပီတာက ရင်နှီးစွာ သူ့တပ်ရင်းမှူးကို လှမ်းမေးလိုက်၏။

"ဘာတစ်ခုမှ မဟုတ်ဘူး၊ မင်းတို့အခုသွားပစ်ရမှာက

ရန်သူ့ လေယာဉ်ပျံကွ"

"ရန်သူ့လေယာဉ်ပျံ ဟုတ်လား"

ပီတာရော၊ ချစ်ခိုင်ပါ ချက်ချင်းမျက်နှာများ ဝင်း၍သွား၏။ အလွန်အံ့သြသွားကြပုံရ၏။

"ဘယ်မှာ ရပ်ထားတာလဲ"

"ရပ်ထားတာ မဟုတ်ဘူး၊ မင်းတို့ လေထဲမှာ လိုက်ချကြရမှာ၊ ကဲကွာ ရှည်မနေကြနဲ့ဦး၊ ငါ အသေးစိတ်ရှင်းပြမယ်"

(ဆီးဖြူရိ) လေယာဉ်ပျံတစ်စီး၏ အတောင်ပံအောက်တွင် စုထိုင်လိုက်ကြ၏။ ဗိုလ်မှူးတင်မောင်အေးက ဗိုလ်မောင်သိန်းလက်ထဲမှ မြေပုံကိုလှမ်းယူပြီး မြေကြီးပေါ် ခင်းချလိုက်၏။

"ငါတို့ စောစောက (ဝမ်ပန်ဆန်း)ပေါ် ရောက်တယ်၊ (ဝမ်ပန်ဆန်း)ဆိုတာ မင်းတို့သိတယ် မဟုတ်လား"

"သိပါတယ်"

ဝမ်ပန်ဆန်းဆိုသည်မှာ တာချီလိတ်မြို့၏ အနောက်တောင်ဘက် မလှမ်းမကမ်းတွင်ရှိ၏။

တရုတ်ဖြူတို့ အခြေခံတပ်စွဲထားသော စခန်းတစ်ခုဖြစ်၏။

ထိုင်း-မြန်မာ နယ်စပ်နှင့်လည်း မဝေးပါ။

လေယာဉ်ပျံနှင့် နှစ်မိနစ်ခန့်မောင်းလျှင် ရောက်နိုင်မည့်ခရီးတွင် တည်ရှိ၏။

"အဲဒီစခန်းပေါ် ရောက်တော့ တို့နဲ့အတူပါလာတဲ့ တာချီလိတ်တပ်က တပ်ရင်းမှူးကို ရန်သူစခန်းအနေအထား မှတ်မိအောင်လို့ အနိမ့်ပျံပြီး ဝဲပတ်ပြတယ်၊ ရန်သူက တို့လေယာဉ်ပျံလို့ သူတို့လေယာဉ်ပျံလို့ ထင်နေကြတယ် မှတ်တယ်၊ ငါတို့ကို (ဒီဇက်) ခင်း

ပြတယ်ကွ"

ဒီဇက်ဆိုသည်မှာ အင်္ဂလိပ်ဘာသာဖြင့် (Dropping Zone) ရိက္ခာချကွင်းကို အတိုကောက်ခေါ်ဝေါ်ခြင်း ဖြစ်၏။ လေကြောင်း ရိက္ခာချခြင်းများ၌ ဝေဟင်မှ လေသူရဲများ မြင်သာအောင် မြေပြင်မှ ခင်းပြရသော အချက်ပြအမှတ်အသားဖြစ်၏။

"ဗိုလ်မှူးတို့ ဘာလုပ်ခဲ့သလဲ"

"ဘာလုပ်ရမှာလဲ၊ ချက်ချင်းပြန်လစ်ခဲ့ကြတာပေါ့ကွ၊ ကြည့်ရတာ ရန်သူဘက်မှာ သူတို့လေယာဉ်ပျံတစ်စီးလာပြီး ရိက္ခာချပေးဖို့ အချိန်းအချက်လုပ်ထားတာ ရှိတယ်ထင်တယ်"

မှန်သည်။

ရန်သူ့လေယာဉ်ပျံများ မြန်မာပိုင် နယ်နိမိတ်အတွင်းသို့ ကျူးကျော်ပျံသန်းနေသည့် သတင်းကို ခြေလျင်တပ်များက လှမ်း သတင်းပို့သဖြင့် မကြာခဏ ကြားနေရ၏။

တလောကမှ ဗိုလ်မောင်သိန်းနှင့် ဗိုလ်ချစ်ခိုင်တို့ ကျိုင်းတုံသို့ (ဆက်စနာ) လေယာဉ်တစ်စီးဖြင့် နန်းဆန်တပ်ဆွယ်မှ ခေတ္တ ရောက် လာကြစဉ် မဲခေါင်စစ်ဆင်ရေးမှူး ဗိုလ်မှူးကြီးထွန်းစိန်နှင့် တွေ့စဉ်က လည်း "ငါတို့ ပိုင်နက်ထဲကို တရုတ်ဖြူ လေယာဉ်ပျံတွေ မကြာမကြာ ဝင်နေကြတယ်လို့ ငါကြားတယ်၊ မင်းတို့သွားရင်းလာရင်း လမ်းမှာ တွေ့ကြရင် တစ်စီးစီးလောက်ရအောင် ပစ်ချလိုက်ကြစမ်းကွာ" ဟု ပြောသည်ကို သတိရမိလေ၏။

"သေချာတယ်ကွာ၊ ငါ့စိတ်ထဲမှာတော့ ဒီနေ့မိုးမချုပ်ခင် ရန်သူ့ လေယာဉ်တစ်စီးစီးတော့ ဝင်လာပြီး (ဝမ်ပန်ဆန်း)ပေါ် ရိက္ခာချမှာ သေချာတယ်၊ မင်းတို့ သုံးယောက် လေယာဉ်ပျံသုံးစီးနဲ့

တက်သွားကြ၊ (ဝမ်ပန်ဆန်း)အနားမှာ ဝဲပြီးစောင့်နေ၊ ရန်သူ့ လေယာဉ် ပျံဝင်လာရင် တကယ်လို့ 'ဒါကိုတာ'လို သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံဆိုရင် နှစ်စီးဝိုင်းညှပ်ပျံပြီး ခြောက်ပြီး ဖမ်းလာခဲ့ကွာ၊ ကိုယ့်ကို ရန်ပြုနိုင်တဲ့ ဗုံးကြဲလေယာဉ်ပျံတို့၊ တိုက်လေယာဉ်ပျံတို့ ဖြစ်နေရင်တော့ ဖမ်းဖို့ မကြိုးစားနဲ့တော့၊ ပစ်သာချခဲ့ကြ"

"မတွေ့ဘူး၊ ရန်သူ့လေယာဉ် မလာဘူးဆိုရင်ကော"

"မလာဘူး၊ မတွေ့ဘူးဆိုရင်လည်း ပြန်လာခဲ့ကြရုံပေါ့ကွ၊ မင်းက ဘာလုပ်ချင်သေးလို့လဲ"

"ဘာမှ မလုပ်ချင်ပါဘူး၊ ကျွန်တော်က ရန်သူ့လေယာဉ်ပျံ မလာရင်လည်း အောက်က ရန်သူ့စခန်းကိုပဲ ဝင်ပစ်ပေးခဲ့ရမလား လို့"

"မပစ်နဲ့၊ ဒီနေ့ မင်းတို့ တာဝန်က ရန်သူ့လေယာဉ်ပျံကို စောင့်ပြီး ပစ်ချဖို့တာဝန်၊ မြေပြင်စခန်းတွေ တိုက်ဖို့တာဝန်မဟုတ် ဘူး၊ မောင်သိန်းက ခေါင်းဆောင် တာဝန်ယူ၊ ချစ်ခိုင်နဲ့ ပီတာက နံပါတ် ၂ နဲ့ ၃ အဖြစ် လိုက်ကြပေါ့၊ ကဲ တက်ဖို့ပြင်ကြ၊ ကံကောင်း ပြီး ငါ မျှော်မှန်းနေတဲ့ ရန်သူ့လေယာဉ်ပျံနဲ့ မင်းတို့ဆိုက်ဆိုက်မြိုက် မြိုက် တိုးကြပါစေကွာ"

❑ ❑ ❑

ဗိုလ်မောင်သိန်းက (ဆီးဖြူရီ) တိုက်လေယာဉ်ပျံ အမှတ် ယူဘီ ၄၇၁ ပေါ်သို့ တက်လိုက်၏။ ဒုဗိုလ်ပီတာနှင့် ဗိုလ်ချစ်ခိုင်က ယူဘီ ၄၆၆ နှင့် ယူဘီ ၄၆၅ ရှိရာသို့ လျှောက်သွားကြ၏။

"ကိုချစ်ခိုင်"

"ဘာလဲ"

"ခင်ဗျား ဒီနေ့ နံပါတ် ၃ လုပ်ဗျာ၊ ကျွန်တော် နံပါတ် ၂ လုပ်ချင်တယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်က ညာဘက်က လိုက်ချင်လို့ဗျာ၊ ဘယ်ဘက်က အမြဲလိုက်နေရပြီး ဇက် ညာဘက် အမြဲလှည့်ပြီး မောင်းနေရတာ ညောင်းလွန်းလို့ဗျာ"

"လိုက်ချင်လိုက်လေ၊ မင်းသဘောပဲ"

မှန်သည်။

အမှန်တော့ တိုက်လေယာဉ်ပျံများ အုပ်ဖွဲ့ ပျံသန်း ကြရာတွင် လေသူရဲများ၏ ဝါရင့်မှုကို လိုက်ပြီး နံပါတ်စဉ် အကြီး အသေး နေရာကိုယူပြီး ပျံသန်းကြ၏။

ဝါအရင့်ဆုံးမှာ နံပါတ် အငယ်ဆုံး ဖြစ်၏။

ယခု ဗိုလ်မောင်သိန်းမှာ သူတို့သုံးယောက်ထဲတွင် ဝါ အရင့်ဆုံး။ ဒါကြောင့် နံပါတ် တစ်၊ ခေါင်းဆောင်လေယာဉ်ပျံ၊ ဗိုလ် ချစ်ခိုင်မှာ ဒုဗိုလ်ပီတာထက် ဝါရင့်၏။ ထို့ကြောင့် နံပါတ်နှစ် ဖြစ် ရမည်။

နံပါတ်နှစ်မှာ မြားပုံအုပ်ဖွဲ့ ပျံသန်းရာ၌ ခေါင်းဆောင် လေယာဉ်၏ ညာဘက်နေရာကို ယူရ၏။

နံပါတ်သုံးမှာ ခေါင်းဆောင် လေယာဉ်ပျံ၏ ဘယ်ဘက်၌ နေရာယူရ၏။ ညာဘက်၌ နေရာယူပြီး ပျံသန်းရသည်မှာ လေသူရဲများအတွက် ပို၍ လွယ်ပါသည်။ ပို၍ အားရပါသည်။

သို့သော် သိပ်ထူးလှသည်တော့လည်း မဟုတ်ပါ။

လေယာဉ်ပျံများ စက်နှိုးလိုက်လေပြီ။

ဆီးဖြူရှိလေယာဉ်ပျံများ စက်နှိုးရသည်မှာ ယမ်းအားဖြင့် ဖြစ်၏။ သို့သော် စက်နှိုးသည့် ခလုတ်ကို နှိပ်၍ ယမ်းအား ပေါက်ကွဲသံမှာ မြန်မာ့တပ်မတော် လေယာဉ်ပျံမောင်းသင်ကျောင်းများ၌ သုံးသည့် ပရိုဗို့စ်လေယာဉ်ပျံများမှ စက်နှိုးသံကဲ့သို့ ဒိုင်းခနဲ မမြည်။ 'ဖွန်း' ဟုသာ မြည်၏။

"ရဲခေါင်နှစ်၊ ရဲခေါင်သုံး ရဲခေါင် ခေါင်းဆောင်ခေါ်နေတယ်၊ အသံ ဘယ်လောက်ကြားလဲ၊ အကြောင်းပြန်ပါ၊ ဒါပဲ"

"ရဲခေါင် ခေါင်းဆောင် ရဲခေါင်နှစ် ပြန်ထူးနေတယ်၊ အသံ ငါးငါး ဒါပဲ"

ရေဒီယိုဆက်သွယ်ရေးစက်များ ကောင်း မကောင်းကို ဗိုလ်မောင်သိန်းက စမ်းသပ်စစ်ဆေးလိုက်၏။

မက်နီတိုများ ကောင်းစွာ အလုပ် လုပ်၊ မလုပ် တစ်ခုချင်း အပိတ်အဖွင့် လုပ်ကြည့်လိုက်၏။

ချို့ယွင်းမှုမတွေ့။

အထိန်းမောင်းတံကို အနောက်သို့ အဆုံးဆွဲ၍ စက်အထိန်း ခလုတ်ကို အနည်းငယ်မြှင့်တင်ပြီး လျှပ်စစ်ဓာတ်အားပေး စက်ငယ် ကောင်း၊ မကောင်း စစ်လိုက်၏။

မီးနီလေး ပျောက်သွား၏။

အပြစ်မတွေ့။

"ကျိုင်းတုံမျှော်စင်၊ ရဲခေါင်တိုက်လေယာဉ် အုပ်ပြေးလမ်းထိပ် သွားခွင့်ပြုပါ၊ ဒါပဲ"

"ရဲခေါင် လေယာဉ်အုပ်သွားပါ၊ ပြေးလမ်းရှင်း၊ မြေပြင်လေ

ငြိမ်၊ ခင်ဗျားကြိုက်တဲ့ပြေးလမ်း၊ ဦးတည်ရပ်ကို သုံးပြီး တက်နိုင်တယ်၊ ဒါပဲ"

တိုက်လေယာဉ်ပျံ သုံးစီးလုံး ပြေးလမ်းထိပ်သို့ ဘီးလှိမ့်ထွက်သွားကြ၏။

ပြေးလမ်းပေါ် ရောက်သည်နှင့် ဗိုလ်မောင်သိန်း ရှေ့ဆုံးမှ နေရာယူလိုက်၏။

ကျိုင်းတုံပြေးလမ်းမှာ အလွန်ကျဉ်းပါသည်။

လေယာဉ်ပျံ သုံးစီးလုံးတစ်ပြိုင်တည်း အုပ်စုလိုက်တက်၍ မရပါ။

တစ်စီး ချင်းသာ တက်နိုင်၏။

ထို့ကြောင့် ဗိုလ်မောင်သိန်း နောက်တွင် နံပါတ်နှစ် ဖြစ်သော ဗိုလ်ပီတာနေရာယူလိုက်၏။ သူ့နောက်တွင် ဗိုလ်ချစ်ခိုင် လေယာဉ်ပျံ ရပ်လိုက်၏။

စက္ကန့်ပိုင်းအတွင်း ဗိုလ်မောင်သိန်းလေယာဉ်ပျံ လေထဲ ထိုးတတ်လာခဲ့၏။

သူ့နောက်မှ ဒုဗိုလ်ပီတာနှင့် ဗိုလ်ချစ်ခိုင်တို့ ထပ်ကြပ်မကွာ လိုက်လာ၏။ မိနစ်ဝက်အတွင်းမှာပင် မြားဦးပုံအုပ်ဖွဲ့ နေရာယူပြီး ကြလေပြီ။

တာချီလိတ်မြို့မှာ ကျိုင်းတုံမြို့၏ တောင်ဘက်တွင် တည်ရှိ၏။

သို့သော် ဗိုလ်မောင်သိန်းမှာ ရှေးဦးစွာ သူ့လေယာဉ်အုပ်ကို တောင်အရပ်သို့ ဦးမတည်သေးဘဲ ကျိုင်းတုံမြို့ပေါ်သို့ ပေတစ်ထောင် အမြင့်ခန့်မှဝဲ၍ မောင်းလိုက်သေး၏။

လေယာဉ်ပျံများ အုပ်စုဖွဲ့ပျံသန်း သည်မှာ မြေပြင်မှကြည့်၍ အလွန်ကောင်းပါသည်။

အထူးသဖြင့် ဆီးဖြူရီ တိုက်လေယာဉ်များမှာ လေယာဉ်ဦး ပန်ကာဒလက်များ ဆို သော နေရာအလုံးကြီးတွင် ရဲရဲတောက် အနီရောင်ကို ဆိုးထားသဖြင့် မြေပြင်မှ ကြည့်ရသည်မှာ အလွန်လှ၏။

ကျိုင်းတုံမြို့သားများမှာ သူတို့ခေါင်းပေါ်မှ လေယာဉ်ပျံသုံးစီး ကို မော့ကြည့်နေကြ၏။

အချို့က လက်လှမ်းပြနေကြ၏။

အချိန်မှာ ညနေ သုံးနာရီ ဆယ့်ငါးမိနစ်တိတိ။

ကျိုင်းတုံမြို့ ပတ်ဝန်းကျင် ရာသီဥတုမှာ သာယာလှ၏။

တိမ်လုံးဝမရှိ။

သို့သော် တောင်ယာများ ရိတ်သိမ်းပြီးစအချိန် တောင်ယာ မှ ယာအကြွင်းအကျန်များ မီးရှို့ပြီးစအချိန်ဖြစ်၏။ လေထုပတ်ဝန်း ကျင်မှာ မီးခိုးရိပ်များနှင့် ပြည့်နေ၏။

အင်္ဂလိပ်ဘာသာဖြင့် ဤရာသီဥတုမျိုးကို Hazy Weather ဟု ခေါ်၏။

နေရောင်တောက်နေသော်လည်း လေထဲ၌ မြင်ကွင်းမကောင်း လှပါ။

တောင်အရပ်သို့ ဦးတည်လိုက်လေပြီ။

လွယ်မွေတောင်ကြီးမှာ ဗိုလ်မောင်သိန်းတို့ လေယာဉ်အုပ်ရှေ့ တွင် မားမားကြီး ရပ်တည်လျက် ရှိ၏။

အမြင့်ပေ ခုနစ်ထောင် ရောက်လေပြီ။

ဗိုလ်မောင်သိန်းသည် သူ့လေယာဉ်ပျံ၏ စက်အားကို

ပြန်လျှော့ ချလိုက်၏။ လေယာဉ်ပျံ၏ ပန်ကာလည်နှုန်းကိုလည်း ပြင်လိုက်၏။ တာချီလိတ်မြို့သို့ ရောက်သည်အထိ ထိုအမြင့်မှပင် သူဆက်သွားရန် ဆုံးဖြတ်လိုက်ဟန်ရှိ၏။

တာချီလိတ်မြို့ပေါ် ရောက်လေပြီ။

ဝမ်ပန်းဆန်းရွာရှိရာသို့ ဦးတည်လိုက်၏။

ပျံသန်းချိန်မှာ ဘာမှ မပြောပလောက်ပါ။ ကျိုင်းတုံမှ ထွက်လာပြီး ရန်သူ့စခန်းပေါ် ရောက်သည်အထိ ဆယ့်ငါးမိနစ်သာ ကြာ၏။

မှန်၏။

ဆီးဖြူရီမှာ ရိုးရိုးစက်တပ် တိုက်လေယာဉ်ပျံများတွင် အလွန်မြန်သော လေယာဉ်ပျံဖြစ်၏။ သာမန်ခရီးဝေးပျံနှုန်းပင် ရေမိုင် ၂၁၀ နှုန်းရှိ၏။

အချိန်မှာ ညနေ ၃ နာရီခွဲတိတိ။

ဗိုလ်မောင်သိန်းမှာ သူ့လေယာဉ်အုပ်ကို ဝမ်ပန်ဆန်ရှိ ရန်သူ့စခန်းကို ငါးမိုင်အဝေးခန့်မှပတ်ပြီး ရွာ၏အနောက်ဘက်သို့ မောင်းသွား၏။ သူ့၏ ရည်ရွယ်ချက်မှာ ရန်သူ့လေယာဉ်ပျံဝင်လာက ရန်သူ့ လေသူရဲ၏ မြင်ကွင်းမှ သူ့လေယာဉ်အုပ်ကို ဖုံးကွယ်ရန် ကြိုးစားခြင်းဖြစ်၏။

လေကြောင်းတိုက်ပွဲများ၌ ရန်သူလေသူရဲများ၏ မြင်ကွင်းမှ တစ်ခုတည်းသော ဖုံးကွယ်နိုင်သည့်နည်းမှာ နေဝန်းကြီးကို နောက်ခံထားပြီး နေရာယူပျံသန်းခြင်းဖြစ်၏။

အချိန်မှာ ညနေ သုံးနာရီခွဲ အချိန်ဖြစ်၍ နေဝန်းကြီးမှာ အနောက်ဘက်တွင် ရပ်တည်နေသည်။

ရန်သူ့လေယာဉ်ပျံမှာ (ဝမ်ပန်ဆန်း)ရွာသို့လာလျှင် တစ်ဖက်နိုင်ငံမှ ပျံသန်းလာရမည်ဖြစ်၍ အရှေ့ဘက်မှ ဝင်လာရမည်။ ရွာအနောက်ဘက်၌ မိမိလေယာဉ်ပျံများ ဝဲနေလျှင် ရန်သူအနေနှင့် အနောက်ဘက် မိုးကောင်းကင်တွင် ပေါ်နေသော တောက်ပသည့် နေဝန်းကြီးကြောင့် မျက်စိစူးပြီး ဘာမျှမြင်ရမည်မဟုတ်။ မိမိကို မမြင်လျှင် ရန်သူကို အငိုက်ဖမ်းနိုင်မည်မှာ ဧကန်မလွဲ။

အငိုက်ဖမ်းနိုင်လျှင် အောင်ပွဲရရန် ပထမအဆင့် သေချာပြီမဟုတ်လား။

"ရဲခေါင်နှစ်၊ ရဲခေါင်သုံး ခေါင်းဆောင် ခေါ်နေတယ်၊ ကြားလား၊ အကြောင်းပြန်ပါ၊ ဒါပဲ"

"ရဲခေါင်နှစ် ကြားတယ်၊ ဆက်ပြောပါ"

"ရဲခေါင်းသုံး ကြားတယ်၊ ဆက်ပြောပါ"

"ကျွန်တော်တို့ ဒီမှာပဲ ဝဲနေကြမယ်ဗျို့၊ ခင်ဗျားတို့ ချဲပြီးလိုက်ဗျာ၊ ကပ်ပျံမနေကြနဲ့တော့၊ သိပ်ပင်ပန်းမယ်"

မှန်သည်၊ အုပ်ဖွဲ့ပျံသန်းရာတွင် တစ်စီးနှင့်တစ်စီး ပူးကပ်ပြီး ပုံမပျက်၊ ပန်းမပျက် ပျံသန်းရသည်မှာ လေသူရဲများအတွက် အလွန်အာရုံစိုက်ရပြီး ပင်ပန်းလှပါသည်။

ချစ်ခိုင်နှင့် ပီတာ နှစ်ယောက်လုံး သူတို့လေယာဉ်အသီးသီးကို ချက်ချင်းစက်အားလျှော့လိုက်၏။ တစ်စီးနှင့်တစ်စီး တစ်ဖာလုံခန့် ချဲလိုက်၏။ တစ်စီးနှင့်တစ်စီးလည်း ရှေ့နောက်တန်းပြီး နေရာယူလိုက်၏။ နံပါတ်နှစ်ဖြစ်သော ပီတာ့လေယာဉ်ပျံမှာ အလယ်တွင်ရှိပြီး ချစ်ခိုင် လေယာဉ်ပျံမှာ နောက်ဆုံးတွင် ရှိ၏။

ဆယ့်ငါးမိနစ်ခန့် ရှိသွားပြီ။

ညနေ လေးနာရီ ထိုးတော့မည်။

"ကိုသိန်း"

"ဘာလဲ"

ပီတာက လေလှိုင်းမှ မောင်သိန်းကို လှမ်းခေါ်လိုက်ခြင်း ဖြစ်၏။

"ဆယ့်ငါးမိနစ်တောင် ရှိသွားပြီဗျာ၊ ခင်ဗျား လေယာဉ်ပျံက လာပါ့ဦးမလား"

"ငါလည်း ဘယ်ပြောတတ်မလဲကွ၊ နေ့လယ်က (ဒီဇက်)ခင်း ပြတာကတော့ အမှန်ပဲ၊ ငါ့မျက်စိနဲ့ အသေအချာမြင်တာ၊ ဗိုလ်မှူး တင်မောင်အေး ထင်သလိုပဲ၊ ဒီကောင်တွေ ဒီနေ့တော့ လာတော့ လာမှာပဲ၊ အချိန်သာ မပြောနိုင်တာ၊ စောင့်ကြည့်ကြသေးတာပေါ့ကွာ၊ လေးနာရီခွဲအထိ စောင့်ကြည့်ကြဦးမယ်"

ဒုဗိုလ်ပီတာနှင့် ဗိုလ်ချစ်ခိုင်၏ ရင်ထဲတွင်မူ ထိုနေ့က မျှော် လင့်ချက် မထားလှကြပါ။ မြေပြင်မှ ရန်သူတပ်ဖွဲ့များအနေဖြင့် နေ့ လယ်က မိမိတို့ဘက်မှ ကင်းထောက် (ဆက်စနာ) လေယာဉ်ပျံ လာဝဲသည်ကို မြင်တွေ့ပြီးသည်နှင့် မိမိတို့ဘက်မှ တိုက်လေယာဉ် များ တစ်ကြိမ်လာနိုင်သေးသည်ကို တွေးမိပြီး သူတို့သက်ဆိုင်ရာ စခန်းများသို့ ယနေ့ လေယာဉ်ပျံ အမှန်လာစရာရှိဦး၊ မလာရန် အကြောင်းကြားပြီးလောက်ပေပြီ။

သူတို့ ယခုလာစောင့်နေကြခြင်းသည် အချိန်လာဖြုန်းနေသည် ဟုသာ ထင်နေမိကြ၏။

အကျိုးများလှမည်ဟု မထင်ကြ။

အချိန်မှာ ညနေ လေးနာရီ ငါးမိနစ်။

"ကိုသိန်းရေ ဟိုမှာ လာနေပြီဗျို့"

ပီတာက ရေဒီယိုလှိုင်းမှ လှမ်းအော်လိုက်၏။

"ဟုတ်တယ်ဟေ့၊ စက်ခေါင်းလေးလုံးတပ် လေယာဉ်ပျံကြီး ကွ"

မောင်သိန်းက ပြန်အော်လိုက်ပြန်သည်။ သူတို့အားလုံး အူမြူးသွားကြသည်။ မျှော်နေသောသားကောင် ရောက်ခဲ့လေပြီ။

မှန်သည်။

စက်ခေါင်းလေးလုံးတပ် လေယာဉ်ပျံကြီးမှာ အရှေ့မှ အနောက်သို့ ဦးတည်ပြီး ဝမ်ပန်ဆန်းရွာရှိရာသို့ လာနေသည်။ အရောင်မှာ အစိမ်းပုပ်ရောင် ဖြစ်၏။

"ဘာ လေယာဉ်ပျံလဲဗျ"

ချစ်ခိုင်က မောင်သိန်းကို လှမ်းမေးလိုက်၏။

"မသိဘူး ပီတာ၊ မင်းရော သိလား"

"မသိဘူး"

ပီတာမှာ လေသူရဲ မဖြစ်လာမီဘဝက လေတပ်ရဲညွှန့် ပညာသင်အဖြစ် အင်္ဂလန်နိုင်ငံသို့ ပညာသင်သွားဖူး၏။ နိုင်ငံခြား အတွေ့အကြုံရှိသူ ဖြစ်၏။ ထို့ကြောင့် မောင်သိန်းက သူ့ကို အထင်ကြီးပြီး ပြန်မေးလိုက်ခြင်း ဖြစ်၏။

တဖြည်းဖြည်း နီးလာချေပြီ။

ဗိုလ်မောင်သိန်းသည် ရန်သူ့လေယာဉ်ကို ညာဘက်မှ ချဉ်းကပ်တိုက်ခိုက်ရန်အတွက် သူ့လေယာဉ်ပျံကို ဘယ်ဘက်သို့ ကွေ့မောင်းသွား၏။

ဒုဗိုလ်ပီတာနှင့် ဗိုလ်ချစ်ခိုင်တို့က ကိုက်ငါးရာခန့်စီ ခွဲပြီး

အနောက်မှ ရှေ့နောက်တန်းပြီး လိုက်သွားကြ၏။

ဗိုလ်မောင် သိန်းရင်တွင်း၌ ထိုအချိန်ထိ ပစ်ချရမည်လား၊ အရှင်ဖမ်းရမည်လား၊ မဆုံးဖြတ်နိုင်သေးပါ။

ပြဿနာမှာ ယခုထိ ရန်သူ့လေယာဉ်ပျံမှာ သယ်ယူပို့ ဆောင်ရေး လေယာဉ်ပျံလား၊ ဗုံးကြဲလေယာဉ်ပျံလား မခွဲခြားနိုင်သေး။

"ကိုသိန်း ဗုံးကြဲလေယာဉ်ကြီးဗျ၊ ကိုယ်ထည်အလယ်ထိပ်မှာ သေသေချာချာကြည့်၊ စက်သေနတ်နှစ်လက် တပ်ထားတယ်"

ပီတာ၏ အသံဖြစ်၏။

မှန်သည်။

နောင်အခါမှ သူတို့ အတိအကျသိခွင့်ရသည်မှာ သူတို့ အရှေ့မှ ရန်သူ့လေယာဉ်ပျံကြီးမှာ B 24 Librator Y2 အမျိုးအစား ဗုံးကြဲလေယာဉ်ပျံကြီးဖြစ်၏။

"ဟော့ ဒါဆိုရင် ပစ်ချမယ်၊ ရဲခေါင်နှစ်၊ ရဲခေါင်သုံး တိုက်ပွဲဝင်ရန် အသင့်ပြင်"

"ရဲခေါင်နှစ် အသင့်"

"ရဲခေါင်သုံး အသင့်"

လေယာဉ်စက်ခန်း သေနတ်ချိန်ခွက်ထိန်း ခလုတ်ကို ဖွင့်လိုက်၏။

ရှေ့ချိန်သီး လေးထောင့်မှန်ကလေးပေါ်တွင် ဆန္ဒင်းမကင်းပုံ လေးမြှောင့်တုံးကလေးနှစ်ခု ပေါ်လာ၏။ ထိုနှစ်ခုစလုံးမှာ စက်ဝိုင်းပုံ ပတ်နေပြီး အလယ်တွင် အဝါရောင်အစက်ကလေးကိုလည်း ထင်ရှားစွာ မြင်နေရ၏။

ထိုချိန်သီးအတွင်း၌ ရန်သူ့လေယာဉ်ပျံကို ဝင်အောင်ချိန်ပြီး

မှန်အောင် ပစ်ရပေမည်။

အမှန်တော့ သူတို့သုံးယောက်စလုံးတွင် လေထဲ၌ လေယာဉ်ပျံချင်း တိုက်ခိုက်သော လေကြောင်းတိုက်ပွဲ အတွေ့အကြုံ လုံးဝမရှိပါ။

မိခင်လေတပ်စခန်းတွင် ရှိစဉ်ကလည်း တစ်စင်းနှင့် တစ်စင်း လိုက်ပြီး စမ်းသပ်လေ့ကျင့်ခြင်းမျိုးကိုလည်း တစ်ကြိမ်မှ မလုပ်ဖူးပါ။ အားလုံး တိုက်လေယာဉ်အုပ်ကိုရောက်စက အုပ်မှူးလုပ်သူက ကျောက်သင်ပုန်းကြီးပေါ်တွင် လေယာဉ်ပျံပုံများဆွဲပြီး အနည်းငယ် ဗဟုသုတအဖြစ် ပြောပြဖူး၍ စာတွေ့သာ သင်ဖူး၏။

ထိုစဉ်က သူတို့ အမှတ် ၁ တိုက်လေယာဉ်အုပ်၏ တာဝန်မှာ မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ရန် ရှိသည်မဟုတ်လား။ မြေပြင်ပစ်မှတ်များကို တိုက်ခိုက်မည့်နည်းကိုသာ သိ၏။

ကျွမ်းကျင်၏။

ခက်ပြီ။

တကယ်တော့ လေယာဉ်ပျံအချင်းချင်း တိုက်ခိုက်ရာ၌ သုံးသည့် သေနတ်ချိန်သီးနှင့် မြေပြင်ပစ်မှတ်များကို ပစ်ခတ်ရာတွင် သုံးသည့် ချိန်သီးတို့မှာ ခြားနားမှုရှိသည်။ မြေပြင်ပစ်မှတ်များကို ပစ်ခတ်ရာတွင် ပုံသေချိန်သီး (Fixed Gunsight) ကိုသုံး၍ လေယာဉ်ပျံအချင်းချင်း ပစ်ခတ်ရာ၌မူ ဂျိုင်ရိုချိန်သီး (Gyro Gunsight) ကိုသုံး၏။ ကျွန်ုပ်တို့ ကမ္ဘာမြေကြီးတွင် ဆွဲအား (Gravity) ရှိ၏။

ဤဆွဲအားကြောင့် ကျည်သွားလမ်းကြောင်း ပြောင်းသွားနိုင်သည်ကို ဝေဟင်မှ မြေပြင်သို့ လေယာဉ်ပျံကို ထိုးဆိုက်ဆင်းပြီး ပစ်ခတ်ရာ၌ အထူးထည့်စဉ်းစားစရာမလိုသော်လည်း ဝေဟင်ဝေဟင်ချင်း ပစ်ခတ်ရာ၌မူ ကမ္ဘာ့ဆွဲအားကို ထည့်မစဉ်းစားဘဲ

သေနတ်ချိန်သီးကို အထူးပြုပြင်ပေးမထားဘဲ ပစ်၍မရ။

ပစ်မှတ်ထိမည် မဟုတ်။ ဝေးပါသေးသည်။ ထို့နေ့က သူတို့မောင်းသော ဆီးဖြူရီတိုက်လေယာဉ်များတွင် (ဂျိုင်ရို) ချိန်သီး ပါသည်။

ရန်သူ့လေယာဉ်မှာ ပေးငါးထောင်အမြင့်တွင် ရှိသည်။

ဗိုလ်မောင်သိန်းတို့ ရဲခေါင်တိုက်လေယာဉ်အုပ်က ပေခုနစ် ထောင်တွင် ရှိနေသဖြင့် အမြင့်ပေ နှစ်ထောင်က အပေါ်စီးရနေ၏။

ဗိုလ်မောင်သိန်းသည် သူ့လေယာဉ်ပျံကို ရန်သူ့၏ဘယ်ဘက် စက်ခေါင်းနှစ်လုံးကို ချိန်ပြီး ထိုးစိုက်ဆင်းသွား၏။

စက်သေနတ်ခလုတ်အဖုံးလေးကို မ,ဖွင့်လိုက်၏။ ထိုခလုတ် မှာ ဆီးဖြူရီတိုက်လေယာဉ်များတွင် လေယာဉ်ထိန်းမောင်းတံ အပေါ် ထိပ် လေသူရဲ၏ ညာဘက်လက်မအနီးတွင်ရှိ၏။

ရန်သူ့လေယာဉ်ပျံနှင့် ပေသုံးရာမျှ ကွာတော့သည်။

လေယာဉ်ပျံတစ်စီးလုံးတွင် မည်သည့်အမှတ်အသားတံဆိပ်မှ မတွေ့ရ။

ပေနှစ်ရာမျှ ကွာတော့သည်။

ဗိုလ်မောင်သိန်းသည် သူ့စက်သေနတ်ခလုတ်ကို နှိပ်လိုက်၏။ ကျည်ဆန်များ ရေပိုက်မှ ရေပန်းထွက်လာသလို ရန်သူ့လေယာဉ်ပျံ ရှိရာသို့ အရှိန်အဟုန်ပြင်းစွာနှင့် ပြေးသွားကြသည်။ နေရာအနှံ့တွင် မှန်၏။

ပစ်ခွင့်ရသည့်အချိန် သုံးစက္ကန့်၊ လေးစက္ကန့်ထက် မပိုပါ။

ရှေ့မှ လေယာဉ်ပျံနှင့် တိုက်လုတိုက်ခင် အကွာအဝေးသို့ ရောက်သွားပြီးဖြစ်၍ သူ့လေယာဉ်ပျံကို အပေါ်သို့ပန်းပြီး ဘယ်ဘက်

ကွေ့ ဆွဲတင်သွားရ၏။

ဆီးဖြူရီတိုက်လေယာဉ်များ၌ စက်သေနတ်မှာ ဟစ်ပါနို (Hispano) အမျိုးအစား စက်သေနတ်ဖြစ်၏။ အတောင်ပံတစ်ဖက်တွင် နှစ်လက်စီ တွဲတပ်ထား၏။ ထို့ကြောင့် စုစုပေါင်း လေးလက်ပါ၏။ ကျည်အရွယ်အစားမှာ ၂၀ မီလီမီတာ 20 mm ရှိသဖြင့် ဤသေနတ်ကို စက်သေနတ်ဟု မခေါ်၊ စစ်အမြောက် Cannon ဟု ခေါ်၏။ ကျည်များ အမြောက်ကျည်ကဲ့သို့ပင် ရိုးရိုးဖောက်ထွင်းကျည်များသာမက တစ်ဆင့်ပေါက်ကွဲကျည်များလည်း ပါဝင်၏။ ပစ်ခတ်မှုအားလုံးကို လျှပ်စစ်ဓာတ်အားဖြင့် ထိန်းချုပ်မှု လုပ်၏။ ကျည်သုံးတောင့်တွင် တစ်တောင့် သို့မဟုတ် ကျည်ငါးတောင့်တွင် တစ်တောင့်လောင်ကျည် (Tracer) ပါသဖြင့် ကျည်သွားလမ်းကို လေသူရဲ လှမ်းမြင်ရ၏။

မောင်သိန်း လေယာဉ်ပျံ ကျော်သွားသည်နှင့် ပီတာ့လေယာဉ်ပျံ ရန်သူ့လေယာဉ်ပျံရှိရာသို့ ထိုးစိုက်ဝင်လာရ၏။

စက်သေနတ်လေးလက် ပြောင်းဝများမှာ ချက်ချင်း မီးပွင့်လာ၏။

ပစ်ခတ်မှု စလေပြီ။

ဗိုလ်ပီတာ ပစ်ခတ်မှုမှာလည်း စက္ကန့်ပိုင်းသာ ကြာ၏။ ငါးစက္ကန့်ထက် ပိုမည်ဟု မထင်ပါ။

ထိုအချိန်၌ ထူးခြားသည့် မြင်ကွင်းမှာ မောင်သိန်းလေယာဉ်ပျံ စ,ဝင်ပစ်သည့်အချိန်နှင့် တစ်ပြိုင်တည်းလောက်တွင်ပင် ရန်သူ့လေယာဉ်ပျံမှ ပထမအထုပ်နှစ်ထုပ် ကျသွား၏။

လေထီးပွင့်သွား၏။

သူတို့ မြေပြင်တပ်စခန်းသို့ ချပေးရန် ယူခဲ့သော ရိက္ခာထုပ်၊

လက်နက်ပစ္စည်းထုပ်များ ဖြစ်ဟန်ရှိ၏။

ဗိုလ်မောင်သိန်း လေယာဉ်ပျံကျော်သွားသည့်အချိန်၌မူ ရန်သူနှစ်ယောက် လေထီးဖြင့် ရိက္ခာချသောတံခါးပေါက်မှ ခုန်ထွက်သွားသည်ကို တွေ့၏။

လေထီးပွင့်သွား၏။

အစိမ်းရောင်ထီးများ ဖြစ်၏။

ထိုအချိန်တွင် လေယာဉ်ဗိုက်အောက် မြေပြင်အနေအထားမှာ တောကြီးဖြစ်နေသဖြင့် သူတို့ အသက်ရှင်စရာ လမ်းတော့ မရှိလှပါ။

ချစ်ခိုင်လေယာဉ်ပျံ ထိုးစိုက်ဝင်လာပြန်၏။

"ကိုချစ်ခိုင် ဟိုကောင်တွေ ပြန်ပစ်တယ်နော်၊ သတိထား. . သတိထား"

ပီတာက ချစ်ခိုင်ကို လှမ်းပြောလိုက်ခြင်း ဖြစ်၏။

မှန်သည်။

ချစ်ခိုင်လေယာဉ်ပျံ ရန်သူ့လေယာဉ်ပျံမှ ပေ ၃၀၀ အနီးရောက်သည်နှင့် ရန်သူ့လေယာဉ်ပျံမှ ဆီးကြိုပစ်ခတ်သောကျည်များ သူ့ထံ ပြေးလာသည်ကို တွေ့ရ၏။

ချိန်သားမမှန်။

သူ့လေယာဉ်အမိုးပေါ်မှ အားလုံးကျော်ပြေးသွားနေကြောင်း သတိထားလိုက်မိ၏။

သက်ကွင်းသို့ ရောက်ပြီ။

ချစ်ခိုင်သည် သူ့စက်အမြောက်ခလုတ်ကို လက်နှင့် လှမ်းနှိပ်လိုက်သည်။

ရန်သူ့လေယာဉ်ပျံ၏ စက်ခန်းအောက် ကိုယ်ထည်ပိုင်း ကို ထိထိမိမိမှန်သည်ကို ထင်ထင်ရှားရှား တွေ့ရ၏။

ထိုအချိန်၌ ရန်သူ့လေသူရဲကလည်း သူ့လေယာဉ်ပျံကို တည့်တည့်မတ်မတ် ဆက်မပျံတော့။ တစ်ရှာ့ရှစ်ဆယ် ဒီဂရီနောက်သို့ ဝိုက်ကွေ့ချပြီး တစ်ဖက်နိုင်ငံပိုင် နယ်မြေဘက်သို့ ပြန်လှည့်ပြေးရန် ကြိုးစားသည်။

"ကိုချစ်ခိုင် ခင်ဗျားပစ်တာ မှန်တယ်ဗျ၊ ကျွန်တော် ပစ်တုန်း ကရော မှန်ရဲ့လား"

ပီတာ လှမ်းအော်မေးခြင်း ဖြစ်၏။

"မှန်တယ်၊ မှန်တယ်"

ချစ်ခိုင်သည် ရှေ့မှ လေယာဉ်နှစ်စင်းလုပ်သကဲ့သို့ သူ့ လေယာဉ်ပျံကို ရန်သူ့လေယာဉ်အမိုးနှင့် ကပ်ကျော်ဖြတ်ပျံပြီး နောက် သို့ ထောင်ကွေ့ချလိုက်၏။

ထိုအချိန်၌ မောင်သိန်းလေယာဉ်ပျံမှာ ပီတာ့လေယာဉ်ပျံမှ ကိုင်ငါးရာခန့်အကွာတွင် ထိုးတပ်၍ နေရာယူလိုက်၏။

ပီတာနှင့် မောင်သိန်းလေယာဉ်ပျံမှာလည်း ကိုက်ငါးရာခန့် ပင် ကွာပေမည်။

မောင်သိန်းလေယာဉ်ပျံမှာ ဒုတိယအသုတ် ပစ်ပြီးသွားပြန် ချေပြီ။

ထိုအချိန်၌ ရန်သူ့လေယာဉ်ပျံ၏ ဘယ်ဘက်အပြင် စက် ခေါင်းမှာ မီးစလောင်နေ၏။ နောက် .... ဘယ်ဘက်အတွင်း စက်ခေါင်း မီးစလောင်၏။ နောက် ... ညာအပြင် စက်ခေါင်း မီးစလောင်၏။

"ဟော့ မြန်မြန်ဝင်ပစ်ကြဟော့၊ ဟိုကောင်တွေ တစ်ဖက်နိုင်ငံ နယ်နိမိတ်ထဲ ရောက်တော့မယ်"

ဗိုလ်မောင်သိန်း လှမ်းသတိပေးလိုက်သံ ဖြစ်၏။

မှန်သည်။

ရန်သူ့လေယာဉ်မှာ အရှေ့စူးစူးသို့ ဦးတည်ပြီး တစ်ဖက်နိုင်ငံ နယ်နိမိတ်ထဲရောက်အောင် အရှိန်အဟုန်ပြင်းစွာနှင့် ပြေးနေ၏။ နယ်နိမိတ်မျဉ်းကြောင်းကို ဖြတ်ကျော်ရန် တစ်မိုင်ပင် မဝေးတော့။

ပီတာ လေယာဉ်ပျံ ရန်သူ့ညာဘက်သို့ ထိုးကပ်ချဉ်းကပ်သွားပြန်သည်။

သတ်ကွင်းသို့ ရောက်ပြန်ချေပြီ။

ပီတာ့လေယာဉ်ပျံ စက်အမြောက် လေးလက်မှ ကျည်များ ပန်းထွက်နေသည်ကို အဝေးမှ လှမ်းမြင်နေရ၏။

ထိုအချိန်၌ ရန်သူ့ လေယာဉ်ပျံ၏ နောက်ဆုံးကျန်ရှိနေသော ညာဘက်အတွင်း စက်ခေါင်းမှာလည်း မီးစလောင်လျက်ရှိလေပြီ။

သို့သော် မြေပြင်သို့ ထိုးစိုက်မကျသွားသေးဘဲ စက်ခေါင်းလေး လုံးစလုံးမီးလောင်ပြီး ရှေ့တူရူသို့ ပျံသန်းပြေးနေဆဲဖြစ်၏။

"ဟာ! ကျွန်တော် ထိသွားပြီဗျို့"

ပီတာ့အသံ ဖြစ်၏။

ချစ်ခိုင်သည်ပီတာအသံကို ကြားလိုက်သော်လည်း ပီတာရှိရာသို့ လှမ်းမကြည့်အား။ သူ၏ သတ်ကွင်းသို့ ရောက်လုပြီဖြစ်သော ရန်သူ့လေယာဉ်ပျံသို့သာ စူးစိုက်ကြည့်နေ၏။

ရန်သူ့လေယာဉ်ပျံအတွင်းပိုင်းမှ ပေါက်ကွဲသံအချို့ ဖြစ်ပွားနေ၏။ မှန်များ ပွင့်ထွက်ကွဲထွက်နေကြသည်ကိုလည်း တွေ့နေရ၏။

ချစ်ခိုင်သည် သူ့လေယာဉ်ပျံကို နောက်သို့တစ်ဖန် ပြန်ကွေ့ချလိုက်သည်။

ပါလာသမျှ ကျည်ဆန်များလည်း ကုန်ချေပြီ။

သူ အလွန်အံ့ဩ၏။

ဆီးဖြူရီတိုက်လေယာဉ်တစ်စီး၌ စက်သေနတ်တစ်လက်တွင် ကျည် ၁၂၅ တောင့်။ လေးလက်ရှိသဖြင့် ကျည်ငါးရာအထိပါ၏။ ငါးရာဆိုသောကျည်မှာ နည်းသည်မဟုတ်။ ယခု သူ နှစ်ကြိမ်သာ ပစ်ရသေးသည်။ တစ်ကြိမ်ပစ်မှ သုံးစက္ကန့်၊ လေးစက္ကန့်သာ ကြာသည်ဟု ထင်ရ၏။ ပစ်မှတ်ရသည့်အချိန်အတွင်း ပါသမျှကျည် ကုန်လေပြီ။ အဘယ်မျှမဲပြီး သူ ပစ်ခဲ့ပါလိမ့်။

ထိုအချိန်၌ မောင်သိန်း လေယာဉ်ပျံနှင့် ရန်သူ့လေယာဉ်ပျံမှာ ပေနှစ်ရာမျှ ကွာတော့သည်။

မောင်သိန်းသည် ပေတစ်ရာကွာသည်အထိ ဆက်ချဉ်းကပ်သွား ၏။

ပစ်ခတ်မှု စလေပြီ။

ချစ်ခိုင်သည် အဝေးမှ အံ့ဩစရာမြင်ကွင်း လှမ်းမြင်လိုက်ရပါသည်။

ရန်သူ့လေယာဉ်ပျံမှာ မောင်သိန်း၏ စက်အမြောက်ဒဏ်ကြောင့် အမြီးပိုင်းတစ်ခုလုံး ပြုတ်ကျသွား၏။ ထို့နောက် ရုတ်ချည်း ထိုးစိုက်ပြီး မြေပြင်သို့ ထိုးကျသွားသည်။

အောင်ပြီ. . . ။

ရန်သူ့လေယာဉ်ပျံကိုပစ်ချနိုင်ခဲ့ပြီ။

"ရဲခေါင်နှစ်. . . ရဲခေါင်သုံး. . . ရဲခေါင်ခေါင်းဆောင်ခေါ်နေ

တယ်၊ ကြားရင် အကြောင်းပြန် ဒါပဲ"

မောင်သိန်းလေယာဉ်ပျံမှ လှမ်းခေါ်သံ ဖြစ်၏။

ချစ်ခိုင်သည် မောင်သိန်းအသံကို ကြည်လင်စွာ ကြားရသည်။ သို့သော် ရေဒီယိုအဆက်အသွယ်လုပ်ရာ၌ လေသူရဲများ လိုက်နာရမည့် စည်းကမ်းမှာ နံပါတ်ကြီးစဉ်ငယ်လိုက် တစ်ယောက်ထူးပြီးမှ ကျန်တစ်ယောက် ထူးရမည်။ ထို့ကြောင့် ပီတာ့ထူးသံကို သူစောင့်ပြီး ငြိမ်နေ၏။

"ရဲခေါင်နှစ်၊ ရဲခေါင်သုံး ခေါင်းဆောင်ခေါ်နေတယ်၊ အကြောင်း ပြန်"

မောင်သိန်းက တစ်ကြိမ်ထပ်ခေါ်ပြန်၏။

ပီတာအသံ ပေါ်မလာပြန်။

"ကိုချစ်ခိုင်"

"ဗျာ. . ."

"ကျွန်တော့်အသံ ခင်ဗျားကောင်းကောင်း ကြားလား"

"ကြားတယ်"

"ပီတာ ပြန်မထူးပါလားဗျ၊ သူ့အသံ ခင်ဗျားကြားလား"

"မကြားဘူး"

"ရဲခေါင်နှစ်၊ ရဲခေါင် ခေါင်းဆောင် ခေါ်နေတယ်၊ ကြားရင် အကြောင်းပြန် ဒါပဲ"

ပီတာ့အသံ လေထဲတွင် ပျောက်နေ၏။

"ပီတာ. . . ပီတာ ဟော့ကောင် မင်း ငါ့အသံကြားလား၊ ကြားရင် အကြောင်းပြန်၊ ဒါပဲ"

မောင်သိန်းသည် စိတ်တိုလာဟန် ရှိ၏။ ရေဒီယိုအဆက်

အသွယ်လုပ်မှုကို စနစ်တကျ မလုပ်တော့ဘဲ နာမည်တပ်၍ လှမ်းခေါ်ခြင်းကို လုပ်တော့သည်။

"ကိုသိန်း"

ချစ်ခိုင် လှမ်းခေါ်ခြင်း ဖြစ်၏။

"ဗျာ. ."

"ပီတာ ကျွန်တော် ဒုတိယအကြိမ် ဝင်ပြစ်နေတုန်းက သူထိသွားပြီလို့ လှမ်းအော်တာ ကြားမိတယ်၊ ခင်ဗျား မကြားမိဘူးလား"

"မကြားဘူး၊ ခင်ဗျား ကြားလိုက်တာရော သေချာလား"

"သိပ်သေချာတယ်၊ သေသေချာချာကို ကြားမိတာ"

"ဒါဆိုရင် ဒီကောင် သွားပြီထင်တယ်၊ ခင်ဗျား အခုဘယ်မှာလဲ၊ ဘာဖြစ်သေးလဲ"

"ကျွန်တော် ဝမ်ပန်ဆန်းအနောက်ဘက် ပေးငါးထောင်မှာ ခင်ဗျားကို လှမ်းမြင်နေရတယ်၊ ကျွန်တော့်အမြီးကို ကျည်မှန်ထားတယ်၊ လှမ်းကြည့်လို့လည်း ဘာမှ မမြင်ရဘူးဗျ၊ ဒါပေမယ့် တစ်ခုခုဖြစ်နေသလိုပဲ"

"ကျွန်တော့်ကို မြင်နေရတယ်ဆိုရင် ကျွန်တော့်အနားလာခဲ့"

မောင်သိန်း၏ လေယာဉ်ပျံမှ ဝမ်ပန်ဆန်း၏ တောင်ဘက်တွင် ရှိ၏။ ချစ်ခိုင်သည် မောင်သိန်းလေယာဉ်ပျံရှိရာသို့ စက်အရှိန်မြှင့်ပြီး ပျံသွား၏။ ညာဘက်တောင်ပံ အနီးကပ်၍ နေရာယူလိုက်၏။ ဤနေရာမှာ ပီတာသာရှိသေးလျှင် ပီတာယူရမည့် နေရာဖြစ်၏။

မောင်သိန်းသည် ချစ်ခိုင်လေယာဉ်ပျံ၏ အမြီးပိုင်းကို လှမ်းကြည့်လိုက်၏။ လေယာဉ်အမြီးပိုင်းရှိ နောက်ဘီးအုံတစ်ခုလုံးမှာ

အစအန မကျန်အောင် ပြုတ်ထွက်နေသည်ကို မြင်ရ၏။ အမြီး သုံးပုံတ တစ်ပုံအရှည်၌ အောက်ပိုင်း အမြီးထုတစ်ဝက်မရှိတော့သဖြင့် ထောင်နေသော ပဲ့နှင့် အတက်အဆင်းထိန်းရွက်ရှိသော အမြီး ကိုယ်ထည်ပိုင်းမှာလည်း သူ့ဝန်ကို သူ ဆက်မထိန်းနိုင် ဖြစ်နေဟန် ရှိ၏။ အထက် အောက် ယိမ်းခါလျက် ရှိလေပြီ။

မောင်သိန်း အလွန်စိုးရိမ်သွား၏။

"ကိုချစ်ခိုင် ခင်ဗျား နောက်ဘီးအုံတစ်ခုလုံး ပြုတ်ကျန်နေခဲ့ပြီ ဗျ၊ ခင်ဗျား မောင်းနေရတာ ဘယ်လိုနေလဲ"

"နည်းနည်းတော့ အမြီးပိုင်းက ခါနေသလိုပဲ"

"ဟုတ်တယ် ခင်ဗျားအမြီးပိုင်းကြီးတစ်ခုလုံး အထက်အောက် ခါနေတယ်၊ ခင်ဗျား သိပ်ပြီး ဟိုလှုပ်၊ ဒီလှုပ် မလုပ်နဲ့တော့၊ တတ်နိုင် သလောက် ညင်ညင်သာသာမောင်း၊ စခန်းပြန်တော့"

"ခင်ဗျားကရော"

"ကျွန်တော် ပီတာကို လိုက်ရှာလိုက်ဦးမယ်"

အံ့စရာ ဖြစ်၏။

ထိုနေ့က ဗိုလ်မောင်သိန်းမှာ ရန်သူ့လေယာဉ်ပျံကို သုံးကြိမ် အနီးကပ်ဝင်ပစ်ခဲ့သော်လည်း ရန်သူ့လေယာဉ်ပျံမှ လှမ်းပစ်သော ကျည်များမှာ သူ့ကို တစ်ချက်မျှ လာမမှန်။ ထူးခြားစွာ ကံကောင်းခဲ့ သူ ဖြစ်၏။

"ဟာ- ဘယ်ဖြစ်မှာလဲဗျ၊ ကျွန်တော် ကျိုင်းတုံမရောက်ခင် အမြီးပိုင်းပြတ်ပြီး ဟိုတရုတ်လေယာဉ်ပျံလို ထိုးကျသွားရင် ကျွန်တော် ကျတဲ့နေရာကို ဘယ်သူစခန်းကို အကြောင်းကြားပေးမှာလဲ၊ ခင်ဗျား လိုက်ခဲ့ပါဦးဗျ၊ ပီတာက ခုပျောက်နေပြီပဲ၊ ကျွန်တော့်ကိုကျိုင်းတုံရောက်

အောင် လိုက်ပို့ပြီးမှ ခင်ဗျားတစ်ခေါက် လာပြန်ရှာချင်လည်း ရှာပေါ့"

မှန်သည်။

မောင်သိန်းလုပ်သင့်သည်မှာ ချစ်ခိုင်အကြံပေးသည့်အတိုင်း ဖြစ်၏။ မောင်သိန်းသည် စိတ်ထဲတွင် အနည်းငယ် ပျာနေဟန် ရှိ၏။ ပီတာမှာ လုံးဝပျောက်နေသူ ဖြစ်၏။ သူ့ကို ယခုချက်ချင်း အပူတပြင်း ကြိုးစားရှာနေ၍ ဘာမှ အကျိုးထူးစရာမမြင်။

"ဟုတ်ပြီလေ၊ ကျွန်တော် လိုက်ခဲ့မယ်၊ ခင်ဗျား ရှေ့ကသွား"

ချစ်ခိုင်သည် သူ့လေယာဉ်ပျံကို ကျိုင်းတုံမြို့ရှိရာ မြောက်အရပ်သို့ ဦးတည်လိုက်၏။

အချိန်မှာ ၄ နာရီ ၁၅ မိနစ်။

တိုက်ပွဲဖြစ်ခဲ့ကြသည့်အချိန်မှာ ပြန်တွက်ကြည့်လျှင် ငါးမိနစ်ပိုကြာခဲ့မည် မထင်ပါ။

ပေးငါးထောင်အမြင့်မှာပင် ဆက်ပျံခဲ့ကြ၏။

ဆယ်မိနစ်ခန့် ရှိသွားလေပြီ။

သူတို့ဘယ်ဘက် မလှမ်းမကမ်းတွင် လွယ်မွေတောင်ကြီးမှာ တောင်ထိပ်ကို တိမ်ဖုံးလျက် ရှိ၏။

"ကျိုင်းတုံမျှော်စင် ရဲခေါင်လေယာဉ်အုပ် ခေါင်းဆောင်ခေါ်နေတယ်၊ အသံကြား အကြောင်းပြန် ဒါပဲ"

"ရဲခေါင် ခေါင်းဆောင် မင်းအသံ ငါကြားတယ်၊ ဘယ်နှယ့်လဲဟေ့ သားကောင်တွေ့လား"

မျှော်စင်ထိန်းအရာရှိ၏ အသံမဟုတ်။ အမှတ်(၁) တိုက်လေယာဉ်မှူး ဗိုလ်မှူးတင်မောင်အေးအသံ ဖြစ်၏။

"ဟုတ်ကဲ့ တွေ့တယ်၊ ပစ်ချခဲ့ပြီ၊ နံပါတ်နှစ် ပျောက်နေတယ်၊

နံပါတ်သုံး အမြီးပိုင်း ကျည်မှန်ထားတယ်၊ အရေးပေါ် ကွင်းဆင်းမယ်"

ဗိုလ်မှူးတင်မောင်အေးသည် "ဟုတ်ကဲ့၊ တွေ့တယ်၊ ပစ်ချခဲ့ပြီ" ဟူသော စကားအထိသာ ကြား၏။

နောက်ပိုင်း စကားများကို သူ မကြားတော့။

ဝမ်းသာလွန်ပြီး ပစ်ချခဲ့ပြီဆိုသော စကားကြားသည်နှင့် ထခုန်လိုက်တော့၏။

ချက်ချင်း မျှော်စင်အနီးရှိ လေတပ်ဆွယ်မှ စက်ပြင်ရဲဘော်များထံ ထိုသတင်းရောက်သွားပြီး ထကသူက၊ ကျွမ်းထိုး သူက ထိုး၊ အော်သူအော်နှင့် ဆူညံနေကြ၏။

ထိုအချိန်၌ မျှော်စင်အတွင်း ဗိုလ်မှူးတင်မောင်အေးဘေး၌ ရပ်နေသူမှာ အမှတ် (၂) သယ်ယူပို့ဆောင်ရေးအုပ်မှ လေသူရဲ ဗိုလ်ကြီး ခင်မောင်မြင့် ဖြစ်၏။ ဗိုလ်ကြီးခင်မောင်မြင့်ကမူ ဗိုလ်မှူး တင်မောင်အေး မကြားလိုက်သော 'နံပါတ်နှစ် ပျောက်နေတယ်၊ နံပါတ်သုံး အမြီးပိုင်း ကျည်မှန်ထားတယ်၊ အရေးပေါ် ကွင်းဆင်းမယ်' ဟူသော မောင်သိန်းစကားများကို သဲ့သဲ့ကြားလိုက်၏။

"ဗိုလ်မှူး နေပါဦး၊ နေပါဦး မောင်သိန်းပြောတဲ့ စကားထဲမှာ နံပါတ်နှစ် ပျောက်နေတယ်၊ နံပါတ်သုံး ကျည်မှန်ထားတယ်လို့ ပြောနေတယ်၊ ပြန်မေးကြည့်ပါဦး"

ဗိုလ်ကြီး ခင်မောင်မြင့်စကားကြောင့် အလွန်ဝမ်းသာသွားပြီး သွားဖြဲနေသော ဗိုလ်မှူးတင်မောင်အေး မျက်နှာမှာ ချက်ချင်းပြောင်းသွား၏။ စကားပြောခွက်ကို လှမ်းကိုင်လိုက်၏။

"ရဲခေါင် ခေါင်းဆောင် ကျိုင်းတုံမျှော်စင်"

"ဆက်ပြောပါ"

"မောင်သိန်း နံပါတ်နှစ် ပျောက်နေတယ်၊ နံပါတ်သုံး ကျည်မှန်ထားတယ်ဆိုတာ ဟုတ်လား"

"ဟုတ်ကဲ့"

ထိုသတင်းမှာလည်း မျှော်စင်ပတ်ဝန်းကျင်သို့ ချက်ချင်း ပြန့်သွားသည်။

"နံပါတ်နှစ် ဘယ်သူလဲ"

ထိုမေးခွန်းမှာ လူတိုင်းရင်ထဲတွင် ချက်ချင်းပေါ်လာသော မေးခွန်းဖြစ်၏။

အထူးတွေးနေစရာ မလိုပါ။

လေယာဉ်အုပ်စုဖွဲ့ ပျံသန်းရာ၌ နံပါတ်စဉ်မှာ လေသူရဲများ ၏ ဝါရင့်ကျက်မှုအနည်းအများကိုလိုက်ပြီး ပေးသည်မဟုတ်လား။

ချစ်ခိုင်က ဗိုလ်။

ပီတာက ဒုဗိုလ်။

ချစ်ခိုင် ပိုဝါရင့်သည်။

နံပါတ်နှစ်သည် ချစ်ခိုင်သာ ဖြစ်ရမည်။

"တောက်. . . ငါဖက်တီးမကို ဘယ်လိုပြန်ပြောရတော့မလဲ"

မျှော်စင်ထောင့်တစ်နေရာမှ ဗိုလ်ချစ်ခိုင်နှင့် အလွန်ရင်းနှီး သော ဒုဗိုလ်စံမြင့်က ညည်းလိုက်၏။ ဖက်တီးမမှာ ဗိုလ်ချစ်ခိုင်၏ ဇနီးအမာကို သူငယ်ချင်းလေသူရဲများက နောင်ပြောင်၍ ပေးထားသော နာမည်ဖြစ်၏။

ချစ်ခိုင်သည် အရေးပေါ်ကွင်းဆင်းရန် ပြင်ဆင်မှုများကို စလုပ်၏။

သူ့ထိုင်ခုံကို အောက်သို့ အဆုံးနှိမ့်ချလိုက်၏။ ပေါင်းမိုဖြုတ်

သည့်ခလုတ်ကို နှိပ်လိုက်၏။

အမိုးတစ်ခုလုံး ချက်ချင်းလွင့်စင်ထွက်သွားပါသည်။

ရှေ့မှ ပြင်းထန်သောလေများ တိုးဝင်လာ၏။

သို့သော် ထိုင်ခုံနှိမ့်ထားပြီးဖြစ်၍ သူ့မျက်နှာကို လေမတိုး။ သူ့လေယာဉ်မောင်းမှုကို အနှောင့်အယှက်မဖြစ်။

"ကျိုင်းတုံမျှော်စင် ရဲခေါင် ခေါင်းဆောင်"

"ဗိုလ်မှူး ကျွန်တော်တို့ ဆယ်မိုင်အတွင်း ရောက်လာပြီ၊ ကွင်းဆင်းခွင့်ပြုပါ၊ ဒါပဲ"

"ဟေ့ မင်းတို့ ဘယ်လိုဆင်းမှာလဲ"

"ဗိုက်နဲ့ ရှပ်ဆင်းမယ်"

"ဗိုက်နဲ့ ဆင်းရင် ပြေးလမ်း ပိတ်သွားမယ်ကွ၊ နောက်ဘီးပဲ ပြုတ်သွားတာပဲ၊ ရှေ့ဘီးနှစ်ခု ချပြီးပဲ ဆင်းပါ"

"မဖြစ်ဘူး ဗိုလ်မှူး၊ သူ့လေယာဉ်ပျံ အနောက်အမြီးပိုင်း တစ်ခုလုံး ခါနေတာ၊ ပြုတ်သွားနိုင်တဲ့အန္တရာယ်ရှိတယ်၊ သေချာတဲ့ ဗိုက်နဲ့ ရှပ်ဆင်းတဲ့နည်းပဲ ဆင်းမယ်"

"တကယ်လို့ ပြေးလမ်းပေါ်ပိတ်နေရင် မောင်သိန်း ဘယ်လို လိုက်ဆင်းမလဲ"

"ကျွန်တော် နန့်ဆန်ကွင်း သွားဆင်းမယ်"

မောင်သိန်းက ဝင်ပြောလိုက်ခြင်းဖြစ်၏။

"ကောင်းပြီလေ၊ မင်းတို့သဘောပဲ၊ ဖြစ်နိုင်ရင်တော့ ပြေး လမ်းဘေး ကပ်ဆင်းခဲ့ကွာ၊ စစ်ဆင်ရေးအတွင်းဆိုတော့ ပြေးလမ်း ပိတ်ထားလို့ မဖြစ်ဘူး၊ အရေးဆို ခက်မယ်"

ပြေးလမ်းထိပ်မှ တစ်မိုင်ခန့်သာ လိုတော့မည်။

ချစ်ခိုင်သည် ကွင်းဆင်းမည့် နောက်ဆုံးပြင်ဆင်မှုများကို အသေးစိတ် ဂရုစိုက်လုပ်၏။

ဓာတ်ဆီအခြေပြ ဒိုင်ခွက်ကို လှမ်းကြည့်လိုက်၏။

ဓာတ်ဆီအမြောက်အမြား ကျန်သေး၏။

အရေးပေါ် ကွင်းဆင်းချိန်၌ ဓာတ်ဆီအမြောက်အမြား ကျန်နေသည်မှာ မကောင်းပါ။ မီးထလောင်မည့် အန္တရာယ်ကို ကြောက်ရ၏။

ပန်ကာလည်နှုန်းကို တစ်မိနစ် နှစ်ထောင့်လေးရာနှုန်းသို့ ပြောင်းရွှေ့လိုက်၏။

အပိုတောင်ပံ (Flap) ကို သုံးဆယ်ဒီဂရီ ချလိုက်၏။

လေယာဉ်ပျံနှုန်းမှာ ၁၂၅ မိုင်နှုန်းတွင် ရှိသေး၏။

မိုင်ဝက်ခန့် လိုတော့သည်။ အပိုတောင်ပံကို လေးဆယ့်ငါးဒီဂရီသို့ ချလိုက်၏။ ရင်ဘတ်နှင့် ခါးပတ်တွင် ပတ်ထားသော အသက်ကယ်ခါးပတ်ကိုလည်း ခိုင်၊ မခိုင် စစ်ဆေးကြည့်လိုက်၏။

ပြေးလမ်းထိပ်သို့ ရောက်လေပြီ။

ချစ်ခိုင်သည် သူ့လေယာဉ် စက်ထိန်းမောင်းတံကို အဆုံးဆွဲချလိုက်၏။

လေယာဉ်ဗိုက်နှင့် ပြေးလမ်းထိသွားလေပြီ။

ရှေ့ပန်ကာ ဒလက်လေးခုမှာ မြေကြီးနှင့်ခုတ်ပြီး အတွင်းဘက်သို့ ကောက်ဝင်သွားကြ၏။

ဗိုက်နှင့်ရှပ်ဆင်းခြင်းဖြစ်၍ ဝေးဝေးလည်း မပြေးနိုင်။ ကိုက်တစ်ရာ၊ နှစ်ရာခန့် ဆန့်ငင်ဆန့်ငင်ဖြင့် ပွတ်တိုက်ပြေးပြီး နောက်ဆုံးရပ်သွား၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ ဖုန်အလိပ်လိပ်နှင့်။

ချစ်ခိုင်သည် သူ့ပတ်ဝန်းကျင်ကို ဘာမှ မမြင်ရပါ။

သူသည် ချက်ချင်း လေယာဉ်စက်ခန်းအတွင်းမှ အပြင်ခုန်ထွက်လိုက်၏။ ဘေးဘယ်ညာ လှည့်ကြည့်လိုက်၏။ လေယာဉ်ဓာတ်ဆီတိုင်ကီများ လုံးဝပေါက်ခြင်း၊ မီးလောင်ခြင်း မရှိပါ။

အသက်ကယ် လူနာတင်ကားနှင့် မီးသတ်ကားများရောက်လာ၏။

"ဟင်. . ဗိုလ်ကြီး"

လေယာဉ်ပျံဘေး မလှမ်းမကမ်းတွင် ရပ်နေသော သူ့ကို ပထမဆုံး လာနှုတ်ဆက်သူမှာ လေယာဉ်ပျံ စက်ပြင်အဖွဲ့မှ တပ်ကြပ်ကြီး (ကင်း) ဖြစ်၏။

(ကင်း)မှာ အင်္ဂလိပ်-မြန်မာ ကပြားဖြစ်၏။

"ပီတာရော"

ပျောက်နေသူ နံပါတ် ၂ မှာ ချစ်ခိုင်ဟု ထင်ထားပြီး ချစ်ခိုင်မဟုတ်။ ပီတာနေရာ၌ ချစ်ခိုင်ကို မြင်နေရသဖြင့် သူ အလွန်အံ့သြနေပုံရ၏။

"ဆောရီးပဲ ကင်း၊ ပီတာပျောက်နေတယ်"

ကင်းမှာ ပီတာနှင့် အင်္ဂလန်နိုင်ငံကို ရဲညွှန့်ပညာသင်ဘဝက အတူသွားဖက် ဖြစ်၏။ နှစ်ပေါင်းအတန်ကြာ အတူနေဖူးသူ ဖြစ်၏။ ထို့ကြောင့် ချစ်ခိုင်က ပီတာပျောက်နေပြီဟု ပြောသံကြားလိုက်သည်နှင့် သူ့မျက်လုံးအိမ်မှ မျက်ရည်များ ချက်ချင်းလိမ့်ဆင်းလာကြ၏။

ပီတာ အသက်ရှင် ပြန်တွေ့နိုင်ချေ ရှိ၊ မရှိကိုလည်း သူ မမေးတော့ပါ၊ မေးစရာလည်း မရှိ။ ဆီးဖြူရိတိုက်လေယာဉ်များ

လေထဲက ပျက်ကျသွားပြီဆိုလျှင် လေသူရဲသေသည်သာ များ၏။

လေသူရဲများ အသေများလှသဖြင့် ပါကစ္စတန်လေတပ်မတော်၌ ဤဆီးဖြူရီ တိုက်လေယာဉ်များကို (Flying Coffin) မိုးပျံအခေါင်းကြီးဟုပင် နာမည်ပေးထားကြသည် မဟုတ်လား။

ချစ်ခိုင်သည် ကင်း၏ မျက်နှာကိုကြည့်ပြီး သူ့လက်ချောင်းကလေးများ တဆတ်ဆတ်နှင့် တုန်လာသည်။ သူလည်း ငိုချင်လာ၏။ သို့သော်ငို၍လည်း မရ။

**ရတနာသစ်မဂ္ဂဇင်း၊ ၁၉၉၄၊ ဇန်နဝါရီလ။**

# ယောက်ျားကောင်းဟူသည်

အချိန်မှာ ၁၉၆၄ ခုနှစ်၊ မတ်လအတွင်းဖြစ်၏။

မိတ္ထီလာ ၂၇ လေယာဉ်မောင်းသင်တန်း ကျောင်းဆင်းပွဲ ကျင်းပလျက်ရှိသည်။

လေယာဉ်မောင်းနည်းပြဆရာ ဗိုလ်ကြီးအောင်သင်းသည် လေတပ်ဦးစီးချုပ်က ကျောင်းဆင်းလေသူရဲများအား တစ်ဦးချင်း လေသူရဲတောင်ပံများ အပ်နှင်းနေပုံကို ငေးကြည့်နေသည်။ ကျောင်းဆင်း လေသူရဲများမှာ လေတပ်ဦးစီးချုပ်ရှိရာ စင်မြင့်ပေါ်သို့ တစ်ဦးချင်း တက်သွားလျက်ရှိ၏။

အချိန်မှာ နံနက် ၈ နာရီခန့် ရှိလေပြီ။ အသူရိန်နေမင်းကြီးမှာ အရှေ့ဘက် ကောင်းကင်ပြင်တွင် တောက်ပစွာ ထွန်းလင်းလျက်ရှိ၏။

ကာကွယ်ရေးဦးစီးချုပ်ထံသို့ ရှေ့ဆုံးမှတက်သွားသည့်

ကျောင်းဆင်း လေသူရဲမှာ ကျော်ကျော်ဝင်း ဖြစ်၏။ ကျော်ကျော်ဝင်းမှာ မြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ ပညာသင်အဖြစ် လေတပ်လေယာဉ်မောင်းသင်တန်းကို လာရောက်တက်နေသူဖြစ်၏။ ထို့ကြောင့် ပထမအရာရှိ ဒုလေယာဉ်မှူးဝတ်စုံအဖြူကို လှပစွာဝတ်ထားသည်။

သူသည် ယခုသင်တန်းတွင် ပထမရသူ ဖြစ်၏။

စံပြလေသူရဲ ဖြစ်၏။

သူ့မျက်နှာမှာ သူ၏ အောင်မြင်မှုများအတွက် ဂုဏ်အရှိန် တက်နေဟန်ရှိ၏။ တောက်ပလျက် ရှိ၏။

နောက်ဆုံးမှ စင်မြင့်ပေါ်တက်ရန် ဟန်ပြင်နေသူမှာ လေတပ်မှ ဗိုလ်မြင့်ဦး ဖြစ်၏။

ဗိုလ်မြင့်ဦးမှာ ပိန်ပိန်သွယ်သွယ်မြင့်မြင့်ဖြစ်၏။

ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်မှ ကျောင်းဆင်းအရာရှိတစ်ဦး ဟု ဆိုသည်။ သူသည် စစ်တက္ကသိုလ်တွင် စာတော်သူတစ်ဦးအဖြစ် နာမည်ကြီးခဲ့ဖူးသည်ဟု ဆိုသည်။

သို့သော် ယခု ဤလေယာဉ်မောင်းသင်တန်းတွင်တော့ အဘယ်ဖြစ်သည်မသိပါ။ နောက်ဆုံးမှ အောင်မြင်သူ ဖြစ်၏။

သို့သော် သူ့မျက်နှာကို ယနေ့မြင်ရသည်မှာ နောက်ဆုံးမှ အောင်ရသည့်အတွက်လည်း စိတ်ထိခိုက်ပုံမရ။

ရှက်နေပုံလည်း မပေါ်။

သူ့မျက်နှာမှာ နေ့စဉ်လေယာဉ်မောင်းနည်းပြဆရာ ဗိုလ်ကြီး အောင်သင်း မြင်နေရသကဲ့သို့ပင် တည်ငြိမ်လျက်ရှိ၏။

အေးချမ်းလျက်ရှိ၏။

တကယ်တော့ ယခုသင်တန်းတွင် ပထမရမည့် လေသူရဲ ကျော်ကျော်ဝင်းနှင့် နောက်ဆုံးပိတ်ရမည့် လေသူရဲ ဗိုလ်မြင့်ဦးတို့ နှစ်ဦးစလုံးမှာ လေယာဉ်မောင်းနည်းပြဆရာ ဗိုလ်ကြီး အောင်သင်း၏ တပည့်ရင်းများ ဖြစ်၏။ ဆရာတစ်ဦးတည်း မွေးထုတ်လိုက် တပည့်များ ဖြစ်၏။

လေယာဉ်မောင်းနှင်သည့်ပညာကို အခြေခံမှစတင်၍ နောက်ဆုံး ယခုကဲ့သို့ လေသူရဲတောင်ပံရသည်အထိ သူပင် တာဝန်ယူ သင်ပေးခဲ့ရပါသည်။ သူ့တပည့်နှစ်ယောက်၏ အဖြစ်မှာလည်း အံ့စရာ ဖြစ်၏။

တစ်ယောက်က ပထမရ၍ တစ်ယောက်က ဘိတ်ဆုံးကျနေသည်။

ယနေ့ ဤအခမ်းအနားသို့ တက်လာသည့်အရာရှိတိုင်းပင် ကျော်ကျော်ဝင်းကို ချီးမွမ်းချင်သလောက် ဆရာတစ်ဦးတည်းက သင်ပေးလိုက်သည့် ဗိုလ်မြင့်ဦးကို သရော်ချင်နေကြပေမည်။

ခက်ပါသည်။

ပြောရမှာ အလွန်ခက်ပါသည်။

ဤအဖြစ်ကို သူတစ်ယောက်သာ သိမည်ဟု ဗိုလ်ကြီးအောင်သင်းက တွေးမိ၏။

ကျော်ကျော်ဝင်းမှာ တော်သည်။

မာနရှိသည်။

ဉာဏ်ကောင်းသည်။

ဘာမဆို သင်ပေးလိုက်လျှင် ချက်ချင်းတက်သည်။

ပညာပြချင်သည်။

ထို့ကြောင့် မှန်တာပြောရလျှင် ကျော်ကျော်ဝင်းကိုသူ စိတ်မချ။

လေယာဉ်မှူးဘဝတစ်ကွေ့ကွေ့တွင် အန္တရာယ်တွေ့ပြီး အသက် ဆုံးရှုံးနိုင်သည်ဟု သူမြင်နေသည်။

ဗိုလ်မြင့်ဦးမှာ လေး၏၊

နှေး၏၊

ဘာမဆို ပြလိုက်လျှင် ချက်ချင်း မခံယူ။ တစ်ခုခု စဉ်းစားနေသလို၊ တွေနေသလို လုပ်ပြီးမှ ခံယူသည်၊

တစ်ခါတစ်ရံလည်း စိတ်ပျက်စရာကောင်းလောက်အောင် မေးခွန်းအမျိုးမျိုး ထုတ်နေတတ်၏။

သို့သော် ဗိုလ်မြင့်ဦးကို သူ စိတ်ချသည်။ ဘယ်တော့မှ တော်ရုံ အန္တရာယ်ဆိုးနှင့်တွေ့၍ အသက်ဆုံးမည့်သူမဟုတ်ဟု သူ ယုံကြည်သည်။

ဘာကြောင့်နည်း။

အခြားမဟုတ်၊ ဘာလုပ်လုပ် စဉ်းစားပြီးမှ၊ တွေးပြီးမှ လုပ်သည်။ သူ၏ အတော်ဆုံးအရည်အချင်းမှာ မည်သူ ချီးမွမ်းချီးမွမ်း မည်သူ ကဲ့ရဲ့ကဲ့ရဲ့ မတုန်လှုပ်တတ်ခြင်း ဖြစ်၏။

ဤအရည်အချင်းမှာ အခြားအသက်မွေးဝမ်းကျောင်းတွင် မည်မျှတန်ဖိုးရှိသည် မသိပါ။ လေယာဉ်မောင်းနှင်ရသည့် အရည်အချင်းများတွင်မူ၊ တန်ဖိုးအရှိဆုံး အရည်အချင်းဖြစ်သည်ကို ဗိုလ်ကြီး အောင်သင်း သိပါ၏။

မှန်ပါသည်။

ဤအသိမှာ ဗိုလ်ကြီးအောင်သင်း အကြောင်းမဲ့ ခံယူထား

သော အသိမဟုတ်ပါ။ လေသူရဲဘဝတစ်လျှောက် အတွေ့အကြုံများကို ရင်း၍ရထားသော အသိဖြစ်၏။

သူ မှတ်မိသေးသည်။

သူနှင့်အတူ လေယာဉ်မောင်းသင်တန်း တက်ခဲ့ကြသည့် လေသူရဲများမှာ ရှစ်ဦးရှိ၏။ ဤရှစ်ဦးတွင် ယနေ့အသက်ရှင် ကျန်ရစ်သူများမှာ သူအပါအဝင် သုံးဦးသာရှိတော့၏။

မဟုတ်သေးပါ၊

တကယ်တော့ ဤသုံးဦးဆိုသည်တွင်မူ တစ်ဦးမှာ လေယာဉ်မောင်းသင်တန်းမှဆင်းစကပင် မျက်စိချို့ယွင်းပြီး လေယာဉ်မောင်းနှင်သည့်အလုပ်ကို စွန့်လွှတ်သွားသူဖြစ်၏။ အမှန်စင်စစ် သူနှင့် လေသူရဲကျော်အောင်တို့နှစ်ဦးသာ လေယာဉ်မောင်း နှင်သည့်အလုပ်ကို ဆက်တိုင် လုပ်စားပြီး အသက်ရှင်ကျန်ရစ်သူများ ဖြစ်၏။

ဘာကြောင့် ကျန်လေသူရဲများ အသက်တိုတိုနှင့် လူ့လောကမှ ပျောက်ကွယ်ကုန်ကြသနည်း။ အကြောင်းအမျိုးမျိုး ရှိပါသည်။

အချို့မှာ မည်မျှအရည်အချင်းရှိသော်လည်း ကြုံတွေ့လာသည့် ဘဝကံကြမ္မာဆိုးကို မတွန်းလှန်၊ မကျော်လွှားနိုင်၍ ဝမ်းနည်းဖွယ် ကျဆုံးသွားခြင်း ဖြစ်၏။ သို့သော် အချို့အချို့မှာမူ ဤကြွားဝါချင်သော စိတ်၊ ပညာပြချင်သောစိတ်နှင့် ပတ်ဝန်းကျင်၏ ချီးမွမ်းကဲ့ရဲ့ခြင်းဟူသည့် အပေါ်ယံလှုပ်ရှားမှုများကို မခံနိုင်ခြင်းတို့ကြောင့် လူ့လောကမှ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ပျောက်ကွယ်သွားခြင်း ဖြစ်၏။

သူ မှတ်မိသေးသည်။

လွန်ခဲ့သည့် ရှစ်နှစ်ခန့်က ယခုလိုအချိန်မျိုးပင် ဖြစ်၏။

ထိုစဉ်က သူတို့၏ လေသူရဲအတောင်ပံအပ်နှင်းပွဲသို့ ကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင် တက်ရောက်အပ်နှင်းပေးသည်။ ကျောင်းဆင်းသည့် လေသူရဲအားလုံး၏ မျက်လုံးအစုံမှာ တောက်ပလျက်ရှိ၏။

အထူးသဖြင့် သူတို့သင်တန်းတွင် ပထမရသော လေသူရဲ ဖေဝင်း၏ မျက်နှာမှာ အတောက်ပဆုံးဟု သူ ထင်ပါသည်။ ထို့နေ့ မနက်တွင် သူ့ဆရာ ဗိုလ်ကြီးချမ်းသာ ပြောသွားသောစကားများကို သူ ယခုတိုင် အမှတ်ရနေမိပါသေးသည်။

မှန်သည်။

သူရယ်၊ လေသူရဲဖေဝင်းရယ်၊ လေသူရဲကျော်အောင်ရယ် သူတို့ ၃ ဦးမှာ ဆရာချမ်းသာ၏ တစ်ဦးတည်းသော တပည့်များ ဖြစ်ကြ၏။ ဆရာချမ်းသာက တောင်ပံအပ်နှင်းပွဲပြီးပြီးချင်း သူတို့ ၃ ဦး ကို ခေါ်၍. . .

"မင်းတို့ သုံးယောက်နဲ့ငါ မနက်ဖြန် တွေ့ရတော့မှာ မဟုတ်ဘူး၊ မင်းတို့ သုံးယောက်လုံး ခု မင်းတို့ သွားချင်နေကြတဲ့ အမှတ် (၁) တိုက်လေယာဉ်အုပ်ကိုပဲ သွားကြရမယ်၊ မင်းတို့မောင်းရ မယ့် တိုက်လေယာဉ်ပျံတွေဟာ ခုမှ ရောက်စရှိသေးတယ်၊ ဆီးဖြူရီ တိုက်လေယာဉ်ပျံတွေ၊ ဒီလေယာဉ်ပျံစက်အားနဲ့ ခု မင်းတို့ ဒီသင်တန်း ကျောင်းမှာမောင်းသွားတဲ့ ပရိုဗို့စ် လေယာဉ်ပျံရဲ့စက်ဟာ ဘာမှ ယှဉ်လို့ မရဘူး၊ ဆီးဖြူရီက မြင်းကောင်ရေ သုံးလေးဆလောက်ကို ပိုကြီးတာ၊ သတိထားကြကွာ၊ ဖေဝင်းကလည်း ခု သင်တန်းမှာ ပထမ ရတယ်ဆိုပြီး ကိုယ့်ကိုယ်ကို အထင်ကြီးမသွားနဲ့၊ ကျော်အောင်ကလည်း အခုသင်တန်းမှာ ဘိတ်ဆုံးက အောင်တယ်ဆိုပြီး ကိုယ့်ကိုယ်ကို သိပ် အထင်သေးမနေနဲ့၊ လေသူရဲဆိုတာ ကိုယ့်ကိုကိုယ် သိပ်အထင်ကြီး

တဲ့လူရော၊ သိပ်အထင်သေးတဲ့လူရော ဘယ်တော့မှ အသက်ရှည်ရှည် မနေရဘူး၊ အထူးသဖြင့် ဖေဝင်း မင်းသတိထား၊ မင်းဟာ မာန ကြီးလွန်းတယ်၊ စိတ်ကြီးလွန်းတယ်"

ထိုစဉ်က ဆရာချမ်းသာက ဗိုလ်ကြီးအောင်သင်းတို့ကို ခွဲခွာ နီး ပြောကြားသွားခဲ့သော ဆုံးမစကားများ ဖြစ်၏။

ဤစကားများသည် နောင်အခါ မိမိတို့အသက်ကိုကယ်မည့် ဆုံးမစကားများဖြစ်မည်ဟု ဗိုလ်ကြီးအောင်သင်း လုံးလုံးမထင်ခဲ့ပါ။ ဖေဝင်းဆိုလျှင် သေသည်အထိ ဤစကား၏ အတိမ်အနက်ကို လုံးဝ သိသွားပုံပင် မရပါ။

မှန်သည်။

ဖေဝင်း သေသွားပုံကို ပြန်တွေ့လိုက်လျှင် သူ့စိတ်ထဲ၌ မနေ့တစ်နေ့က ဖြစ်သွားသော လောလောလတ်လတ် အဖြစ်မျိုးကဲ့ သို့ပင် မှတ်ထင်နေပါသည်။

ထိုစဉ်က အမှတ် (၁) တိုက်လေယာဉ်အုပ်မှာ မှော်ဘီမြို့ တွင် ရှိပါသည်။ သူတို့သည် မှော်ဘီလေတပ်စခန်းရောက်သည်နှင့် ဆီးဖြူရီလေယာဉ်ပျံများကို အမောင်းသင်ရ၏။

ဆီးဖြူရီလေယာဉ်ပျံများကို စတင်မောင်းတတ်စတွင် လေသူ ရဲသစ်များအား လေယာဉ်ပြေးလမ်းတို၍ ကျဉ်းသော မှော်ဘီလေယာဉ် ကွင်းတွင် အဆင်းအတက် မလုပ်စေပါ။ လေယာဉ်ပြေးလမ်းကျယ်၍ ရှည်သော မင်္ဂလာဒုံလေတပ်စခန်းတွင်သာ ပထမတစ်ကြိမ် နှစ်ကြိမ် အဆင်းအတက်လုပ်စေခဲ့၏။

၁၉၅၈ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့။

ထိုနေ့မှာ ဗိုလ်ကြီးအောင်သင်းတို့ မင်္ဂလာဒုံလာပြီး ပထမ

အကြိမ် တစ်ဦးတည်း ဆီးဖြူရီလေယာဉ်ပျံဖြင့် ကွင်းဆင်းကွင်းတက် လေ့ကျင့်ရသောနေ့ဖြစ်၏။ ထိုနေ့က ဆီးဖြူရီလေယာဉ်ပျံများမှာ စက်ကောင်းသည့် လေယာဉ်နှစ်စင်းသာ ရှိသဖြင့် တစ်လှည့်စီ လေ့ကျင့်နေရသည်။

ဗိုလ်ကြီးအောင်သင်းမှာ ပထမဆုံး ရောက်ရောက်ချင်း လေ့ကျင့်ခွင့်ရ၏။ ထို့ကြောင့် အစောဆုံး ပြီးသွားသည်။ သူ လေ့ကျင့်ပြီးချိန်၌ နံနက် ၉ နာရီပင် မထိုးသေး။

လေသူရဲသစ်များ ဆရာမပါဘဲ တစ်ဦးတည်း ပထမဆုံး ကွင်းဆင်းကွင်းတက်လေ့ကျင့်ကြသည်မှာ အလွန်ပျော်စရာကောင်းလှ၏။ စိတ်ဝင်စားဖို့လည်း ကောင်း၏။

အန္တရာယ်လည်း မကြာခဏ ဖြစ်တတ်၊ တွေ့တတ်၏။ ထို့ကြောင့် ထိုသို့ လေသူရဲသစ်များ ပထမအကြိမ် ကွင်းဆင်း ကွင်းတက် လေ့ကျင့်ပွဲပြုလုပ်ကျတော့မည်ဟုဆိုလျှင် တိုက်လေယာဉ်အုပ်ရှိ လေသူရဲများမှာ ဘယ်မှမသွားကြတော့။ လေယာဉ်ထိန်းမျှော်စင်ပေါ် တက်ပြီး တစ်ဦးတည်း လူသစ်များ ကွင်းဆင်းကွင်းတက်ပြုလုပ်နေကြသည်ကို ငေးကြည့်နေတတ်၏။

ဗိုလ်ကြီးအောင်သင်းသည် ထိုနေ့က မိမိတာဝန် ပြီးဆုံးသည်နှင့် အခြားလေသူရဲများရှိရာ မျှော်စင်ပေါ်လိုက်တတ်လာပြီး ကျန်လူများ ကွင်းဆင်းကွင်းတက်လေ့ကျင့်ကြသည်ကို ငေးကြည့်နေ၏။

ယခုတစ်ကြိမ် ပြုလုပ်ရန် အလှည့်ကျသည့် လေသူရဲနှစ်ဦးမှာ လေသူရဲ ဖေဝင်းနှင့် လေသူရဲ ကျော်အောင်တို့ ဖြစ်၏။

ဗိုလ်ကျော်အောင် လေယာဉ်ပျံမှာ ဗိုလ်ကြီးအောင်သင်း မျှော်စင်ပေါ်ရောက်သည့် တစ်ချိန်တည်းလောက်မှာပင် လေထဲသို့ ထိုး

တတ်သွား၏။

ဗိုလ်ကျော်အောင် လေယာဉ်ပျံ လေထဲရောက်၍ တစ်မိနစ် ခန့်အကြာတွင် ဗိုလ်ဖေဝင်း လေယာဉ်ပျံ ထိုးတက်၍သွားပြန်သည်။

လေယာဉ်ပျံများ မြေပြင်မှ လေထဲ စတင်ထိုးတက်ရသည့် အလုပ်မှာ သိပ်မခက်လှပါ။ လေသူရဲတိုင်းပင် လေယာဉ်သစ်၏ အမူ အကျင့်များကို အနည်းငယ်သိသည်နှင့် လုပ်၍ရပါသည်။ ကွင်းပေါ် သို့ ပြန်ဆင်းသည့်အလုပ်သာ အလွန်ခက်လှပါသည်။

ပညာပါလှပါသည်။

အနည်းငယ် အချိန်အဆ ချွတ်ချော်လွဲမှားသွားသည်နှင့် ဘေးသို့ ဆွဲသွားတတ်ပါသည်။

ဘီးကျိုးသွားတတ်ပါသည်။

ပန်ကာ ကောက်သွားတတ်ပါသည်။

အလျဉ်းမသင့်လျှင် လေသူရဲအသက်ပင် သေဆုံးတတ်ပါ သည်။

ယခု မျှော်စင်ပေါ်တက်၍ အမှတ် (၁)အုပ်မှ လေသူရဲများ စုရုံးလာကြည့်နေကြခြင်းမှာလည်း ဒီနေ့ဘာဖြစ်မလဲဟုမျှော်ပြီး လာ ကြည့်နေကြခြင်းဖြစ်၏။

ယခုထိတော့ ဗိုလ်ကြီးအောင်သင်း အပါအဝင် ရှေ့က လေ သူရဲသစ်များ မောင်းနှင်ပြသွားကြသည်မှာ တစ်ခုမှပြောပလောက် အောင် ချွတ်ချော်ချက်မတွေ့ရ။ အေးအေးဆေးဆေးပင် ပြီးသွားကြပါ သည်။

"ဟော့ . . တို့ ဒီတစ်မနက်လုံး ပျင်းနေတာ ကျော်အောင်ကြီး ဆင်းလာမှပဲ နည်းနည်းပျော်စရာ ကောင်းတော့မယ် ထင်တယ်၊

ဖေဝင်းကတော့ ဘာမှဖြစ်မှာ မဟုတ်ဘူး"

မျှော်စင် ဘယ်ဘက်ထောင့် လေကြောင်းထိန်းသိမ်းရေး ရေဒီယိုစက်များအနီးတွင် ထိုင်နေသော လေသူရဲတစ်ဦးက အရွှန်းဖောက်ပြီး ညည်းလိုက်သည်။

"ခင်ဗျား ကျော်အောင်ကြီးကိုလည်း သိပ်မျှော်လင့်မနေနဲ့၊ ဒီကောင်ကြီးက လူသာ အေးအေးလေးလေးကြီးနှင့် ထုံထုံအအကြီးလို နေတာ၊ စိတ်က သိပ်တည်ငြိမ်တယ်၊ မယုံကြည့်နေ၊ ဒီကောင်ကြီး အေးအေးဆေးဆေးပဲ ပြန်ဆင်းလာဦးမယ်"

ကျော်အောင်ကြီး၏ တိုက်လေယာဉ် နည်းပြဆရာဖြစ်သော ဗိုလ်မှူးမြတ်စိုးက ချက်ချင်း ကန့်ကွက်ပြောလိုက်၏။ ထိုအချိန်၌ပင် ကျော်အောင်၏အသံ လေထဲမှာ ပေါ်လာပါသည်။

ထိုစဉ်က ဗိုလ်ဖေဝင်း၏ နည်းပြဆရာမှာလည်း ဗိုလ်မှူးမြတ်စိုးပင် ဖြစ်ပါသည်။

"မင်္ဂလာဒုံမျှော်စင် ရဲခေါင် ၄၂ ကွင်းဆင်းတော့မယ်၊ ဆင်းခွင့်ပေးပါ"

"ရဲခေါင် ၄၂၊ ဆင်းခဲ့ပါ၊ ပြေးလမ်းပေါ် အားလုံး ရှင်းနေတယ်၊ မြေပြင်လေ အရှေ့ဘက်က တစ်နာရီ ဆယ်မိုင်နှုန်း တိုက်နေတယ်၊ ဒါပဲ"

ဗိုလ်ကျော်အောင်၏ လေယာဉ်ပျံသည် လေယာဉ်ပြေးလမ်း ထိပ်သို့ ဦးဆိုက်၍ ထိုးဆင်းလာသည်။ တိုက်လေယာဉ်ပျံများ ကွင်းဆင်းပုံမှာ ခရီးသည်တင် လေယာဉ်ပျံများ ကွင်းဆင်းကြပုံနှင့် လုံးလုံး မတူပါ၊ အလွန်ကြည့်၍ လှ၏။ သိန်းများ၊ စွန်များ မြေပြင်မှ အစာကို ထိုးသုတ်ယူရန် ဝဲ၍ ထိုးစိုက်ဆင်းလာသကဲ့သို့ တစ်ဖက်အတောင်မှာ

မြေကြီးဘက်သို့ စိုက်ဆင်းနေပြီး တစ်ဖက်အတောင်မှာ အပေါ်သို့ လန်လျက် အဝေးက လေယာဉ်ကြီးကို ကြည့်ရသည်မှာ ကော့ပျံ၍နေ၏။

ဗိုလ်ကျော်အောင်သည် ကွင်းထိပ်သို့ရောက်သည်နှင့် လေယာဉ်ပျံအတောင်ကိုညီအောင် ပြန်ညှိထိန်းလိုက်ပြီး စက်အားကို အဆုံးပိတ်ချလိုက်သည်။

စက္ကန့်ပိုင်းအတွင်းပင် လေယာဉ်ပျံဘီးများသည် လေယာဉ်ပြေးလမ်းပေါ် 'ဒုန်း' ခနဲကျသွား၍ 'ဝုန်း' ခနဲ တစ်ချက် အပေါ်ကို ခုန်တက်ပြီး ညာဘက်သို့ အနည်းငယ် ဆွဲသွား၏။ တစ်ခါမြေသို့ ဝုန်းခနဲပြန်ကျပြီး တဒုန်းဒုန်းနှင့် ခုန်၍ နောက်ဆုံး လေယာဉ်ပြေးလမ်း ညာဘက်နားတွင် ကပ်ပြီး ရပ်သွားတော့သည်။

ထိုအချိန်၌ ငိုက်နေသော လေသူရဲတစ်ဦးက လေကြောင်းထိန်းသိမ်း အရာရှိ ဦးလှထွန်းကို လှမ်းပြောလိုက်၏။

"ကိုလှထွန်းရေ ပြောလိုက်စမ်းပါဗျာ၊ ဒီကောင်ဆင်းတာ ကြည့်လို့သိပ်ကောင်းတယ်၊ သားပိုက်ကောင် ပြေးသွားနေသလိုပဲလို့"

သားပိုက်ကောင်ပြေးသကဲ့သို့ဟုဆိုခြင်းမှာ လေသူရဲများ ကွင်းဆင်းညံ့သည်ကို နောက်ပြောင်၍ ပြောခြင်းဖြစ်သည်။

"ရဲခေါင် ၄၂၊ ခင်ဗျား ကွင်းဆင်းတာ သားပိုက်ကောင် ပြေးသွားသလိုပဲ၊ သိပ်ကောင်းတယ်တဲ့"

"ဟုတ်လား၊ ကျွန်တော်က 'ကောင်းဘွိုင်' တွေလိုမြင်းရိုင်းစီးရတယ်လို့ ထင်နေတာ၊ ဟဲ. . . ဟဲ. . ."

"အဲဒါပြောတာပေါ့ကွ၊ ဒီကောင်ကြီးဟာ ဘာမှ နာတတ်တဲ့ ကောင်၊ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး၊ ပြိတ္တာကြီးလိုပဲ၊ တို့ကိုတောင်

ပြန်ဟားလိုက်သေးတယ် ကြည့်"

ရေဒီယိုဘေးနားတွင်ကပ်ထိုင်နေသော လေသူရဲတစ်ဦးက သူ ဟားလိုက်သောစကား ထိရောက်မှုမရှိသဖြင့် ညည်းလိုက်ပြန်၏။ ကျော် အောင်ကြီး၏ နည်းပြဆရာ ဗိုလ်မှူးမြတ်စိုးကမူ ဘာမှပြန်မပြောဘဲ ပြုံး၍သာ ငြိမ်နေပါသည်။ ထိုအချိန်၌ ဗိုလ်ဖေဝင်း၏အသံ ရေဒီယို လေလှိုင်းမှ ပေါ်လာပြန်သည်။

'မင်္ဂလာဒုံမျှော်စင်၊ ရဲခေါင် ၄၃ ကွင်းဆင်းမယ်။ ဆင်းခွင့်ပေး ပါ၊ ဒါပဲ'

'ရဲခေါင် ၄၃၊ ဆင်းခဲ့ပါ။ ပြေးလမ်းရှင်းနေပါတယ်။ မြေပြင်လေ အရှေ့ဘက် ၁၀ မိုင်နှုန်း တိုက်နေတယ်'

မျှော်စင်က ထုံးစံအတိုင်းပင် ဗိုလ်ဖေဝင်း လေယာဉ်ပျံကို ပြန်ပြောလိုက်၏။ ဗိုလ်ဖေဝင်းလေယာဉ်ပျံသည် စောစောက ဗိုလ် ကျော်အောင် လေယာဉ်ပျံထက်ပင် ပိုစိုက်ပြီး လေယာဉ်ကွင်းထိပ်သို့ ဦးတည်ပြီး ထိုးဆင်းလာခဲ့၏။

အချိန်မှာ နံနက် ၉ နာရီခွဲခန့် ရှိလေပြီ။

ဇွန်လအတွင်းဟု ဆိုသော်လည်း ယနေ့ မနက် ကောင်းကင် ပြင်မှာ ကြည်လင်၍ပြာလဲ့လျက် ရှိပေသည်။

ကွင်းထိပ် ရောက်ခဲ့လေပြီ။

ဗိုလ်ဖေဝင်း လေယာဉ်ပျံမှာ ကွင်းဆင်းလေယာဉ်ပျံများ ထုံးစံ နှင့်အညီပင် တောင်ပံကို မြေပြင်နှင့် အပြိုင်ပြေးရန် ညှိထိန်းလိုက်၍ စက်အားကို ရုတ်ခြည်းလျှော့ချ ပိတ်ပစ်လိုက်သည်။ ထိုအချိန်တွင် လေယာဉ်ပျံမှာ မူလစိုက်ဆင်းလာစဉ်က အရှိန်အနည်းငယ် များခဲ့ဟန် ရှိသောကြောင့် စောစောက ဗိုလ်ကျော်အောင် လေယာဉ်ကဲ့သို့

လေယာဉ်ဘီးများနှင့် လေယာဉ်ပြေးလမ်းတို့ ချက်ချင်းထိမသွားဘဲ ပြေးလမ်းပေါ်မှ ကပ်၍ လေထဲ ခေတ္တမျောနေပြီးမှ 'ဝုန်း'ခနဲ ကျသွား၏။

'ဟော့ . . . ဟော့. . . ဘေးဆွဲသွားပြီ'

မှန်သည်။ လေယာဉ်ပျံကြီးမှာ ဘီးနှင့်ပြေးလမ်းထိပြီးမှ ညာဘက်သို့ ကပ်ဆွဲသွား၏။ အမှန်တော့ ဤသို့ ဘေးဆွဲသွားခြင်းမှာလည်း အထူးအဆန်း မဟုတ်ပါ။

ဆီးဖြူရှိ လေယာဉ်ပျံတိုင်း ကွင်းအဆင်းတွင် လေသူရဲပေါ့လိုက်က အလှည့်မသင့်လျှင် ဘေးဆွဲသွားစမြဲဖြစ်၏။

လေသူရဲကသာ စိတ်ရှည်ရှည်ဖြင့် ပဲ့ထိန်းလေးကို ဘယ်ဘက်သို့ ခပ်များများနင်းပေးပြီး ပြန်ဆွဲတင်ကာ အလွယ်တကူ ပြေးလမ်းပေါ်သို့ ပြန်တက်လာနိုင်ပါသည်။

သို့သော် ယနေ့မူ အဘယ်သို့ဖြစ်သည် မသိ။ ဗိုလ်ဖေဝင်း အထိန်းများသွားဟန်ရှိ၏။ လေယာဉ်ပျံကြီးသည် ညာဘက်သို့ ဦးတည်ဆွဲနေရာမှ ဘယ်ဘက်သို့ ဝုန်းခနဲခုန်တက်သွားပြီး ဆွဲပြေးပြန်၏။ နောက် . . . ညာသို့ ဦးတည်ဆွဲနေရာမှ ဘယ်ဘက်သို့ 'ဝုန်း'ခနဲ ဦးပြန်လှည့်သွားပြီး ပြေးလမ်းပေါ်သို့ ပြန်ရောက်သွားပြန်သည်။ သို့သော် ပြေးလမ်းမှာ ပေတစ်ရာသာကျယ်သဖြင့် တစ်နာရီ မိုင်ကိုးဆယ်၊ တစ်ရာမျှ မြန်နှုန်းရှိနေသော လေယာဉ်ကြီးမှာ ချက်ချင်းပြေးလမ်းကို ဖြတ်၍ ဘယ်ဘက်မြက်ခင်းစပ်သို့ရောက်၍ ဘီးတစ်ဖက်မြက်ခင်းပေါ် ချပြီး ပြေးနေပြန်သည်။ ဗိုလ်ဖေဝင်းသည် ရုတ်ခြည်းပင် ညာဘက်ပဲ့ကို ကန်၍ လေယာဉ်ပျံကို ပြေးလမ်းပေါ်သို့ ဆွဲတင်ပြန်သည်။ ဘယ်သို့ဖြစ်နေသည် မသိပါ။ လေယာဉ်ပျံကြီးမှာ

ချက်ချင်းပင် ပထမအကြိမ်ကကဲ့သို့ အပေါ်ပျံတက်ပြီး ညာဘက်သို့ ဆွဲထွက်သွားပြန်သည်။ သူ့လေယာဉ်ပျံဖြစ်နေသည်ကို မျှော်စင်မှ မြင်တွေ့နေရသည်မှာ မြွေကြီးတစ်ကောင် ကွေ့ကောက်ပြီး ပြေးသွားနေသကဲ့သို့ ဖြစ်နေ၏။ ထိုစဉ်က မိုးတွင်းကြီးဖြစ်၍ လေယာဉ်ပြေးလမ်းဘေး မြက်ခင်းတွင် ဗွက်များရှိနေပါသည်။ ထိုဗွက်များ ဆွဲအားကြောင့် စင်စစ် ထိုအချိန်၌ လေယာဉ်ပျံ အရှိန်မှာလည်း တဖြည်းဖြည်းနှေး လာပြီဖြစ်၏။ အကယ်၍ ယခုအတိုင်း ညာဘက်မြက်ခင်းပေါ်တွင် ဘီးတစ်ဖက်ချ၍ မောင်းသွားလျှင်လည်း စက္ကန့်ပိုင်း၌ပင် လေယာဉ်ပျံကြီးမှာ အရှိန်ရပ်သွားတော့မည်။

သို့သော် ဗိုလ်ဝင်းဖေက ထိုသို့ သမရိုးကျ ရပ်နည်းမျိုးနှင့် မရပ်။ သူ့ကို မျှော်စင်ပေါ်မှ စောင့်ကြည့်နေသော သူငယ်ချင်း လေသူရဲများက 'ဖေဝင်း လေယာဉ်ပျံ ဒီနေ့ မြက်စားတယ်ဟေ့' ဟု နောက်ပြောင်မည်ကို ရှက်ပြီး၊ ကြောက်ပြီး၊ မခံချင်ဖြစ်ပြီး ရိုးရိုး ရပ်ခါနီး လေယာဉ်ပျံကို မရပ်ပစ်ဘဲ စက်အားကို 'ဝေါ'ခနဲ အဆုံး ပြန်မြှင့်၍ လေထဲပြန်တက်ရန် ကြိုးစားတော့၏။ သူ့စိတ်တွင်မူ နောက်တစ်ကြိမ် လူပုံအလယ်တွင် လှလှပပပြန်ဆင်းရန် အားခဲထား ဟန်ရှိ၏။

သူ့ရည်ရွယ်ချက် အထမမြောက်ပါ။

လေယာဉ်ပျံကြီးမှာ ထောင်ချောက်တွင် ခြေတစ်ဖက်မိထား သော ကျားကြီးတစ်ကောင် မာန်ဖီပြီး ရုန်းထနေသကဲ့သို့ မြက်ခင်းထဲမှ ရွံ့တောထဲတွင် ဘီးတစ်ဖက်နစ်နေပြီး စက်သံကြီး ကျယ်လောင်စွာမြည် ဟည်းလျက် ညာဘက်သို့ ပိုဆွဲပြီးပြေးတော့၏။ ထိုနောက်စက္ကန့် အတွင်းတွင်ပင် လေယာဉ်ပြေးလမ်းဘေး ကိုက်သုံးရာခန့်တွင် ဆောက်

ထားသော မြို့ပြလေကြောင်းဌာနမှ အလုပ်သမားများ နေထိုင်သည့် အိမ်တစ်လုံးနှင့် ဝင်တိုက်မိပြီး 'ဝုန်း'ခနဲ မီးလောင်ပေါက်ကွဲသွားတော့သည်။

'ခွေးမသား. . . ခွေးမသား၊ အရှုး. . အရှုး၊ သေတော့မယ်၊ သေတော့မယ်၊ စက်ပိတ် စက်ပိတ်၊ သေပြီ. . .'

စောစောက ဣန္ဒြေရရနှင့် ပြုံးကြည့်နေသော ဗိုလ်ဖေဝင်း၏ နည်းပြဆရာ ဗိုလ်မှူးမြတ်စိုးမှာ ချက်ချင်းရူးသွပ်သွားသကဲ့သို့ ဖေဝင်း လေယာဉ်ပျံစက်အား ပြန်တင်လိုက်သည့် အချိန်မှစပြီး အထက်ပါ အတိုင်း ရေရွတ်၍ ခုန်ဆွခုန်ဆွနှင့် ဖြစ်နေ၏။ စောစောက ရယ်မောနေကြသော အမှတ်(၁)အုပ်မှ လေသူရဲအားလုံးမှာလည်း ချက်ချင်း ကြက်သေ သေနေကြသကဲ့သို့ မျက်လုံးအပြူးသားနှင့် ငြိမ်ကြည့်နေကြ၏။ ဘယ်သူမှ ဘာမှမလုပ်တတ်ကြ။ ထို့နောက် တစ်မိနစ်ခန့်ကြာမှ ရုတ်တရက် အတူတူ တိုင်ပင်ထားကြသလိုပင် လေယာဉ်ပျက်ရှိရာသို့ မျှော်စင်မှ ဝုန်းခနဲ ပြေးဆင်းသွားကြတော့သည်။

ဤအဖြစ်အပျက် ဖြစ်ပွားခဲ့သည်မှာ ယနေ့ဆိုလျှင် ရှစ်နှစ်ပင် ပြည့်ခဲ့လေပြီ။ သို့သော် ဗိုလ်ကြီး အောင်သင်း၏ စိတ်တွင် မည်သို့မှ မေ့မရ။ တစ်ခါတစ်ခါ အတွေးလွန်သည့်ညများတွင် အိပ်မက်ဆိုးများပင် ယောင်ယမ်း၍ မက်တတ်ပါသေးသည်။

"ဆရာ ကျွန်တော်တို့ ဒီကနေ့ ရန်ကုန် ဆင်းတော့မယ်၊ ဘာမှာချင်သေးသလဲ"

ကျော်ကျော်ဝင်းနှင့် ဗိုလ်မြင့်ဦးတို့မှာ ဘယ်အချိန်က သူ့ဘေးတွင် ရောက်ခဲ့ကြသည် မသိပါ။ လေတပ်ဦးစီးချုပ်ရှိရာ စင်မြင့်သို့ ငေးကြည့်၍ အတွေးလွန်သော သူ့အားစကားပြောသံကြား

လာတော့မှ သတိထားမိတော့သည်။

"ဘာမှ အထူးမှာစရာတော့ မရှိပါဘူးဗျာ၊ တစ်ခုပဲ ကျွန်တော် ပြောလိုက်ချင်ပါတယ်၊ ဒီစကားကလည်း ကျွန်တော့်ဘဝ အတွေ့အကြုံအရ ရရှိခဲ့တဲ့ အဖိုးမဖြတ်နိုင်တဲ့ သင်ခန်းစာတွေအပေါ် မူတည်ပြီး ပြောရတာပါ၊ အထူးအဆန်းစကားလည်း မဟုတ်ပါဘူး၊ ခင်ဗျားတို့လည်း ကြားဖူးမှာပါ၊ လောကမှာ ယောကျ်ားကောင်းဆိုတာ သိပ်သတ္တိရှိတဲ့လူ၊ စွန့်စားချင်တဲ့လူ၊ သူများ မလုပ်ရဲတာကို လုပ်ရဲတဲ့ လူမျိုးကို ခေါ်တာမဟုတ်ဘူး၊ ပတ်ဝန်းကျင်က ကိုယ့်ကို ချီးမွမ်းတာတို့၊ ကဲ့ရဲ့တာတို့ကို ဘာမှ မတုန်လှုပ်ဘဲ ပတ်ဝန်းကျင်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ဝံ့ပြီး ကိုယ့်အသိဉာဏ် ဦးနှောက်ထဲက မှန်တယ်လို့ ထင်တာ မျိုးကို လုပ်နိုင်တဲ့လူမျိုးကိုမှ ခေါ်တာ၊ ခင်ဗျားတို့ ယောကျ်ားကောင်း တွေ ဖြစ်လာအောင် ကြိုးစားပါ။ ကျွန်တော် ခင်ဗျားတို့ကို သိပ်သတ္တိရှိ ပြီး သိပ်စွန့်စားဝံ့တဲ့ သူရဲကောင်း လေသူရဲတွေအဖြစ် မမြင်ချင်ဘူး။ တာဝန်ကို ကျေပြီး အသက်ရှည်အောင်နေနိုင်တဲ့ လေသူရဲတွေအဖြစ်ပဲ မြင်ချင်ပါတယ်"

ဗိုလ်ကြီး အောင်သင်းသည် စကားအပို မပြောတတ်သူမို့ သူ့ ရင်ထဲရှိတဲ့စကားများကို ရိုးရိုးရှင်းရှင်းပင် ပြောချလိုက်၏။ သူ့ တပည့်နှစ်ဦး သဘောပေါက်မှ ပေါက်ကြပါလေစ။

**ငွေတာရီမဂ္ဂဇင်း၊ ၁၉၇၂၊ အောက်တိုဘာ**

## ပြေးလမ်းပေါ်မှာ

မိုးသည် သည်းသည်းမဲမဲ ရွာလျက်ရှိ၏။

ဗိုလ်ကြီးမြတ်ထွန်းသည် သူ့လေယာဉ်ပျံ၏ ဒိုင်ခွက်များကို ဂရုတစိုက်ကြည့်ရင်း လေယာဉ်တိမ်းစောင်းမသွားရန် အထူးကြိုးစား မောင်းနှင်နေရ၏။ သူ တိမ်ထဲ ဖောက်ဝင်ခဲ့သည်မှာ ငါးမိနစ်ခန့် ရှိသွားလေပြီ။

သူသည် သူ့လေယာဉ်အတောင်ဘေးတွင် ကပ်လိုက်ကြမည့် လေယာဉ်ပျံနှစ်စီးမှ လေသူရဲတို့၏ အန္တရာယ်ကိုလည်း စိတ်ထဲက ကျိတ်၍ စိုးရိမ်နေ၏။ ထိုလေယာဉ်နှစ်စီးကို လှည့်၍လည်း ကြည့်လိုက်ချင်၏။

သို့သော် မကြည့်ဝံ့။

ရာသီဥတုဆိုးအတွင်းတွင် ဒိုင်ခွက်များကို တစ်ချက်မျက်စိက လွှတ်လိုက်သည်နှင့် တစ်ခုခုဖြစ်သွားနိုင်သည် မဟုတ်လား။

မိုးပေါက်များမှာ သူ့လေယာဉ်ပျံ လေကာမှန်ပေါ်သို့ တစ်ဖောက်ဖောက် ကျလျက်ရှိ၏။

ပတ်ဝန်းကျင်တွင် ဖြူဆွတ်နေသော တိမ်ငွေ့များမှအပ ဘာမှမမြင်ရ။ သူ့အပြင်လောက ပတ်ဝန်းကျင်လေထုမှာ အလွန် အေး၍နေမည်။

ရေခဲမှတ်နီးပါးရောက်၍ နေကောင်းနေပေမည်မှာ အမှန်ဖြစ်၏။

သို့သော် သူ့မျက်နှာတွင် လေယာဉ်ပျံကို ကြိုးစားထိန်းနေရသည့်ဒုက္ခကြောင့် ချွေးတစ်ပေါက်ပေါက် ကျဆင်းလျက်ရှိ၏။

ထိုအချိန်၌ပင် ရုတ်တရက် တိမ်ထုအတွင်းမှ သူ့လေယာဉ်ပျံ ထိုးဖောက်ထွက်လိုက်နိုင်ပြီး စိမ်းလန်းနေသော မြေပြင်ကြီးကို မြင်လိုက်ရ၏။

သူသည် ရုတ်ခြင်းပင် သူ့ပေါင်တွင် ကပ်ချိတ်၍ထားသော မြေပုံကိုထုတ်ယူပြီး ရောက်ရှိနေသော မြေပြင်အနေအထားနှင့် တိုက်ကြည့်လိုက်၏။ ရုတ်တရက် သူ ဘယ်ရောက်နေသည်ကို တွေးမရ။ ထိုအချိန်၌ပင် သူ့အရှေ့ မိုးကုတ်စက်ဝိုင်းအနီး၌ ကန့်လန့်ဖြတ်နေသော ချောင်းကြီးတစ်ခုကို လှမ်းမြင်လိုက်ရပြန်သည်။

သူ ရောက်နေသော နေရာကို ချက်ချင်းမှန်းဆနိုင်လေပြီ။

ဖြူးချောင်း . . .

ဖြူးချောင်းကို မြင်လျှင် သူ တောင်ငူကျော်လာပြီ။ မင်္ဂလာဒုံမှ မိုင်တစ်ရာအတွင်း ရောက်လာပြီ။

ဤအသိမှာ မြန်မာလေသူရဲတိုင်း မြန်မာပြည်မြောက်ပိုင်းမှ ရန်ကုန်ဘက် ပြန်ဆင်းလာလျှင် ဖြူးချောင်းကိုမြင်သည်နှင့် ချက်ချင်း

ဝင်လာသည့်အသိဖြစ်၏။

မှန်သည်။

မိနစ်ပိုင်းအတွင်းပင် ဖြူးမြို့ကိုလည်း မြင်ရလေပြီ။

ထိုအချိန်၌ အရှေ့ဘက်ကို လှမ်းကြည့်လိုက်လျှင် စစ်တောင်းမြစ်ကိုလည်း အထင်အရှား မြင်တွေ့နေရ၏။

"မှော်ဘီမျှော်စင် ရဲခေါင် လေယာဉ်ပျံအုပ်စုက ပြောနေတယ်၊ ကျုပ်တို့ မိုင်တစ်ရာအတွင်း ရောက်လာပြီ။ အမြင့်ပေ တစ်သောင်းတစ်ထောင် သွားလမ်းအိမ်မြောင်ညွှန်း တစ်ကိုးသုညဒီဂရီ၊ မှော်ဘီရောက်မည့်အချိန် ဆယ့်ကိုးငါးသုညနာရီ ဒါပဲ"

"ရဲခေါင်အုပ်စု မှော်ဘီမျှော်စင်က ပြန်ပြောနေတယ်၊ ကျွန်တော်တို့ဆီမှာတော့ ရာသီဉတု မကောင်းဘူး၊ တောင်ဘက်က မုန်တိုင်းတစ်ခု ဝင်လာနေပုံရတယ်၊ ခင်ဗျားတို့ ရင်ဆိုင်နေရတဲ့ ရာသီဉတု အခြေအနေ သတင်းပို့ပါ၊ ဒါပဲ"

"ကျွန်တော်တို့ ခုလောလောဆယ် တိမ်က လွတ်လွတ်ကင်းကင်း ပျံနေကြတယ်၊ ဒါပေမယ့် စောစောကတော့ တစ်လမ်းလုံး တိမ်ထဲဝင်လိုက်၊ ထွက်လိုက်ပဲ၊ ခုရှေ့မြင်ကွင်းမိုင် ၂၀ လောက်ရှိ တယ်၊ ကျုပ်တို့ ဆင်းလာခဲ့ရမလား"

"လာခဲ့ပါ ဒါပေမယ့် နီးလာရင် ထပ်သတင်းပို့ပါဦး"

"ဟုတ်ကဲ့၊ ကျေးဇူးပဲဗျာ"

ဗိုလ်ကြီး မြတ်ထွန်းသည် ရေဒီယို စကားပြောခွက်ကို ပြန်ချလိုက်ပြီး သူ့လေယာဉ်ဦးကို ညာဘက်သို့ ဆယ်ဒီဂရီခန့် ရွှေ့လိုက်၏။ သူ့ရည်ရွယ်ချက်မှာ မှော်ဘီပတ်ဝန်းကျင်တစ်ဝိုက်တွင် ရာသီဉတု မကောင်းဟုဆိုသဖြင့် မြေပြန့်ပေါ်သော ဧရာဝတီမြစ်ကြောင်းဘက်မှ

လှည့်ဝင်ရန်ဖြစ်၏။

သူတို့ ပျံသန်းနေကြသော ရာသီဉတု အခြေအနေမှာ ကောင်းမြဲ ကောင်းဆဲဖြစ်၏။

မော်ဘီတစ်ဝိုက်တွင် ရာသီဉတုဆိုးနေသည်ဟုဆိုသော မော်ဘီ မျှော်စင်မှပြောစကားမှာ သူတို့ယခုရင်ဆိုင်တွေ့နေသော ရာသီဉတု အခြေအနေနှင့်ယှဉ်လျှင် ယုံနိုင်စရာမရှိပါ။

မိနစ်ပိုင်းအတွင်းပင် သူတို့ဗိုက်အောက်တွင် မြို့ကြီးတစ်မြို့ ပေါ်လာပြန်၏။

"မော်ဘီမျှော်စင် ရဲခေါင်အုပ်စု၊ သာယာဝတီမြို့ပေါ် ရောက် နေပြီ၊ ခင်ဗျားတို့ လေယာဉ်ကွင်းအခြေအနေ ဘယ်လိုလဲ၊ ဒါပဲ"

"ရဲခေါင်အုပ်စု. . . မျှော်စင်က ပြန်ပြောနေတယ်၊ ကျွန်တော် တို့ လေယာဉ်ကွင်းပေါ်မှာ မိုးအကြီးအကျယ် စရွာနေပြီ၊ မင်္ဂလာဒုံ လေယာဉ်ကွင်း အခြေအနေလည်း မကောင်းဘူးလို့ ပြောတယ်၊ မော်ဘီအတိုင်းပဲ မိုးအကြီးအကျယ် ရွာနေတယ်တဲ့၊ ဖြစ်နိုင်ရင် ကျွန်တော်တို့ ကွင်းဆက်မလာဘဲ တခြားလမ်းက ကွင်းတစ်ကွင်းကို ဆင်းပါ"

"ဟုတ်ကဲ့၊ ကောင်းပြီလေ၊ ဒီလိုဆိုရင်လည်း ကျွန်တော်တို့ ဟင်္သာတကွင်းမှာ ခဏဆင်းနေမယ်၊ အမှတ် (၁) အုပ်မှူးကို ပြော လိုက်ဗျာ၊ ကျွန်တော်တို့ ဟင်္သာတတကွင်း ဆင်းသွားပြီလို့"

"ဟုတ်ကဲ့ ဗိုလ်ကြီး၊ စိတ်ချပါ၊ ပြောလိုက်မယ်"

ဗိုလ်ကြီး မြတ်ထွန်း ဦးဆောင်သော ရဲခေါင်အုပ်စုမှ (ဆီး ဖားရာ) တိုက်လေယာဉ်ပျံသုံးစီးမှာ မော်ဘီမျှော်စင်နှင့် အဆက် အသွယ်လုပ်ပြီးသည်နှင့် သာယာဝတီမြို့ပေါ်မှ ဟင်္သာတမြို့ရှိသော

အနောက်စူးစူးသို့ လေယာဉ်ဦးကိုလှည့်လိုက်ကြ၏။

ဟသ်ာတမြို့နှင့် သာယာဝတီမြို့မှာ လေကြောင်းခရီးအားဖြင့် ဝေးသောခရီး မဟုတ်ပါ။

မိုင်သုံးဆယ်ခန့်မျှ ရှိ၏။

တစ်နာရီ မိုင် ၂၁၀ နှုန်းဖြင့် ပျံသန်းနိုင်သည့် ဆီးဖားရား တိုက်လေယာဉ်ပျံဖြင့် ၈ မိနစ်မျှသွားရမည့် ခရီးဖြစ်၏။

အချိန်မှာ ၁၉၅၆ ခုနှစ်၊ ဇူလိုင်လအတွင်း ဖြစ်၏။

မြန်မာနိုင်ငံ၏ မုတ်သုံရာသီအလယ်လဖြစ်၍ မြန်မာပြည် အောက်ပိုင်း၌ မိုးအဆက်မပြတ်ရွာနေသည်မှာ နှစ်ပတ်ခန့် ရှိသွားလေပြီ။

ဗိုလ်ကြီးမြတ်ထွန်း ခေါင်းဆောင်သည့် တိုက်လေယာဉ်ပျံ သုံးစီးမှာ နမ့်ဆန်လေတပ်ဆွယ်မှာ စစ်ဆင်ရေး တာဝန်များ ထမ်းဆောင်ပြီး မှော်ဘီလေတပ်စခန်းသို့ ပြန်လာကြခြင်း ဖြစ်၏။ ဗိုလ်ကြီးမြတ်ထွန်းတို့၏ ရဲခေါင်လေယာဉ်ပျံအုပ်စုမှာ အင်္ဂလိပ်စာလုံး (V) ပုံသဏ္ဌာန်ဖြစ်၏။

တစ်နည်းအားဖြင့် မြားဦးသဏ္ဌာန်ဟုလည်း ဆိုနိုင်သည်။

ရှေ့ဆုံးမှ ခေါင်းဆောင်လေယာဉ်ပျံဖြစ်သော ဗိုလ်ကြီးမြတ်ထွန်း လေယာဉ်ပျံက နေရာယူပြီး ဘယ်ဘက်တွင် ဗိုလ်ကျော်ကျော်နှင့် ညာဘက်တွင် ဗိုလ်မောင်ညိုတို့ လေယာဉ်ပျံများ နေရာယူပျံသန်းခဲ့ကြခြင်းဖြစ်၏။

ယနေ့ သူတို့ နမ့်ဆန် လေတပ်စခန်းမှ ထွက်လာသည့် အချိန်မှစပြီး လမ်းတစ်လျှောက်လုံးတွင် ရာသီဥတုလုံးဝ မကောင်းပါ။ တိမ်ထူနေပြီး မိုးသားများကို သယ်ဆောင်လာသည့် ကြောက်စရာ

တိမ်းလုံးကြီးများကို တစ်လမ်းလုံး ရှောင်မောင်းခဲ့ရ၏။

"ဟော့ကောင်တွေ ဟသ်ာတတော့ တွေ့ပြီကွ"

မှန်သည်။

ဟသ်ာတမြို့ကြီးမှာ သာယာဝတီမြို့မှ လှည့်ခဲ့၍ ငါးမိနစ်ခန့် ကြာလျှင်ပင် သူတို့ရှေ့မြင်ကွင်းတွင် ထင်ရှားစွာတွေ့ မြင်နေရလေပြီ။

ဟသ်ာတမြို့မှာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသောမြို့ဖြစ်၏။

ကားလမ်းများလာဆုံသောမြို့လည်း ဖြစ်ဟန်ရှိ၏။

လေယာဉ်ပျံပေါ်မှ လှမ်းကြည့်လျှင် အနောက်ဘက်မှလာသော ကားလမ်းငါးခုခန့် ဟသ်ာတမြို့တွင် လာဆုံနေကြသည်ကို မြင်တွေ့နေရ၏။

"မောင်ညို မင်း ဒီကွင်းဆင်းဖူးလား"

"မဆင်းဖူးဘူး"

"ကျော်ကျော်ရော"

"ကျွန်တော် မနှစ်ကတစ်ခါ ဆင်းခဲ့ဖူးတယ်"

"ဒါဖြင့် ငါ အရင်ဆင်းမယ်၊ နောက် ကျော်ကျော် ဆင်း၊ ကျော်ကျော်ဆင်းပြီးမှ မောင်ညိုလိုက်ခဲ့"

ဗိုလ်ကြီးမြတ်ထွန်းသည် သူ့ရဲဘော်များကို အမိန့်ပေးပြီးသည်နှင့် တစ်ပြိုင်နက် ဟသ်ာတလေယာဉ်ကွင်းပေါ် ဆင်းရန် ထိုးစိုက်၍ နိမ့်ဆင်းသွား၏။

တစ်မိနစ်ခန့်အတွင်းမှာပင် လေယာဉ်ကွင်းထိပ်သို့ ရောက်သွားပြီး လေယာဉ်ဘီးများကို ညင်သာစွာချ၍ ပြေးလမ်းပေါ်သို့ ဆင်းသက်သွား၏။

ဟသ်ာတကွင်းမှာ တကယ်တော့ ထိုအချိန်က လေယာဉ်ပျံများ ဆင်းနေကျကွင်း မဟုတ်ပါ။

အရေးပေါ်အချိန်အခါများမှ ဆင်းကြသော ကွင်းဖြစ်၏။

ဟသ်ာတမြို့၏ တောင်ဘက်ယွန်းယွန်း၊ လယ်ကွင်းထဲတွင် ဖောက်ထားသော ကွင်းဖြစ်၏။ လေယာဉ်ပြေးလမ်းမှာ ကတ္တရာစေးလမ်း မဟုတ်။

မြေလမ်းဖြစ်၏။

တိုလည်း တိုလှ၏။

လေယာဉ်ထိန်း မျှော်စင်လည်းမရှိ။

လေယာဉ်ပျံအဆင်းအတက်တွင် လေသူရဲများ အလွန်သတိထားရသော ကွင်းဖြစ်၏။

"ဟော့. . ဟော့ ဟိုမှာ ကြည့်စမ်း၊ ကိုမြတ်ထွန်းကြီး ဘာဖြစ်သွားတာလဲ မသိ၊ ဖင်ထောင်နေပြီ"

ကျော်ကျော်သည် သူ့လေယာဉ်ပျံကို ဗိုလ်မောင်ညို လေယာဉ်ပျံ တောင်ပံအနီးတွင် ကပ်၍ပျံသန်းရန် ကြိုးစားနေစဉ် တစ်ဖက်မှ ဗိုလ်မောင်ညို၏ အလန့်တကြား အော်သံကြောင့် ဗိုလ်ကြီးမြတ်ထွန်း လေယာဉ်ပျံရှိရာသို့ လှမ်းကြည့်လိုက်၏။

မှန်၏။

ဗိုလ်ကြီးမြတ်ထွန်းလေယာဉ်မှာ ကွင်းအဆင်းတွင် ဘယ်သို့ဖြစ်သည်မသိပါ။

လေယာဉ် ပြေးလမ်းတစ်ဖက်အစပ်၌ မြေကြီးတွင်ခေါင်းစိုက်လျက် နောက်မြီးက မိုးပေါ်သို့ထောင်နေပြီး ပြောင်းပြန်လှန်၍ ရပ်လျက် ရှိ၏။

"ဟေ့ ဒီလူကြီး ဘီးတစ်ဖက် မြောင်းထဲကျသွားတာလား မသိဘူး၊ ငါလိုက်သွားမယ်ဟေ့"

"အေး အေး မင်းလဲ သတိထားဦး"

"စိတ်ချပါ၊ ငါ ဆင်းဖူးပါတယ်"

ဗိုလ်ကျော်ကျော်သည် ချက်ချင်းပင် ဗိုလ်မောင်ညို လေယာဉ် အနီးမှခွာ၍ ဗိုလ်ကြီးမြတ်ထွန်း လေယာဉ်ပျံ ဇောက်ထိုးမိုးမျှော်ဖြစ် နေသော လေယာဉ်ပျံကွင်းရှိရာသို့ စိုက်ဆင်းသွားခဲ့၏။

အချိန်မှာ နေ့လည် ၂ နာရီခန့် ရှိလေပြီ။

တစ်မိနစ်အတွင်းပင် ဗိုလ်ကျော်ကျော်၏ လေယာဉ်ပျံမှာ ကွင်းထိပ်သို့ ရောက်သွား၏။

သူသည် သူ့လေယာဉ်ပျံဘီးများ စနစ်တကျချနိုင်ခြင်း ရှိ၊ မရှိကို စစ်ဆေးလိုက်၏။

မီးစိမ်းလေးများ တောက်ပစွာလင်းနေသည်ကို မြင်လိုက်ရ၏။

ဘီးချပြီးလေပြီ။

သူသည် သူ့လေယာဉ်ပျံ၏မြန်နှုန်းကို တဖြည်းဖြည်း လျှော့ ချသွား၏။

ကွင်းစပ်သို့ ရောက်သောအခါ သူ့ လေယာဉ်ပျံ၏ မြန်နှုန်း မှာ မိုင် ၉၀ ပင် မရှိတော့ပါ။ ပြေးလမ်းထိပ်သို့ မရောက်မီ ဆယ် ကိုက် အလိုခန့်တွင်မူ သူသည် စက်များကို အဆုံးထိလျှော့ချလိုက်၏။

စက္ကန့်ပိုင်းအတွင်း သူ့လေယာဉ်ဘီးများ ပြေးလမ်းပေါ် ရောက် သွားလေပြီ။

"ဟင်. . . ဒုက္ခပဲ၊ ဗွက်တွေနဲ့ ပြည့်နေပါလား"

ဗိုလ်ကျော်ကျော်သည် ပြေးလမ်းပေါ်သို့ ရောက်သည်နှင့်

သူ့ ဟာသူလန့်၍ အော်လိုက်၏။ သူ့ခြေထောက်များကလည်း သွက်လက်စွာပင် လေယာဉ်ဘေးဆွဲမသွားရန် ပဲ့ကို ဘယ်ဘက်ကန်လိုက်၊ ညာဘက်ကန်လိုက်နှင့် အလုပ်များနေ၏။

ထိုအချိန်၌ပင် ဗိုလ်ကြီး မြတ်ထွန်း၏ အသံ ရေဒီယိုလှိုင်းမှ ရုတ်တရက် ပေါ်လာ၏။

"ကျော်ကျော် ဘရိတ်လုံးဝမသုံးနဲ့၊ ဒီအတိုင်း မျှောလိုက်သွား"

ကံကောင်းလှသည်။

သူသည် လေယာဉ်ပြေးနေသည့် အရှိန်များနေသည့်အတွက် မြန်မြန်ရပ်သွားရန် ဘရိတ်ကို သုံးမည့်ဆဲဆဲ ဖြစ်၏။

အကယ်၍ ယခုကဲ့သို့ ရွှံ့ဗွက်များနှင့် ပြည့်နေသည့် လေယာဉ်ကွင်း၌ ဘရိတ်သုံးမိလျှင် လေယာဉ်ပျံဘီးမှာ တစ်ဖက်ဖက်သို့ ချော်၍ ဒရွတ်တိုက်ဆွဲပြီး အန္တရာယ်တွေ့နိုင်ပေသည်။

ယခုအခါ လေယာဉ်ပြေးလမ်းပေါ်တွင် ခေါင်းစိုက်၍ ပျက်စီးနေသည့် ဗိုလ်ကြီးမြတ်ထွန်း၏ လေယာဉ်မှာလည်း မဆင်မခြင် ဘရိတ်များသုံးမိ၍ အန္တရာယ်တွေ့ထားဟန်ရှိသည်ကို ချက်ချင်းရိပ်မိလိုက်၏။

စက္ကန့်ပိုင်းအတွင်းတွင် ကျော်ကျော့် လေယာဉ်ပျံ ရပ်သွားလေပြီ။

ဗိုလ်ကျော်ကျော် လေယာဉ်ပျံ ရပ်သွားသောနေရာနှင့် ဗိုလ်ကြီး မြတ်ထွန်း လေယာဉ်ကျွမ်းစိုက်သောနေရာမှာ ကိုက် ၂၀ ခန့်သာ ဝေးမည် ဖြစ်သည်။

ဗိုလ်ကျော်ကျော်သည် ကျွမ်းစိုက်နေသော လေယာဉ်ပျံ စက်စခန်းတွင် ပိတ်မိနေဟန်ရှိသည့် ဗိုလ်ကြီးမြတ်ထွန်းကို အချိန်မီ

ဆွဲထုတ်ရန်အတွက် သူ့လေယာဉ်စက်ခလုတ်များကို ချက်ချင်း သွက်လက်စွာ ပိတ်ပင်လိုက်၏။

သို့သော် သူမျှော်လင့်ထားသလို ဗိုလ်ကြီးမြတ်ထွန်းမှာ ဖြစ်မနေပါ။

ရုတ်ခြည်းပင် ကျွမ်းစိုက်နေသော လေယာဉ်များအောက်မှ ငုံ့လျှိုထွက်လာပြီး လေယာဉ်ခန်းထဲမှ မထွက်နိုင်သေးသော သူ့ထံသို့ ပြေး၍လာနေ၏။

စက္ကန့်ပိုင်းအတွင်း သူ့လေယာဉ်အနီးရောက်လာပြီး အတောင်ပံတစ်ဖက်ပေါ်သို့ ခုန်တက်လိုက်၏။

"ခွေးကောင်လေး မင်းဘာလို့ ငါ့အမိန့်မရဘဲ ဇွတ် ဆင်းလာရသလဲ၊ ငါ့လေယာဉ် ကျွမ်းပြန်သွားကတည်းက လေယာဉ်ပြေးလမ်း မကောင်းဘူးဆိုတာ မင်း မတွေးမိဘူးလား၊ ဉာဏ်မရှိဘူးလား"

ဗိုလ်ကြီးမြတ်ထွန်းက ဒေါကြီးမောကြီးနှင့် ဗိုလ်ကျော်ကျော်ကို အော်ငေါက်လိုက်၏။ ဗိုလ်ကြီးမြတ်ထွန်းအသွင်မှာ အလွန်စိတ်ဆိုးနေဟန်များလည်း ဖုံးမရအောင် ပေါ်လွင်နေလျက် ရှိ၏။

"ခင်ဗျားကလည်း ဟောက်မနေစမ်းပါနဲ့ဗျာ၊ ကျုပ်တို့ တွေးမိသားပဲ၊ ပြေးလမ်းမကောင်းဘူးဆိုတာ၊ ခင်ဗျား လေယာဉ်ကြီးက ဇောက်ထိုးဖြစ်နေတော့ မတော်တဆ ခင်ဗျား စက်ခန်းထဲပိတ်မိနေရင် သေမှာစိုးလို့ အချိန်မီကယ်တင်နိုင်အောင် ဆင်းလာခဲ့ရတာ"

ဗိုလ်ကျော်ကျော်က အေးဆေးစွာပင် ဗိုလ်ကြီးမြတ်ထွန်းကို ပြောလိုက်၏။

စောစောက ဒေါသမီးများနှင့် တောက်လောင်နေသော ဗိုလ်ကြီးမြတ်ထွန်း၏ မျက်နှာမှာ ချက်ချင်းပင် ပြန်လည်ကြည်လင်၍

သွားသည်။ ကျော်ကျော်ကို မဆင်မခြင် ဟောက်လိုက်မိသဖြင့် ရင်ထဲတွင် အားနာသလိုလည်း ဖြစ်သွားမိ၏။

ထိုအချိန်၌ လေထဲတွင်ကျန်နေသော ဗိုလ်မောင်ညို၏ လေယာဉ်ပျံမှာလည်း ကွင်းဆင်းရန်အတွက် ပြေးလမ်းထိပ်ကို အမြင့်မှ ထိုးစိုက်ဆင်းလာနေပြီ ဖြစ်၏။

"ဟော့ကောင်လေး ပေးစမ်း၊ မင်းစကားပြောခွက်"

ဗိုလ်ကြီးမြတ်ထွန်းသည် ရေဒီယိုစကားပြောခွက်ကို ဆတ်ခနဲ ဗိုလ်ကျော်ကျော်လက်မှ ဆွဲယူလိုက်ပြီး သူ့နားတွင် တပ်လိုက်၏။

ထိုအချိန်၌ ဗိုလ်မောင်ညို၏ လေယာဉ်ပျံမှာ ပြေးလမ်းထိပ်ရောက်ရန် ကိုက်တစ်ရာခန့်သာ လိုတော့သည်။

"ရဲခေါင်(၃) ရဲခေါင် ခေါင်းဆောင် ပြောနေတယ်၊ အသံကြား အကြောင်းပြန် ဒါပဲ"

"ရဲခေါင် ခေါင်းဆောင် ရဲခေါင် (၃) က ပြန်ပြောနေတယ်၊ ကျွန်တော်ကွင်းစပ် ရောက်နေပြီ၊ ဆင်းတော့မယ်၊ ဒါပဲ"

"ဟော့ကောင် မဆင်းနဲ့၊ ပြန်တက်၊ ပြန်တက်၊ ပြေးလမ်းတစ်ခုလုံး ဗွက်တွေချည်းပဲ၊ ကျော်ကျော်နဲ့ ငါတောင် ကံကောင်းလို့ မသေကြတာ"

ဗိုလ်မောင်ညို၏ လေယာဉ်ပျံမှာ ဝေါခနဲ စက်အားပြန်တင်သည့်အသံ ကြားလိုက်ရပြီး ဗိုလ်ကြီးမြတ်ထွန်းနှင့် ဗိုလ်ကျော်ကျော်တို့ ခေါင်းပေါ်မှကပ်၍ ဖြတ်ပျံပြီး လေထဲပြန်ထောင်တက်၍ သွား၏။

"ကိုမြတ်ထွန်း ကျွန်တော် ဘာဆက်လုပ်ရမှာလဲဗျ"

"ဘာလုပ်မှာလဲ ငါ့ညီရာ၊ မှော်ဘီပြန်တော့ပေါ့"

"ဟာဗျာ၊ ခင်ဗျားကြီးကလည်း ဟိုမှာ မိုးသည်းသည်းမဲမဲ ရွာချနေပါတယ်ဆို"

"အေး ဟုတ်သားပဲ၊ ပြည်လေယာဉ်ပျံကွင်းကို ဆက်သွားဟေ့၊ ပြည်မြို့က ဒီကနေ အိမ်မြှောင်ညွှန်း ၃၄၅ လောက်မှာ ရှိတယ်၊ မင်းမှာ ဓာတ်ဆီကျန်သေးတယ် မဟုတ်လား"

"ကျန်ပါတယ်၊ တစ်နာရီလောက်ကို ကျန်သေးတယ်"

"ကဲ. . ဒါဆိုရင် ကြွပေတော့၊ မှော်ဘီကိုလည်း တို့ဖြစ်တာတွေ အကြောင်းကြားလိုက်ကွာ"

"ဟုတ်ကဲ့"

ဗိုလ်မောင်ညို လေယာဉ်ပျံမြောက်စူးစူးသို့ ဦးတည်ထွက်သွားလေပြီ။

ဟင်္သာတနှင့် ပြည်မှာ လေကြောင်းခရီးဖြင့် မိုင် ၈၀ ခန့်သာ ဝေးသော ခရီးဖြစ်၏။ လမ်းတွင် မည်သည့်အခက်အခဲမှ မတွေ့ရ။ ဗိုလ်မောင်ညို၏ လေယာဉ်ပျံ နာရီဝက်အတွင်း ပြည်မြို့သို့ ရောက်သွားပေတော့မည်။

**မြဝတီမဂ္ဂဇင်း၊ ၁၉၇၂၊ ဒီဇင်ဘာလ။**

## မြေအဆုံး မိုးအစ

ဗိုလ်ကြီး မြတ်ထွန်းနှင့် ဗိုလ်ကျော်ကျော်တို့ ဟသ်ာတကွင်း၌ သောင်တင်နေကြသည်မှာ သုံးရက်လုံးလုံး ရှိသွားလေပြီ။

မိုးမှာ သူတို့ ဟသ်ာတကွင်းသို့ ရောက်သည့်အချိန်မှစ၍ မစဲဘဲ ရွာလျက်ရှိ၏။

ယနေ့ မနက်မှ အနည်းငယ် စဲသွားဟန်ရှိပါသည်။

ကောင်းကင်ကြီးမှာ ကြည်လင်လျက်ရှိပြီး နေမင်းကြီးမှာ ထိန်ထိန်လင်းလျက် ရှိပါ၏။

"ကျော်ကျော်. . . မင်း ဒီနေ့တက်လို့ရလိမ့်မယ် ထင်တယ်"

"ဟုတ်ကဲ့. . ကိုမြတ်ထွန်း၊ ရာသီဥတုကတော့ တော်တော်ကောင်းတာပဲ၊ ဒါပေမယ့် ပြေးလမ်းပေါ်က ဗွက်အိုင်တွေ ဦးစိုးတင်တို့ အချိန်မီဖို့လို့ ပြီးပါ့မလား မသိဘူး၊ သူတို့ အချိန်မီပြီးရင်တော့ ကျွန်တော် မရ, ရအောင် တက်မယ်ဗျာ၊ မှော်ဘီက လူတွေလည်း

တော်တော်ကြာ ကျွန်တော်တို့ကို တစ်မျိုးထင်နေဦးမယ်"

"ထင်ထင်ပေါ့ကွာ၊ ဘယ်တတ်နိုင်မလဲကွ၊ သူတို့ မယုံရင် လာကြည့်လှည့်ကြပေါ့၊ ငါ့လေယာဉ်လည်း တစ်နေ့က မဖြစ် ဖြစ်အောင် အဆင်းကောင်းလို့ ကွင်းပေါ်မှာ ဖင်ထောင်နေပြီမဟုတ်လား၊ မင်းပြေးလမ်းပေါ်က ဗွက်အိုင်တွေ သေသေချာချာဖာလို့ မပြီးရင်တော့ တက်ကို မတက်နဲ့၊ မှော်ဘီပြန်ရောက်ရင် အုပ်မှူးကို ရှင်းဖို့ ကိစ္စတွေ ငါ တာဝန် ယူတယ်"

မှန်သည်။

ဗိုလ်ကြီးမြတ်ထွန်း ပြောသည့်အတိုင်းပင်။

လွန်ခဲ့သည့် သုံးရက်နေ့လည်ပိုင်းက မှော်ဘီတွင် ရာသီဥတု ဆိုးနေသဖြင့် စစ်ဆင်ရေးပြန်လာကြသော သူတို့တိုက်လေယာဉ်သုံးစီး ဟသ်ာတကွင်းပေါ် အရေးပေါ် ပထမဆုံး ဆင်းရသည့် လေယာဉ်ဖြစ်၏။

ပြေးလမ်းအခြေအနေမသိဘဲ ဇွတ်ဆင်းရသဖြင့် ဘီးတစ်ဖက် ဗွက်နစ်ကာ ဘေးချော်ပြီး လေယာဉ်ကြီးမှာ ခေါင်းစိုက်သွား၍ ပန်ကာ တစ်ခုလုံး အသစ်လဲရတော့မည် ဖြစ်၏။

ဗိုလ်ကျော်ကျော်၏ လေယာဉ်မှာ ဒုတိယဆင်းသည့် လေယာဉ် ဖြစ်၏။

ဗိုလ်မြတ်ထွန်းမြေပြင်မှ အချိန်မီညွှန်ကြားပြသမှု ကောင်း၍သာ ကွင်းပေါ် ချောချောမောမော ရောက်သွား၏။

တတိယမြောက် ဆင်းရသော ဗိုလ်ညိုမောင်၏လေယာဉ်မှာ ကွင်းပေါ်ပင် မရောက်ပါ။ ပြေးလမ်းအခြေအနေ မကောင်းသဖြင့် ဗိုလ်ကြီးမြတ်ထွန်း၏ အမိန့်အတိုင်း ဟသ်ာတတွင် မဆင်းတော့ဘဲ

ပြည်မြို့လေယာဉ်ကွင်းသို့ လမ်းလွှဲပြီး ဆင်းရ၏။

ဗိုလ်ကြီးမြတ်ထွန်းတို့ ကွင်းပေါ်ရောက်ပြီး နှစ်နာရီခန့် အတွင်းမှာပင် မော်ဘီလေတပ်စခန်းမှ သူတို့ထံ ကြေးနန်းလာပါသည်။ အရေးပေါ် စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရန် (ဆီးဗားရား) တိုက်လေယာဉ်များ စခန်းတွင် နည်းနေသဖြင့် ဗိုလ်ကျော်ကျော် လေယာဉ် မဖြစ် ဖြစ်အောင် စခန်းပြန်ခဲ့ပါဟု . . ။

ထိုအချိန်မှာ ၁၉၅၆ ခုနှစ်အတွင်းဖြစ်၍ ဟသ်ာတလေယာဉ် လမ်းမှာ အခြေအနေ အလွန်ဆိုးနေပါသည်။

ကတ္တရာခင်း လမ်းကောင်းမဟုတ်ဘဲ လယ်ကွင်းများကို ဖြတ်ဖောက်ထားသည့် မြေနီလမ်းဖြစ်သဖြင့် မိုးသည်းထန်စွာ ရွာလိုက်သော အခါ၌ ပြေးလမ်းတစ်ခုလုံး ဗွက်အိုင်များနှင့် ပြည့်နေပါသည်။

ထို့ပြင် ကွင်းမှာ ခြံစည်းရိုး အကာအရံရှိသည်မဟုတ်။ ကျွဲ၊ နွား တိရစ္ဆာန်များ မပြတ်ဖြတ်သွားနေကြသဖြင့် ပြေးလမ်းတစ်ခုလုံး နွားခြေရာ၊ ကျွဲခြေရာချိုင့်မျိုးစုံနှင့် ပြည့်နေပါသည်။

ဗိုလ်ကြီးမြတ်ထွန်းသည် စခန်းမှ ကြေးနန်းဖြင့် ညွှန်ကြားသော အမိန့်အတိုင်း ချက်ချင်းပင် ဟသ်ာတကွင်းမှ ဗိုလ်ကျော်ကျော်၏ လေယာဉ်ပြန်တက်နိုင်ရန် တတ်နိုင်သမျှ ကြိုးစားပါသည်။ ထိုအချိန်မှာ မြူနီစီပယ် တာဝန်ခံအင်ဂျင်နီယာမှာ ဦးစိုးတင် ဖြစ်၏။

ဦးစိုးတင်ထံသူတို့ ချက်ချင်းထွက်သွားပြီး ဦးစိုးတင်၏ အကူအညီနှင့် လမ်းလုပ်သား အများအပြားဖြင့် ဗွက်အိုင်များကို မြေဖို့ရန် ကြိုးစားကြသည်။

သို့သော် မိုးမှာ မပြတ်ရွာနေသဖြင့် သူတို့ကြိုးပမ်းမှုမှာ ဘာအကြောင်းမထူး။

ဖို့ထားသည့် မြေပွမျှားမှာ ရေစီးနှင့် ပြန်ပါသွားကြသဖြင့် ပြေးလမ်းအခြေအနေမှာ ဆိုးမြဲဆိုးနေ၏။

ထို့ကြောင့် မိုးတိတ်မည့်အချိန်ကိုစောင့်ရင်း သူတို့ ဟသ်ာတမြို့၌ သောင်တင်နေခဲ့ကြသည်မှာ သုံးရက်လုံးလုံး ရှိသွားလေပြီ။

ဟသ်ာတမြို့၏ နံနက်ခင်းမှာ အလွန်ချစ်စရာကောင်းလှ၏။

ဗိုလ်ကြီးမြတ်ထွန်းတို့ ခေတ္တတည်းခိုနေကြသော တပ်မတော် (ကြည်း) ခြေလျင်တပ်ရင်း အရာရှိရိပ်သာလေးမှ အဝေးကို လှမ်းကြည့်လျှင် ကုက္ကိုပင်တန်းကြီးမှာ နံနက်ခင်း၏ လတ်ဆတ်သော နေရောင်ခြည်အောက်တွင် စစ်ရေးပြရန်တန်းစီနေကြသည့် စစ်သားများအသွင် မြင်တွေ့နေရ၏။

ဗိုလ်ကြီးမြတ်ထွန်းနှင့် ဗိုလ်ကျော်ကျော်တို့သည် နံနက်စာစားသောက်ပြီးကြသည်နှင့် လေယာဉ်ကွင်းသို့ ဂျစ်ကားတစ်စီးနှင့် ဆင်းလာခဲ့ကြ၏။

အချိန်မှာ နံနက် ၉ နာရီခန့်ရှိလေပြီ။

ဟသ်ာတမြို့၏ မြေအနေအထားမှာ အံ့စရာပင် ကောင်းလှ၏။

ယနေ့မနက်ကမှ နေပြန်ထွက်လာသည်ဟု ဆိုသော်လည်း စောစောက ဗွက်များနှင့် ပြည့်နေသော မြေနီလမ်းမကြီးမှာ အပေါ်ယံမြေပျော့များပျောက်၍ ဖုန်တထောင်းထောင်း ထ၍နေပြန်ချေပြီ။ ရေဝပ်သည့်နေရာဟူ၍ အနည်းငယ်သော ချိုင့်ခွက်များတွင်သာ ရှိတော့၏။

ဟသ်ာတမြို့၏ လေယာဉ်ကွင်းမှာ မြို့၏ အနောက်ဘက် ယွန်းယွန်းတွင်ရှိ၏။

ဗိုလ်ကြီးမြတ်ထွန်းတို့ လေယာဉ်ကွင်းသို့ ရောက်ရှိသောအခါ၌ အင်ဂျင်နီယာ ဦးစိုးတင်နှင့် သူ၏ အလုပ်သမားများမှာ ပြေးလမ်းကို ပြင်ဆင်မြေဖို့လျက် ရှိကြလေပြီ။

ယနေ့ လုပ်အားပေးနေကြသော အလုပ်သမားအရေအတွက်မှာလည်း မနည်းလှ။ ကိုးဆယ်၊တစ်ရာခန့်ပင်ရှိမည်ဟု ထင်ရ၏။

"ဘယ်လိုလဲ၊ ဦးစိုးတင်၊ ဒီနေ့တော့ ပြင်လို့ပြီးပါတယ်နော်"

"ပြီးပါတယ် ခင်ဗျာ၊ ပြီးပါတယ်၊ မိုးမရွာရင် ခုလူအားနဲ့ ပြင်ရရင် ခဏလေးပါ၊ တစ်နာရီထက် ပိုမကြာပါဘူး၊ ဒါပေမယ့် မိုးရွာလိုက်တာနဲ့ ပျက်ဦးမှာပဲ၊ ဪ၊ ဒါထက် ဗိုလ်ကြီးတို့ နှစ်ယောက်စလုံး ဒီနေ့ပြန်ကြမှာလား"

"ဟာ. . ကျွန်တော် ဘယ်လိုလုပ် ပြန်မှာလဲ၊ ဟိုမှာ မမြင်ဘူးလား၊ တစ်နေ့ကအဆင်းမှာ ဖင်ထောင်သွားတဲ့ ကျွန်တော့်လေယာဉ်က ပန်ကာတွေမှ မလဲရသေးပဲ၊ ဗိုလ်ကြီးကျော်ကျော် တစ်ယောက်တစ်ယောက်တည်း ပြန်မှာပါ၊ ကျွန်တော့်လေယာဉ်မှာ အသစ်တပ်မယ့် ပန်ကာတွေက ရေလမ်းက ပို့လိုက်မယ်လို့ပြောတာပဲ၊ ဒီပန်ကာ ရောက်လာပြီး အသစ်လဲပြီးမှ ကျွန်တော် ပြန်ဖြစ်တော့မှာပဲ၊ အနည်းဆုံးတော့ တစ်ပတ်လောက်တော့ ဟသ်ာတမှာ ဆက်နေရဦးမယ်ထင်တယ်"

"ဒါဖြင့် ကောင်းသားပဲ၊ ဗိုလ်ကြီး ပြန်မယ့်အချိန်လောက်ဆိုရင်တော့ ဒီလေယာဉ်ပြေးလမ်းကို ပထမတန်း လေယာဉ်ပြေးလမ်းဖြစ်အောင် ကျွန်တော် ပြင်ထားပေးမယ်၊ ဗိုလ်ကြီးကျော်ကျော်ကတော့ ဒီနေ့တက်မယ်ဆိုရင် စွန့်တက်ရမှာပဲ၊ ကျွန်တော်တို့ ခု မြေဖို့ကြတာ ဘယ်နည်းနဲ့မှ အောက်ခြေက ချက်ချင်း ခိုင်ဦးမှာ မဟုတ်ဘူး၊

နည်းနည်းတော့ ဆွဲမှာပဲ၊ လမ်းကြိတ်စက်နဲ့ စနစ်တကျ ကြိတ်ပြီးခင်းမှ အောက်ခြေခိုင်နိုင်မှာ ဗိုလ်ကြီး၊ ဖြစ်နိုင်ရင် တစ်ရက်လောက် စောင့်ပါဦးလား"

"မဖြစ်ဘူးဗျ၊ ပထမတစ်ကျော့ ဦးစိုးတင်တို့ခင်းပြီးတာနဲ့ ကျွန်တော် တက်ကိုတက်ရတော့မယ်၊ စခန်းကလည်း အရေးပေါ် လေယာဉ်တွေ မရှိလို့ တဂျိဂျိနဲ့ ခေါ်နေတာ ကြာလှပြီ၊ လုံးဝတက်နိုင်တဲ့ အခြေအနေ မရှိလို့သာ ငြိမ်နေရတာ"

ဗိုလ်ကျော်ကျော်က ဝင်ပြောလိုက်ခြင်းဖြစ်၏။

သူတို့ စကားပြတ်၍ သွားကြပြန်၏။

ဦးစိုးတင်မှာ ထိုအချိန်က အသက် သုံးဆယ်ပင် ပြည့်ဟန်မရှိသေးပါ။ မြန်အောင်မြို့မှ ဟသ်ာတကို ပြောင်းလာစဖြစ်၏။ အလွန်သွက်လက်ပြီး အလုပ်ကိုလည်း အလွန်ကြိုးစားသူဖြစ်၏။

❑ ❑ ❑

နေ့လည် ၁၁ နာရီခန့်တွင် လေယာဉ်ပြေးလမ်းပေါ်ရှိ ချိုင့်များ မြေဖို့မှု ပြီးဆုံးသွားပါသည်။

"ဗိုလ်ကြီး ပြေးလမ်းပြင်ဆင်မှုတော့ ပြီးသွားပါပြီ၊ ဒါပေမယ့် စောစောက ကျွန်တော် ပြောသလိုပဲ သိပ်စိတ်ချရမယ့် အခြေအနေတော့ မရှိဘူး၊ ကြည့်ကောင်းအောင် သနပ်ခါးလိမ်းထားပေးရုံပဲ ဆိုပါတော့"

"ဟုတ်ကဲ့ ကျေးဇူးပဲ ဦးစိုးတင့်၊ ကျွန်တော် စမ်းကြည့်ပါဦးမယ်။ ခင်ဗျားတို့ လူတွေကိုတော့ ပြန်မလွှတ်ပါနဲ့ဦး။ ကျွန်တော် နည်းနည်းဘီးလှိမ့်ပြီး မောင်းသွားကြည့်ဦးမယ်၊ အခြေအနေ သိပ်မဟန်

ရင်လည်း နည်းနည်းထပ်ပြီး ပြင်တန်ပြင်တာပေါ့”

ဗိုလ်ကျော်ကျော်သည် ပြောပြောဆိုဆိုပင် သူ့လေယာဉ်ရှိရာသို့ ဆင်းသွား၏။

ဗိုလ်ကြီးမြတ်ထွန်းက သူ့အနောက်က သွက်လက်စွာ လိုက်သွား၏။

ဗိုလ်ကျော်ကျော်သည် သူ၏ ဆီးဖားရား တိုက်လေယာဉ်ကို ဘယ်ဘက်မှစ၍ တစ်ပတ်ပတ်ပြီး ချွတ်ယွင်းမှုရှိ၊ မရှိ စစ်ဆေးကြည့်လိုက်၏။

လေယာဉ်ပြင်ပ ကိုယ်ထည်တစ်ခုလုံးတွင် မည်သည့် ချွတ်ယွင်းချက်မျှ မတွေ့ရ။

လေယာဉ်ဘီးများ၊ လေယာဉ်ခြေတံများ၊ လေယာဉ်ဝမ်းဗိုက်များမှာမူ ရွှံ့များနှင့် အလိမ်းလိမ်းလူးလျက် ရှိ၏။

သူသည် လေယာဉ်ညာဘက်တောင်ပံပေါ်တွင် တင်ထားသော သူ့လေထီးကို ယူဝတ်လိုက်၏။

“ကျော်ကျော်. . . မင်း ပြေးလမ်းအခြေအနေကို အားလုံး ကျေနပ်တယ်နော်၊ မင်စိတ်ကြိုက်ဖြစ်မှ တက်၊ မင်းတစ်ယောက်တည်း တက်ရမှာ။ မင်းကပ္ပတိန်ပဲ၊ မင်းသဘော”

ဗိုလ်ကြီးမြတ်ထွန်းသည် သူ့ရဲဘော်တစ်ခုခုဖြစ်မည်ကို တွေးပူပြီး ကျော်ကျော်ဘေးတွင် အသာကပ်၍ တိုးတိုးလှမ်းပြော၏။

“ကျွန်တော် စမ်းကြည့်ဦးမယ်လေဗျာ၊ အခြေအနေမဟန်ရင်လည်း ကျွန်တော် မတက်ပါဘူး၊ စခန်းမှာလည်း စစ်ဆင်ရေးအတွက် ဒီလေယာဉ်ကို အရေးတကြီးလိုနေတယ် မဟုတ်လား”

“အေး. . အေး မင်း စမ်းကြည့်ရင်လည်း စမ်းကြည့်ပေါ့၊

မင်း ဒီက လေယာဉ်ကွင်းပေါ်ကို မောင်းသွား၊ ကွင်းထိပ်ရောက်တော့ စက် အပူချိန်ပြန်ကျသွားမှ စက်ပြန်နှိုးပြီးတက်"

"ဟုတ်ကဲ့"

"နောက် မင်းတက်တဲ့အခါလည်း ဘရိတ်ကို ပထမနင်းထား ပြီး ဘီးစမလိမ့်ခင် စက်အားကို မင်း ဘရိတ်ခံနိုင်သလောက် တင်ထား ပေး၊ နောက် ရုတ်တရက်ဘရိတ်ကို လွှတ်လိုက်ပြီး ဘီးစရွေ့တာနဲ့ စက်အရှိန်ကို တစ်ခါတည်းသာ အဆုံးတင်ပစ်လိုက်တော့"

"ဟုတ်ကဲ့"

"အဲ. . တစ်ခု သတိထားဦးကွာ၊ မင်း ၁၈ ဘုတ်(စ်)စက်အား ထိ ထိုးမှာဆိုတော့ ဘယ်ဘက်ကို အရမ်းဆွဲလိမ့်မယ်၊ မင်း ညာဘက်ပဲ့ ကို အဆုံးနင်းထား၊ ပဲ့ထိန်းလေယာဉ်ညှိကိရိယာကိုလည်း ညာဘက် အဆုံးလှည့်ထား"

"ကျွန်တော် သိပါတယ် ကိုမြတ်ထွန်းရယ်၊ ခင်ဗျား ဒီလောက် တောင် ပူမနေပါနဲ့၊ စိတ်ချပါ၊ ကျွန်တော် ဘာမှ မဖြစ်စေရပါဘူး"

"အေး. . . အေး ဒါဖြင့် မင်း တက်တော့"

ဗိုလ်ကျော်ကျော်သည် ညာဘက်တောင်ပံပေါ် ခုန်တက်ပြီး နောက် စက်ခန်းတွင်းသို့ လှမ်းဝင်လိုက်၏။

လေယာဉ်ပြေးလမ်း တစ်လျှောက်တွင် ဦးစိုးတင်၏ အလုပ် သမားများမှာ ပေါက်တူးများ၊ ဂေါ်ပြားများကိုကိုင်၍ တန်းစီရပ်လျက် ရှိကြ၏။

သူတို့မျက်နှာ အသွင်အပြင်အားလုံးမှာ ဗိုလ်ကျော်ကျော် လေယာဉ်ချောချောမောမော တက်နိုင်ပါ့မလားဟူသော အတွေးဖြင့် စိုးရိမ်နေကြသည့်ဟန်များ အထင်းသားပေါ်လျက်ရှိ၏။

ဗိုလ်ကျော်ကျော်သည် စက်ခန်းတွင်းသို့ ဝင်လိုက်မိနှင့် ချက်ချင်း လေသူရဲထိုင်ခုံတွင် ထိုင်မချလိုက်သေးဘဲ အလုပ်သမားများကို လှမ်း၍ လက်ပြနှုတ်ဆက်လိုက်၏။

အလုပ်သမားများကလည်း ရုတ်ခြည်းပင် လက်ပြန်ပြ၊ နှုတ်ဆက်ကြသည်။

"ကိုမြတ်ထွန်း . ပန်ကာအနားမှာ အားလုံးရှင်းတယ်နော်"

"ရှင်းတယ်"

"ကျွန်တော် စက်နှိုးမယ်"

"နှိုး . . ."

ဗိုလ်ကြီးမြတ်ထွန်းသည် ကျော်ကျော့်လေယာဉ်၏ ညာဘက်အတောင်ပံများအနီးတွင်ရပ်၍ ကျော်ကျော်လုပ်သမျှကို ဂရုတစိုက်စောင့်ကြည့်လျက်ရှိ၏။

စက်နိုးသွားလေပြီ။

ဗိုလ်ကျော်ကျော် မျက်စိရှေ့ရှိ စက်အခြေအနေပြ ဒိုင်ခွက်လေယာဉ် အခြေအနေပြဒိုက်ခွက်များမှာ ချက်ချင်းအသက်ဝင်၍လာကြ၏။

သို့သော် တစ်ခု ထူးနေပါသည်။

ဆီဖိအားပြဒိုင်ခွက်ကလေးမှာ မြားတံလေးမှာ ချက်ချင်းတက်မလာသေးဘဲ ပေကပ်ပေကပ် ဖြစ်နေသည်။ ပထမ ၅၀၊ နောက် ၆၀၊ နောက် ၇၀၊ နောက် ၇၅ . ။

"အင်း မဆိုးပါဘူး"

ဗိုလ်ကျော်ကျော်သည် သူ့လေယာဉ်စက်အခြေအနေ အားလုံးကောင်းကြောင်း သူ၏ ညာဘက်လက်မလေးကို ထောင်ပြီး ဗိုလ်ကြီး

မြတ်ထွန်းကို အချက်ပြလိုက်၏။

ဗိုလ်ကြီးမြတ်ထွန်းကလည်း ပြုံး၍ သူ့လက်မကို ပြန်ထောင်ပြလိုက်၏။

ဗိုလ်ကျော်ကျော်သည် သူ့လေယာဉ်ပြေးလမ်းထိပ်သို့ ဘီးလိမ့် ထွက်ခွာရန်အတွက် စက်အားကို အနည်းငယ် မြှင့်တင်ပေးလိုက်၏။

သို့သော် လေယာဉ်မှာ တုတ်တုတ်မျှမလှုပ်။

သူသည် လေယာဉ်ပျံစက်အားကို ထပ်မံတိုးမြှင့် ပေးလိုက်ပြန်၏။

တုတ်တုတ်မျှ မလှုပ်ပြန်။

ချက်ချင်း တွေးမိလိုက်၏။ သူ့လေယာဉ်မှာ မိုးထဲတွင် ညအိပ်ရပ်ထားစဉ် ဘီးများ မြေပျော့အတွင်း အနည်းငယ်နစ်နေကြဟန်ရှိသည်။

ထို့ကြောင့် သူသည် စက်အားကို အနုတ်နှစ်ဘုတ်(စ်)ထိပင် တိုးမြှင့်တင်လိုက်၏။

လေယာဉ်ပျံကြီးမှာ ရုတ်ခြည်းပင် တအင်းအင်းနှင့် ဗွက်များအတွင်းမှ ရုန်း၍လေယာဉ်ပြေးလမ်းပေါ် စတင်ရွေ့သွားတော့သည်။ ဗိုလ်ကျော်ကျော်သည် အထူးသတိထား၍ လေယာဉ်ပြေးလမ်းထိပ်သို့ မောင်းသွားခဲ့၏။

ပြေးလမ်းထိပ်သို့ ရောက်လေပြီ။

သူသည် လေယာဉ်ကို နောက်သို့ တစ်ပတ်လှည့်၍ လေထဲတက်ရန် အဆင်သင့်အနေအထားသို့ ပြင်ဆင်လိုက်၏။

ထို့နောက် ဗိုလ်ကြီးမြတ်ထွန်း မှာထားသည့်အတိုင်း စက်

သတ်ပစ်လိုက်၏။

မှန်သည်။

ထိုအချိန်၌ စက်ကို မြေပြင်ပေါ်တွင် စက်အားမြင့်၍ ကြာကြာနှိုးထား၍မရ။ အနည်းငယ်ကြာသွားသည်နှင့် လေယာဉ် စက်ခေါင်း အပူချိန်မှာတက်လာပြီး လေယာဉ်ကွင်းမှအတက်တွင် လေသူရဲအန္တရာယ် တွေ့နိုင်သည် မဟုတ်လား။

ဗိုလ်ကျော်ကျော်သည် သူဝတ်ထားသော တင်းကျပ်နေသည့် သက်ကယ်ခါးပတ်ကို နည်းနည်းလျှော့ချလိုက်၏။ ထိုအချိန်၌ပင် ဂျစ်ကားတစ်စီးဖြင့် ဗိုလ်ကြီးမြတ်ထွန်းသည် သူ့လေယာဉ်အနီးသို့ ရောက်ရှိလာပြန်သည်။

"ကျော်ကျော် အားလုံးကောင်းတယ်နော်"

"မဆိုးဘူးဗျ၊ သိပ်အကောင်းကြီးတော့ မဟုတ်ဘူး၊ ဦးစိုးတင် ပြောသလိုပဲ အောက်ခြေသိပ်ခိုင်ပုံ မရဘူး၊ နည်းနည်းဆွဲတယ်၊ ဒါ ပေမယ့် ကျွန်တော် တက်လို့ဖြစ်မယ် ထင်တယ်၊ တက်မယ်"

"ကောင်းပြီလေ. . မင်းသဘောပဲ၊ ငါ ငါ့လေယာဉ်က ရေဒီယို ဖွင့်ပြီး နားထောင်နေမယ်၊ အင်း. . အတက်မှာ ထူးတာရှိရင် ငါ့ကို ချက်ချင်းသတင်းပို့၊ ဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ. . ဒါဖြင့် ကိုယ်သွားမယ်၊ လေယာဉ်က စောင့်နေမယ်၊ မင်းကွင်းရဲ့ သုံးပုံနှစ်ပုံရောက်တဲ့အထိမှ လေထဲတက်နိုင်တဲ့ မြန်နှုန်း မရသေးရင် စက်ရပ်ပစ်လိုက်၊ ဘီးကိုလည်း ဆွဲတင်ပစ်လိုက် ဟုတ် လား"

"ဟုတ်ကဲ့"

ဗိုလ်ကြီးမြတ်ထွန်းသည် သူ မောင်းလာသော ဂျစ်ကားလေးကို နောက်ပြန်ကွေ့ပြီး သူ့လေယာဉ်ရှိရာသို့ ပြန်မောင်းသွား၏။

ဆယ်မိနစ်ခန့် ရှိသွားလေပြီ။

ဗိုလ်ကျော်ကျော်သည် သူ့လေယာဉ်စက်ခေါင်း အေးလုပြီဖြစ်၍ စက်ပြန်နှိုးရန် ပြင်ဆင်လိုက်၏။

သက်ကယ်ခေါင်းပတ်ကို ပြန်ကျပ်လိုက်၏။

သက်ကယ်ခေါင်းစွပ်ကို စနစ်တကျ ဆောင်းလိုက်၏။

ညာဘက်လက်ဖြင့် စက်နှိုးသည့်ခလုတ်ကို လှမ်းနှိပ်လိုက်၏။

စက်နှိုးသွားလေပြီ။

သူသည် ရေဒီယိုစကားပြောစက်ကို ဖွင့်လိုက်၏။

"ကိုမြတ်ထွန်း. . ကျွန်တော့် အသံကြားလား"

"ကြားတယ်"

"ကျွန်တော် တက်တော့မယ်"

"တက်"

ဗိုလ်ကျော်ကျော်သည် ဘရိတ်ကို အသေအချာနင်းထားပြီး စက်အားကို မြှင့်တင်လိုက်၏။ လေယာဉ်နောက်မြီးမှာ ပန်ကာလည်နှုန်း မြန်လာသဖြင့် လေအရှိန်ကြောင့် ဆွေ့ဆွေ့ခုန်လျက်ရှိ၏။

သူသည် ရုတ်တရက် ဘရိတ်များကို ဝုန်းခနဲ လွှတ်ပစ်လိုက်၏။

သူ့လေယာဉ်မှာ နောက်မှ ဇက်ကြိုးဆွဲထားသောမြင်းကို ရုတ်တရက် လွှတ်လိုက်သလို အရှိန်ဖြင့်ဘီးလှိမ့်၍ ထွက်သွား၏။

သူသည် သွက်လက်စွာပင် စက်အားကို ဆက်၍မြှင့်တင်ပေးလိုက်သည်။

"အနုတ်သုံးဘုတ်(စ်)"
"သုညဘုတ်(စ်)"
"အပေါင်းတစ်"
"အပေါင်းနှစ်"

စက္ကန့်ပိုင်းအတွင်းပင် စက်အားထိန်းမောင်းတံကို အဆုံးစွန်ထိ ရောက်သည်အထိ ရွှေ့တင်ပေးလိုက်၏။

ဗိုလ်ကြီးမြတ်ထွန်း ကြိုသတိပေးထားသည့်အတိုင်းပင် လေယာဉ်ဦးမှာ ပြေးလမ်းဘယ်ဘက်သို့ ကြောက်စရာကောင်းလောက်အောင် ဆွဲ၍သွား၏။

သူသည် သွက်လက်စွာပင် ညာဘက်ပဲ့ကို အဆုံးကန်ထားလိုက်၏။

ကံကောင်းသည်မှာ ထိုအချိန်၌ နောက်ဘီးမှာလည်း အနည်းငယ် လေထဲကြွတက်နေပြီဖြစ်၍ လေယာဉ်ဦးမှာ ဘယ်ဘက်သို့ ဆွဲသင့်သလောက် မဆွဲတော့။

လေယာဉ်ကြီး၏အရှိန်မှာ တဖြည်းဖြည်း ပို၍ပို၍ မြန်လာ၏။

သို့သော် သူ အားမရ။

ပြေးလမ်းကောင်းသည့် လေယာဉ်ကွင်းပေါ်တွင်သာဆိုလျှင် သူသုံးထားသည့် စက်အားဖြင့် ယခုလောက်အချိန်ဆိုလျှင် သူ့လေယာဉ်မှာ လေထဲ စ,တက်နိုင်သည့် မြန်နှုန်းကို ရောက်နေရတော့မည်ဖြစ်၏။

ယခု မရောက်။

ဘာကြောင့် မရောက်ရသနည်း။

ပြေးလမ်းဆွဲနေသည့်အတွက်ဖြစ်၏။ သူသည် တဖြည်းဖြည်း စိတ်ပူ၍လာ၏။

စက်အားကို တဖြည်းဖြည်း မြှင့်တင်ပေးလိုက်ချင်သေး၏။ စက်အားထိန်းမောင်းတံကို ဆက်တွန်းရွှေ့ကြည့်၏။ မရွှေ့တော့။ အဆုံး ရောက်နေလေပြီ။

ပြေးလမ်းတစ်ဝက်ကျော်လေပြီ။

သူလိုချင်သည့် မြန်နှုန်းကို မရောက်သေး။ သူ့မျက်နှာတစ်ခု လုံး ချက်ချင်းချွေးပြန်လာ၏။

လေယာဉ်များ လေထဲတက်နိုင်သည်မှာ ထိုလေယာဉ်အတွက် သိပ္ပံပညာရှင်များ ကြိုတင်တွက်ချက် သတ်မှတ်ပေးထားသည့် မြန်နှုန်း ကို ရရှိမှ ဖြစ်နိုင်မည်ဖြစ်၏။

ထိုမြန်နှုန်းကို မရောက်သမျှ လေထဲတက်၍မရ။

ပြေးလမ်းပေါ်တွင်သာ မော်တော်ကားများကဲ့သို့ ဘီးလှိမ့်နေ ရမည်ဖြစ်၏။

ပြေးလမ်း သုံးပုံနှစ်ပုံ ရောက်လေပြီ။

သူ့လေယာဉ်မှာ လေထဲ မတက်နိုင်သေး။

မြေပြင်ပေါ်တွင် ပြေးဆဲ ဖြစ်၏။

ဗိုလ်ကြီးမြတ်ထွန်း ကြိုတင်သတိပေးထားသလို စက်ပိတ်ပစ်၊ ဘီးဆွဲတင်ပစ်လိုက်လျှင် ကောင်းမလား။

ထိုသို့လုပ်လျှင် လေယာဉ်တစ်စီးလုံး ပစ်လိုက်ရတော့မည် သာ ဖြစ်၏။

သို့သော် ထိုသို့လုပ်လျှင် သူ မသေနိုင်။ လေယာဉ်ပျံသာ ပြေးလမ်းထိပ်တွင် ပုံပျက်ပန်းပျက်သွားမည် ဖြစ်၏။

သူသည် စက်အားထိန်းမောင်းတံကို ဆုပ်ကိုင်၍ ထားလိုက်၏။

လက်ချောင်းများမှာ တောင့်နေသလို၊ မာနေသလို သူ့စိတ်ထဲ ထင်မိလိုက်၏။

ကွင်းဆုံးရောက်တော့မည်။

ကွင်းစပ်ကိုက်တစ်ရာခန့်တွင်ရှိသော ရေလွှတ်မြောင်းမှ ကမ်းပါးကြီးများကိုပင် သူ အထင်အရှား မြင်နေရလေပြီ။

သူ ဘာလုပ်ရမည်နည်း။

လေယာဉ်ထိန်းမောင်းတံကို နောက်သို့ အနည်းငယ်ဆွဲကစား ကြည့်လိုက်၏။

လေထဲ မတက်။

သူ့လေယာဉ်ကြီးမှာ မြေပြင်ပေါ်တွင် ပြေးမြဲပြေးနေ၏။

ထို့နောက် တစ်စက္ကန့်အတွင်းပင် သူ့လေယာဉ်ပျံမှာ 'ဝုတ်' ခနဲ လေထဲခုန်တက်သွား၏။

လေထဲ ရောက်သွားလေပြီ။

မြေအဆုံးကိုကျော်၍ မိုးအစကို ရောက်လေပြီ။

သူ့ရင်ထဲတွင် ကျေနပ်လိုက်သည့်ဖြစ်ခြင်း။

လေသူရဲဘဝတွင် ကိုယ့်လေယာဉ် လေထဲစကြွတက်ချိန်၌ ရသည့်ပီတိကို မီသည့်ပီတိ လောကကြီးတွင် မရှိပါ။

စောစောက အတွေးမျိုးဖြင့် ပူလောင်လျက်ရှိသော သူ့ရင်မှာ ချက်ချင်းအေး၍ သွား၏။

"ကိုမြတ်ထွန်းကြီး ကျွန်တော် လေထဲရောက်ပြီဗျ"

ဗိုလ်ကျော်ကျော်အသံမှာ အလွန်ရွှင်မြူးလန်းဆန်းလျက်ရှိ၏။

"ကောင်းတယ်ဟေ့၊ ကောင်းတယ်၊ မင်း လေယာဉ်ပန်ကာ မှုတ်ထုတ်သွားတဲ့ဖုန်တွေကြောင့် တို့နောက်က မင်းလေယာဉ်ကို ဘာမှ မမြင်ရဘူးကွ"

"ဦးစိုးတင့်နဲ့ သူ့ရဲဘော်တွေ အားလုံးကို ကျေးဇူးတင်တယ်လို့ ပြောလိုက်ပါဗျာ"

"အေး. . . အေး"

ဗိုလ်ကျော်ကျော်သည် သွက်လက်စွာပင် သူ့လေယာဉ်ဘီးတင်သည့် ခလုတ်ကို ဆွဲတင်လိုက်၏။

လေယာဉ်ဘီးအားလုံး တက်သွားလေပြီ။

လေယာဉ်မြန်နှုန်းမှာ ချက်ချင်းတက်၍လာ၏။

ပေ တစ်ထောင်အမြင့်ကိုရောက်လေပြီ။

မဟာပထဝီမြေကြီးမှာ သူ့ လေယာဉ်ဝမ်းဗိုက်အောက်တွင် ပြားပြားဝပ်လျက် ရှိပေသည်။

**မြဝတီမဂ္ဂဇင်း၊ ၁၉၇၃၊ ဧပြီ။**

# တစ်ကျော့နှစ်ကျော့

"ရဲခေါင်(၁)၊ ရဲခေါင်(၂)က ခေါ်နေတယ်၊ အသံ ဘယ်လောက်ကြားလဲ၊ ဒါပဲ"

"ကောင်းကောင်းကြားတယ်၊ ဟော့ကောင် မင်းဘယ်ရောက်နေသလဲ၊ ဒါပဲ"

"ဗိုလ်မှူး ကျွန်တော် တောင်ငူပေါ် ရောက်နေပြီ၊ ဗိုလ်မှူးကော ဘယ်ရောက်နေပြီလဲ၊ ဒါပဲ"

"ငါ့လခွီး. . . ကပ်ထားပါ၊ ကပ်ထားပါလို့ ငါ တဖွဖွပြောနေတယ် မဟုတ်လား၊ သောက်ကြောက်က တယ်ကြီးတာကိုး၊ ဒါနဲ့များ တိုက်လေယာဉ်မောင်းနေရသေးတယ်၊ မြင့်ဦး မင်း တောင်ငူပေါ်မှာပဲ ပေခုနစ်ထောင်က ဝဲနေ၊ ငါလာခဲ့မယ်"

ဗိုလ်မြင့်ဦးသည် ဗိုလ်မှူးမြတ်ထွန်း ရေဒီယိုလှိုင်းမှ လှမ်းကြိတ်လိုက်သောစကားကြောင့် သူ့ရင်ထဲတွင် အောင့်၍သွား၏။

အမှန်တော့ ဗိုလ်မှူးမြတ်ထွန်းပြောသလို သူ့လေယာဉ်ပျံကို ဗိုလ်မှူးမြတ်ထွန်း လေယာဉ်ပျံအနီးမှ ကြောက်၍ခွာလိုက်ခြင်းမဟုတ်။ မည်းမှောင်နေသော တိမ်တိုက်ကြီးအတွင်း သူ မည်သို့မျှ မထိန်းနိုင်ဘဲ လေအရှိန်ဖြင့် လွင့်စင်ထွက်သွားခဲ့ခြင်းသာ ဖြစ်၏။

မှန်ပါသည်။

ဗိုလ်ကြီးမြတ်ဦးတို့တိုက်လေယာဉ်ပျံနှစ်စီး မင်္ဂလာဒုံလေယာဉ်ကွင်းမှ ထွက်လာသည့်အချိန်မှစ၍ ရန်ကုန်ပတ်ဝန်းကျင်မှာ မိုးတဖွဲဖွဲ ရွာလျက်ရှိ၏။

မင်္ဂလာဒုံမှထွက်လာ၍ မှော်ဘီမြို့အနီးသို့ ရောက်သည်ဆိုလျှင် မိုးမှာ ပို၍သည်းလာပြီး တိမ်မည်းကြီးများအတွင်းမှ တောက်လျှောက်ဖောက်ထွင်း၍ ပျံသန်းခဲ့ကြရ၏။

ပဲခူးရိုးမတောစပ်သို့ရောက်လျှင် မိုးအနည်းငယ်ပြန်ပါးလာ၏။

သို့သော် ကြာရှည်မပါ။

သည်းလိုက် ပါးလိုက်နှင့် တစ်လမ်းလုံးဖြစ်၍ လာ၏။

ဗိုလ်မြင့်ဦးမှာ တစ်လမ်းလုံး ခေါင်းဆောင်လေယာဉ်ပျံဖြစ်သော ဗိုလ်မှူးမြတ်ထွန်း လေယာဉ်ပျံ တောင်ပံအနီးမှ မကွာအောင် ကြိုးစားထိန်းမောင်း၍ ကပ်လိုက်လာခဲ့၏။ တိုက်လေယာဉ်ပျံများမှာ စစ်ဆင်ရေးသွားလျှင် ဤသို့ပင် တစ်စင်းနှင့်တစ်စင်း ကပ်၍ သွားလေ့ရှိ၏။

အတောင်ပံချင်းထိလုမတတ် တစ်စင်းနှင့်တစ်စင်း ကပ်၍ ချီတက်ကြ၏။ အတောင်ပံချင်း ထိလုမတတ် တစ်စင်းနှင့်တစ်စင်း ကပ်၍ ချီတက်ကြခြင်းမှာ တိုက်လေယာဉ်ပျံများ၏ စစ်နည်းဗျူဟာ

တစ်ရပ်ပင်ဟုဆိုလျှင်လည်း မမှားပါ။

ထိုသို့စုသွားမှသာ စုစည်းမှုအားကိုးရပြီး ကြားမှ ရန်သူ့လေယာဉ်ပျံများ ဖြတ်တိုက်ခံရလျှင်လည်း ကြံ့ကြံ့ခံနိုင်မည် မဟုတ်လား။

ယနေ့အဖြစ်မှာ ဗိုလ်မြင့်ဦး ကံဆိုးသည်ဟုပင် ဆိုရမည်။

တောင်ငူမှ မိုင် ၂၀ အကွာ ဖြူးမြို့အနီးသို့ ရောက်သောအခါ၌ မိုးသားများမှာ ပိုမိုထူလာခဲ့ပြီး မှိုပွင့်ပုံသဏ္ဍာန် တိမ်တိုက်ကြီးတစ်ခုအတွင်းသို့ ဗိုလ်မှူးကြီးမြတ်ထွန်းလေယာဉ်ပျံ တိုးဝင်သွားခဲ့၏။

မှိုပွင့်ပုံ တိမ်တိုက်များမှာ လေယာဉ်များကို အလွန်အန္တရာယ်ပေးတတ်သည်ကို ဝါရင့်လေသူရဲဖြစ်သော ဗိုလ်မှူးမြတ်ထွန်းကလည်း ကောင်းစွာ သိထား၏။

သမားရိုးကျပျံသန်းစဉ်တွင်မူ ဤတိမ်တိုက်မျိုးကိုမြင်လျှင် သူ ကွေ့ရှောင်၍ လွတ်လောက်သည့်နေရာမှ ဖြတ်သွားရပေမည်။

သို့သော် ယနေ့မူ မည်သို့မျှ မတတ်နိုင်။

ထွက်လာကတည်းက တစ်လမ်းလုံး တိမ်ဖုံးနေသော ကောင်းကင်ပြင်တွင် သူ အဘယ်သို့ ဤမှိုပွင့်တိမ်တိုက်များကို လွတ်အောင် ရှောင်မောင်းမည်နည်း။ ကိုယ်လိုရာခရီးကို မရောက် ရောက်အောင် သွားချင်လျှင် ဤတိမ်များကို စွတ်ပြီးဖြတ်သွားရန်ပင် ရှိတော့မည် မဟုတ်လား။

သို့သော် တိုက်လေယာဉ်ပျံ မောင်းသက် ဝါနုသေးသော ဗိုလ်မြင့်ဦးကို စိတ်ထဲက စိုးရိမ်နေမိသဖြင့် "ဟေ့ကောင် ကပ်ထားနော်၊ ကပ်ထား" ဟု နှုတ်မှ သတိပေးနေခဲ့၏။ မကြာခဏလည်း ဗိုလ်မြင့်ဦး လေယာဉ်ပျံကို လှမ်းကြည့် လှမ်းကြည့်လုပ်နေမိ၏။

သို့သော် ဗိုလ်မြတ်ထွန်း သတိပေးမှုမှာ မည်သို့မှ အကျိုး

မထင်ခဲ့။

တိမ်ထဲဝင်၍ သုံးမိနစ်ခန့်ကြာလျှင်ပင် ဗိုလ်မြင့်ဦး လေယာဉ်ပျံမှာ တိမ်တိုက်ထဲတွင် ကျွမ်းထိုးမှောက်ခုန်ဖြစ်၍ နောက်ကျန်ရစ်ခဲ့လေပြီ။

"ရဲခေါင်(၂) ရဲခေါင်(၁)က ပြောနေတယ်၊ မြင့်ဦး ငါ တောင်ငူပေါ် ရောက်နေပြီ၊ မင်းဘယ်မှာလဲကွ၊ ဒါပဲ"

"လေယာဉ်ကွင်းပေါ်မှာ ဝဲနေတယ်၊ ဗိုလ်မှူး"

"ဩော် တွေ့ပြီ၊ တွေ့ပြီ"

စက္ကန့်ပိုင်းအတွင်းမှာပင် ဗိုလ်မှူးမြတ်ထွန်းနှင့် ဗိုလ်မြင့်ဦးတို့ လေယာဉ်နှစ်စင်းမှာ ပြန်လည်တွဲမိသွားကြပြန်လေပြီ။ တောင်ငူမြို့ကြီးမှာ သူတို့ ဗိုက်အောက်တွင် ငြိမ်သက်စွာ လဲလျောင်းရှိ၏။

အချိန်မှာ ၁၉၆၀ ခုနှစ်အတွင်းဖြစ်၏။

ဗိုလ်မှူးမြတ်ထွန်းနှင့် ဗိုလ်မြတ်ဦးတို့မှာ အမှတ် ၅၀၁ လေတပ်စခန်းမှ တိုက်လေယာဉ်ပျံမောင်း လေသူရဲများဖြစ်ကြ၏။ သူတို့ မောင်းနေကြသော လေယာဉ်ပျံနှစ်စင်းမှာ ထိုအချိန်က မြန်မာ့လေတပ်မတော်တွင် သုံးလျက်ရှိသော 'ဆီးဖြူရီ' ခေါ် တိုက်လေယာဉ်ပျံဖြစ်၏။

ဆီးဖြူရီမှာ တစ်ချိန်က ကမ္ဘာ့ပေါ်တွင် အလွန်ကျော်ကြားခဲ့သော တိုက်လေယာဉ်ပျံဖြစ်၏။

သို့သော် ဤလေယာဉ်ပျံများမှာ ယနေ့ခေတ်ကုန်လေပြီ။ သူတို့နေရာတွင် အသံထက်မြန်သော ခေတ်မီဂျက်တိုက်လေယာဉ်ပျံများကို အစားထိုးအသုံးချနေကြလေပြီ။

"မြင့်ဦးရေ တို့ (ကွန်တက်) သွားရအောင်ကွာ၊ တိမ်ဒီလောက်ထူနေရင် တို့ဘယ်လိုမှ ပစ်မှတ်ပေါ် အမြင့်က သွားလို့

ရောက်မှာ မဟုတ်ဘူး"

"ဟုတ်ကဲ့ ဗိုလ်မှူး"

"အေး ဒါဆိုရင်လည်း ဆင်းကြရအောင်"

ဗိုလ်မှူးမြတ်ထွန်းသည် လေယာဉ်စက်အားကို လျှော့ချ၍ ထိုးစိုက်ဆင်းလိုက်၏။

ဗိုလ်မြင့်ဦးကလည်း ဗိုလ်မှူးအနားမှာ တစ်ဖဝါးမခွာ ကပ်လိုက်သွားခဲ့၏။

'ကွန်တက်' (Contact) သွားသည်ဟု ဆိုသည်မှာ လေသူရဲများ မြေပြင်ကို တစ်ချိန်လုံးအပျောက်မခံဘဲ ပျံတက်သွားလာခြင်းကို ခေါ်ဆိုခြင်းပင် ဖြစ်၏။

ရာသီဥတု မကောင်းသောနေ့များတွင် 'တိမ်နိမ့်' များ ထူထပ်လျက်ရှိသဖြင့် အမြင့်မှ ပျံသန်းသွားလျှင် မြေပြင်ကို မတွေ့ရပါ။

မြေပြင်ကို မတွေ့ရသဖြင့် တိုက်လေယာဉ်ပျံမောင်း လေသူရဲများအဖို့ ပစ်မှတ်ကိုရှာ၍မရပါ။

ထို့ကြောင့် တိမ်အောက်ဝင်ပြီး 'ကွန်တက်' သွားနည်းဖြင့် ပစ်မှတ်ပေါ်ရောက်အောင် အနိမ့်ပျံသန်းသွားကြရ၏။

သို့သော် ဤနည်းမှာ မြေပြင်မှ လေထဲမိုးထွက်နေသော သစ်ပင်ကြီးများ၊ တောင်ကုန်းကြီးများနှင့် လေယာဉ်ပျံ မတော်တဆ ဝင်တိုက်နိုင်သည့် အန္တရာယ် အလွန်ကြီးမားလှဘိ၏။

ယခုကဲ့သို့ စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရန် သွားရောက်ကြသည့် အချိန်မှလွဲ၍ လေသူရဲများ သုံးလေ့သုံးထမရှိကြ။

ယနေ့ ဗိုလ်မှူးမြတ်ထွန်းနှင့် ဗိုလ်ကြီးမြင့်ဦးတို့ မည်သည့်

တာဝန်ကို ထမ်းဆောင်ရန် ပျံသန်းလျက်ရှိကြပါသနည်း။

တောင်ငူ အရှေ့မြောက်ဘက် မိုင်လေးဆယ်ခန့်အကွာတွင်ရှိသော မိုင်းရပ်ရွာအနီးမှ တောတွင်းလက်နက်ကိုင်အဖွဲ့၏ စခန်းတစ်ခုကို လေကြောင်းမှ တိုက်ခိုက်ဖျက်ဆီးရန်အတွက် သွားနေကြခြင်းဖြစ်၏။

အချိန်မှာ နေ့လည် ၁၁ နာရီခန့် ရှိပေပြီ။

ဗိုလ်မှူးမြတ်ထွန်း ကြိုတင်တွက်ချက်ထားချက်များသာမှန်လျှင် နောက်ထပ် ဆယ်မိနစ်အတွင်း သူတို့လေယာဉ်ပျံနှစ်စင်း ပစ်မှတ်ပေါ်သို့ မလွဲဧကန် ရောက်သွားကြပေတော့မည်။

❑ ❑ ❑

"မြင့်ဦး မင်း ဒီနေရာကို ရောက်ဖူးလားကွ"

"မရောက်ဖူးဘူး . . ဗိုလ်မှူး"

"မရောက်ဖူးရင် သေသေချာချာ မှတ်ထား၊ ဟိုးအရှေ့က တောင်ကုန်း အချွန်ကလေး တွေ့တယ်မဟုတ်လား၊ အဲဒီတောင်ကုန်းချွန်ကလေးကျော်ရင် ချောင်းကွေ့လေးတစ်ခုတွေ့မယ်၊ အဲဒီချောင်းကွေ့လေးကျော်တာနဲ့ ရွာဝိုင်းလေးတွေ့မယ်၊ ရွာအဝိုင်းရှေ့က တဲတန်းကြီးဟာ တို့ပစ်မှတ်ပဲ"

"ဟုတ်ကဲ့ ဗိုလ်မှူး"

လေယာဉ်ပျံနှစ်စင်းမှာ ဗိုလ်မှူးမြတ်ထွန်းညွှန်ပြသောရွာကို ဦးတည်၍ တည်ငြိမ်စွာ ပျံသန်းသွားလျက်ရှိ၏။ အမှန်တော့ ဗိုလ်မြင့်ဦးမှာ အသက် ၂၂ နှစ်ပင် မပြည့်သေးပါ။

ပုံသဏ္ဌာန်မှာ အသားညိုညို၊ ပိန်ပိန်မြင့်မြင့် ဖြစ်၏။

အသက် ၄၀ နီးနေပြီဖြစ်သော အသားဖြူဖြူ ဂင်တိုတို ဗိုလ်မှူးမြတ်ထွန်းနှင့်စာလျှင် အသက် ၂၀ နီးပါးခန့်ပင် ငယ်ပေမည်။

လေယာဉ်ပျံမောင်းသည့် လုပ်သက်အားဖြင့်လည်း သုံးနှစ်ပင် မပြည့်သေး။ ဆီးဖြူရီတိုက်လေယာဉ်အုပ်သို့ ရောက်သည်မှာပင် တစ်နှစ်ကျော်ခန့်ရှိသေး၏။ ထို့ကြောင့် တိုက်ပွဲဝင်ရန် ဗိုလ်မြင့်ဦးကို တာဝန်ပေးတိုင်း ဗိုလ်မှူးမြတ်ထွန်းကဲ့သို့ ဝါရင့်လေသူရဲကြီးများနှင့်တွဲ၍ ထည့်ပေးလိုက်တတ်၏။

ယခင်ကလည်း ဗိုလ်မြင့်ဦးနှင့် ဗိုလ်မှူးမြတ်ထွန်းတို့မှာ လက်တွဲ၍ လေယာဉ်ပျံတစ်စင်းစီဖြင့် အကြိမ်ကြိမ်တိုက်ပွဲ ဝင်ခဲ့ကြဖူးလေပြီ။

တစ်ဦးသဘောကိုလည်း တစ်ဦးကောင်းစွာ သိထားကြပြီဖြစ်၏။

တောင်ကုန်းချွန်လေးကို ကျော်လာခဲ့လေပြီ။

မြစ်ကွေ့လေးပေါ်သို့ ရောက်ကြလေပြီ။

"ဟော့ကောင်လေး တို့တစ်ခါတည်း ဝင်ချမယ်၊ မင်း ငါ့နောက်မှိုင်ဝက်လောက်က လိုက်ခဲ့၊ ငါ အရှေ့က ချသွားတဲ့နေရာကိုသာ မင်း ဝင်ချ၊ ဒုတိယ တစ်ချီ၊ ဒုတိယ တစ်ကျော့အကွေ့မှာ သတိထားနော်၊ တောင်ကမ်းပါးကြီးတွေ ရှိတယ်၊ အဲဒီအနား သိပ်မကပ်နဲ့၊ ချွေးမသား တောတွင်းလက်နက်ကိုင်အဖွဲ့မှာ ပွိုင့်ဖိုက်စက်သေနတ်ရှိတယ်၊ အဲဒီကမ်းပါက ဆီးချရင် မင်း 'ကွိ' နေလိမ့်မယ်၊ အမြဲမရောက်ခင်က ကြိုကြိုပြီး ကွေ့ထား"

"ဟုတ်ကဲ့ ဗိုလ်မှူး"

ဗိုလ်မြင့်ဦးသည် ဗိုလ်မှူး၏ ညွှန်ကြားချက်များကို ကျိုးနွံစွာ

နာခံလိုက်၏။

မှန်သည်။

လေကြောင်းစစ်ဆင်ရေးတွင် ခေါင်းဆောင် လေယာဉ်မှူးမှာ အခရာပင် ဖြစ်၏။ သူ့ညွှန်ကြားချက်များကို ဘယ်အခါမှ စောဒက တက်၍မရ။

ကျိုးနွံစွာ နာခံရသည်သာဖြစ်၏။

သူ သေဆိုသေရမည်။

သူ ရှင်ဆို ရှင်ရမည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ဗိုလ်မှူးမြတ်ထွန်း၏ လေယာဉ်ပျံမှာ ပစ်မှတ်ပေါ်သို့ ဦးတည်၍ စိုက်ဆင်းသွားခဲ့၏။ ရာသီဥတုမှာ တိမ်ထူနေသည်မှလွဲ၍ မိုးရွာခြင်းမရှိ။

တိမ်အောက်တွင် ပျံသန်းသွားလျက်ရှိသော လေသူရဲနှစ်ဦး အဖို့ မြင်ကွင်းများမှာ ရှင်းလင်းလျက်ရှိ၏။

ဗိုလ်မြင့်ဦးမှာ ဗိုလ်မှူးမြတ်ထွန်း လေယာဉ်ပျံနောက်မှ မိုင်ဝက်အကွာတွင် နေရာယူပြီး တိုက်ပွဲဝင်ရန် ပြင်ဆင်လျက်ရှိ၏။ သူသည် စက်သေနတ်ခလုတ်များကို ရုတ်ခြည်းပစ်နိုင်ရန် အဆင်သင့်ဖွင့်ထားလေပြီ။

ပထမအချီတွင် ထုံးစံအတိုင်း ဗုံးနှစ်လုံးပစ်ချရန် အတွက်လည်း အသင့်ဖြစ်၍နေလေပြီ။

'ဝုန်း' ခနဲ ပေါက်ကွဲသံနှင့်အတူ မီးတောက်ကြီးတစ်ခုကို ဗိုလ်မြင့်ဦးသည် အဝေးမှ လှမ်းမြင်လိုက်၏။

ဗိုလ်မှူးမြတ်ထွန်းလေယာဉ်ပျံ ပထမအချီ ဗုံးကြဲသွားလေပြီ။

ဗိုလ်မြင့်ဦးမှာလည်း ငါးစက္ကန့်အတွင်း ပစ်မှတ်ပေါ်ရောက်

တော့မည် ဖြစ်၏။

ဗိုလ်မြင့်ဦးက စိုက်ဆင်းနေသော သူ့လေယာဉ်ပျံကို အနည်းငယ် ဆွဲတင်လိုက်၏။ ပစ်မှတ်မှာ ဗိုလ်မှူးမြတ်ထွန်းစောစောက ပြောထားသည့်အတိုင်းပင် ထင်လင်းစွာ သူ့ရှေ့တွင် မြင်တွေ့နေရလေပြီ။

ဗိုလ်မှူးပြောခဲ့သည်နှင့် ခြားနားချက်ဟူ၍ ရွာအရှေ့က တဲတန်းရှည်ကြီးမှာ တစ်ခုတည်းမဟုတ်ဘဲ သုံးခုဖြစ်၍ နေခြင်းပင်ဖြစ်၏။ ညာဘက်အစွန်းဆုံး တဲတစ်ခုမှာ ဗိုလ်မှူးမြတ်ထွန်း ကြဲချသွားသော ဗုံးတစ်လုံးမှန်၍ မီးဟုန်းဟုန်း တောက်လျက် ရှိလေပြီ။

ဗိုလ်မြင့်ဦးသည် ဘက်ဘက်အစွန်ဆုံးမှ တဲတန်းရှည်ကြီးကို ဦးတည်လိုက်သည်။ ဗုံးချသည့်အခါ မတော်တဆ လွဲသွားမည်စိုး၍ လေယာဉ်ပျံအမြင့်ကိုလည်း အနည်းငယ် နှိမ့်ချလျက် ပျံသန်းလိုက်၏။

ပစ်မှတ်ပေါ် ရောက်လေပြီ။

သူသည် ဗုံးချသောခလုတ်ကို ညင်သာစွာ နှိမ့်ချလိုက်၏။ စက္ကန့်ပိုင်းအတွင်းမှာပင်. . .

"တော်တယ်ဟေ့. . . မင်း တော်တယ်၊ နှစ်လုံးလုံး လျှိုထဲကျသွားပြီ၊ တစ်ချက်မှ မမှန်ဘူး. . ဟား. . . . ဟား. . . . ဟား. ."

ဗိုလ်မှူးမြတ်ထွန်း၏ ရေဒီယိုလှိုင်းမှ လှောင်ပြောင်သံမှာ ငှက်ဆိုးထိုးသံလို ပေါ်၍လာ၏။

ဗိုလ်မြင့်ဦးမှာ တစ်ကိုယ်လုံး ထူပူသွားလေပြီ။

သူသည် ရုတ်တရက် ဗိုလ်မှူးစကားကို မယုံနိုင်သေးသဖြင့် သူ့လေယာဉ်ကို ၁၈၀ ဒီဂရီကွေ့ချလိုက်၍ ပစ်မှတ်ကို ကြည့်လိုက်သေး၏။

မှန်ပါသည်။

ဘယ်ဘက်အစွန်ဆုံးတဲမှာ တုပ်တုပ်မျှမလှုပ်။

သူပစ်လိုက်သောဗုံးများမှာ ဗိုလ်မှူးပြောသည့်အတိုင်း အရှေ့ဘက်လျှိုထဲ ကျသွားကြလေပြီ။

ဗိုလ်မြင့်ဦးသည် ရှက်စိတ်ဖြင့် ချက်ချင်းပင် ဒုတိယတစ်ချီချရန် ပြင်လိုက်ပြန်သည်။ ယခုတစ်ချီချရာတွင် သူ့တွင် ဗုံးများ လက်ကျန်မရှိတော့။

ဒုံးပျံများသာ ရှိတော့သည်။

ဒုံးပျံများကိုပင် အားကိုး၍ ကျဲရတော့မည်။

ထိုအချိန်၌ ဗိုလ်မှူးလေယာဉ်ပျံမှာလည်း ပစ်မှတ်ပေါ်သို့ ဒုတိယတစ်ချီ ဗုံးကြဲရန် ရောက်နေပြန်လေပြီ။

စက္ကန့်အပိုင်းအတွင်းမှာပင် ဒုတိယတဲတစ်လုံးမှာ မီးဟုန်းဟုန်း တောက်၍နေပြန်သည်ကို ဗိုလ်မြင့်ဦး တွေ့လိုက်ရ၏။

ဗိုလ်မြင့်ဦးသည် သူ့လေယာဉ်ပျံကို ဘယ်ဘက်အစွန်ဆုံးတဲကို ချိန်၍ ပစ်မှတ်နှင့် နီးသထက်နီးအောင် စိုက်ဆင်းလိုက်၏။

ပစ်မှတ်နှင့် ကိုက်အနည်းငယ်သာ ဝေးပေတော့မည်။

မြေပြင်တွင်ပြေးလွှားလျက်ရှိသော ရန်သူများကိုပင် မြင်တွေ့နေရလေပြီ။

အံ့ဩဖို့ ကောင်းသည်မှာ ယခုအချိန်ထိ မြေပြင်မှရန်သူများ ပြန်လည်ပစ်ခတ်သည်ကို အရိပ်အယောင်မျှ မမြင်ရ။ သူကို့ကြောက်၍ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေကြသည်လား။

ဗိုလ်မြင့်ဦးသည် ဒုံးပျံလေးခုကို တစ်ချိန်တည်းပစ်ခတ်လိုက်၏။ ဒုံးပျံလေးခုစလုံးပင် သခင့်အလိုကို သိသည့်အတိုင်း ပစ်မှတ်တည့်တည့်ကို စိုက်ဆင်းသွားခဲ့၏။

ရန်သူ့ဘယ်ဘက် အစွန်ဆုံးတဲစခန်း ပြိုလေပြီ။

"မြင့်ဦးရေ သတိထားနော်၊ အောက်က ပစ်တယ်"

ဗိုလ်မျူး သတိလှမ်းပေးသည့်အသံမှာ ဗိုလ်မြင့်ဦး၏ နားကြပ်ခွက်တွင် ရုတ်တရက် ပေါ်လာ၏။

သို့သော် နောက်ကျသွားလေပြီ။

ဗိုလ်မြင့်ဦးဒုံးပျံများ တဲတန်းကိုထိ၍ ပေါက်ကွဲသွားကြသည့် အချိန်နှင့် တစ်ချိန်တည်းလိုလိုပင် ဗိုလ်မြင့်ဦး၏ ကိုယ်ထည်တွင်လည်း 'ဖောက်'ခနဲ ကျောက်စရစ်ခဲနှင့်ပစ်သည့်ဒဏ်ကို ခံလိုက်ရသလို ကျည်ဆန်မှန်သည့် အသံတစ်ခုကို ဗိုလ်မြင့်ဦး ကြားလိုက်ရ၏။ သူ့လေယာဉ်ပျံ ထိသွားလေပြီ။

"ဗိုလ်မျူး ကျွန်တော့်လေယာဉ်ပျံ ထိသွားပြီ"

"ဟော့ ခုပဲ ငါ သတိပေးသေးတယ်၊ ဒုက္ခပါပဲ၊ ဘယ်နေရာ ထိသွားသလဲ"

ဗိုလ်မျူး၏အသံမှာ စိုးရိမ်ထိတ်လန့်သည့်အသံများ ရောယှက်လျက် ရှိ၏။

"အမြီးမှာ"

"အမြီးဆိုရင် ကိစ္စမရှိပါဘူး၊ ဒါပေမယ့် လစ်ကြစို့ဟေ့၊ အခြေအနေမလှရင် တောင်ငူလေယာဉ်ကွင်းမှာပဲ ဆင်းလိုက်ကြသေးတာပေါ့"

ဗိုလ်မြင့်ဦးသည် သူ့လေယာဉ်ပျံကို တောင်ငူမြို့ရှိ အနောက်တောင်အရပ်သို့ ဦးတည်လိုက်၏။ စက်အားကိုလည်း အနည်းငယ်မြှင့်တင်ပေးလိုက်၏။

အချိန်မှာ နေ့လည် ၁၂ နာရီ ထိုးလုပေပြီ။

ဗိုလ်မြင့်ဦးသည် သူ့လေယာဉ်ပျံ၏ ပဲ့နှင့် အတက်အဆင်း ထိန်း ရွက်များကို ပျက်စီးခြင်း ရှိ၊ မရှိ အကြိမ်ကြိမ်လှုပ်၍ ကစား ကြည့်လိုက်၏။

ဘာမှ ချွတ်ယွင်းချက်မတွေ့။

တိုက်လေယာဉ်များမှာ အမြီးတွင် ကျည်ဆံထိလျှင် အထိန်းအရွက်များပျက်စီးမည်ကိုသာ ကြောက်ရ၏။ အထိန်းအရွက် များ ထိခိုက်မှုမရှိဟုဆိုလျှင် ဘာမျှကြောက်စရာမရှိတော့။

ထို့ကြောင့် ရုတ်တရက် မြွေကိုက်ခံရသလို ထူပူလျက်ရှိသော ဗိုလ်မြင့်ဦး၏ စိတ်များမှာ တည်ငြိမ်စပြုလာ၏။

ထိုအချိန်၌ ဗိုလ်မှူးလေယာဉ်ပျံမှာလည်း သူ့ကို အကူအညီ ပေးရန် သူ့လေယာဉ်ပျံ ဘယ်ဘက်က တောင်ပံဘေးတွင် ကပ်၍ တည်ငြိမ်စွာ ပျံသန်းလျက်ရှိလေပြီ။

**ငွေတာရီမဂ္ဂဇင်း၊ ၁၉၇၁၊ ဇွန်။**

## မိုးယံမှ အန္တရာယ်လမ်း

"ရှမ်းတဲမျှော်စင်၊ ရဲခေါင်အုပ်စု လေထဲတက်ခွင့်ပေးပါ၊ ဒါပဲ"

"ရဲခေါင် အုပ်စု တက်ပါ၊ ဒါပဲ"

ဗိုလ်ကြီးမြတ်ထွန်းသည် သူ့လေယာဉ်ပျံ၏ စက်အားကို တဖြည်းဖြည်းချင်း အဆုံးထိ မြှင့်တင်လိုက်၏။ ဆီးဖြူရီလေယာဉ်ပျံမှာ စက်အားအလွန်ကောင်းသော လေယာဉ်ပျံဖြစ်သဖြင့် စက်အားထိန်းမောင်းတံအဆုံးရောက်သည်နှင့် ဂုန်းခနဲ သေနတ်ပြောင်းဝမှ ကျည်ဆန်ထွက်သလို အရှိန်ပြင်းစွာနှင့် လေယာဉ်ပြေးလမ်း စပြေးတော့သည်။

ယနေ့ ရဲခေါင်အုပ်စုတွင်ပါဝင်သည့် လေယာဉ်ပျံမှာ နှစ်စင်းသာရှိ၏။

ဗိုလ်ကြီးမြတ်ထွန်းမှာ ရဲခေါင်ခေါင်းဆောင် လေယာဉ်ပျံဖြစ်ပြီး ဗိုလ်မြင့်ဦးမှာ ညာဘက်တောင်ပံတွင် ကပ်လိုက်ရမည့် အရံလေ

ယာဉ်ပျံဖြစ်၏။

ဗိုလ်မြင့်ဦးမှာ ဗိုလ်ကြီးမြတ်ထွန်း လေယာဉ်ပျံထွက်သည့်နှင့် သူ့ဘက်မှ ကပ်၍လိုက်တက်သွား၏။ လေယာဉ်ပျံနှစ်စင်း လေယာဉ်ကွင်းမှ ယှဉ်တွဲ၍ အပြိုင်တက်သည့်မြင်ကွင်းမှာ အလွန်ကြည့်၍ ကောင်းလှ၏။

တစ်စင်းနှင့်တစ်စင်း ကြိုးနှင့်ချည်ထားသလားဟု ထင်ရအောင်ပင် ပူးကပ်၍နေ၏။

ရှမ်းတဲလေယာဉ်ပြေးလမ်းမှာ အလွန်ရှည်လျားသော ပြေးလမ်း ဖြစ်၏။

ကတ္တရာများလည်း ခင်းထားလေသည်။ ဂဝံကျောက်မှုန့်များ ခင်းထားသည့် မိတ္ထီလာလေယာဉ်ပြေးလမ်းနှင့် ဘာမှမဆိုင်။

အလွန် ချောမွေ့လျက်ရှိ၏။

ထို့ကြောင့်လည်း ရဲခေါင်လေယာဉ်အုပ်မှ လေယာဉ်ပျံနှစ်စင်းမှာ စက်အားအဆုံးမြှင့်၍ စက္ကန့်အနည်းငယ်ကြာလျှင်ပင် အရှိန်အတော်လေး ရ၍လာ၏။ တစ်နာရီ မိုင် ၆၀ နှုန်း ခန့်ရှိလေပြီ။

"ရဲခေါင် အုပ်စု၊ ရှမ်းတဲမျှော်စင်မှ ပြောနေတယ်၊ ရဲခေါင်(၂) လေယာဉ်ပျံက ဘာပြုတ်ထွက်သွားသလဲ မသိဘူး၊ လေယာဉ်ပြေးလမ်းပေါ် လိမ့်သွားနေတယ်၊ သတိထားပါ"

"ဟေ့ မြင့်ဦး၊ ဘာဖြစ်တာလဲ၊ ဂရုစိုက်ကြည့်စမ်း"

မျှော်စင်နှင့် ဗိုလ်ကြီးမြတ်ထွန်းတို့၏ အသံမှာ ရေဒီယိုလှိုင်းမှ တစ်ပြိုင်တည်း ထွက်၍လာ၏။ ဗိုလ်ကြီးမြတ်ထွန်းမှာ လေထဲတက်ရန် အားယူနေချိန်ဖြစ်၍ နောက်သို့လှည့်ကြည့်၍ ရနိုင်သည်မဟုတ်သဖြင့် ဗိုလ်မြင့်ဦးအတွက် စိုးရိမ်စွာ နှုတ်မှသာလှမ်းအော်လိုက်ရ၏။

မှန်သည်။

ရဲခေါင်(၂)လေယာဉ်ပျံဖြစ်သော ဗိုလ်မြင့်ဦး၏ လေယာဉ်ပျံမှာ အဘယ်သို့ဖြစ်သည် မသိပါ။ မျှော်စင်မှ လှမ်းကြည့်လျှင်ပင် အရာဝတ္ထုတစ်ခုသည် လေယာဉ်ပျံမှပြုတ်ထွက်ပြီး လေယာဉ်ပျံရှေ့မှ ပြေးသွားလျက်ရှိ၏။

"ဘီး. . . ဘီး ဆရာကြီး ညာဘက်ဘီး ကျွတ်သွားပြီ"

ဆရာကြီးဟူသည်မှာ ဗိုလ်ကြီးမြတ်ထွန်းကို ခေါ်ခြင်းဖြစ်၏။ ဗိုလ်ကြီးမြတ်ထွန်းမှာ ဆီးဖြူရှိ တိုက်လေယာဉ်ပျံအမောင်းသင်နည်းပြ ဆရာဖြစ်၏။ အသက်မှာ သုံးဆယ်ကျော်ခန့်ဖြစ်ပြီး ဝဝဖိုင့်ဖိုင့်နှင့် အလွန်သဘောကောင်းသူမို့ သူ့တပည့်များက ရိုးရိုးဆရာဟု မခေါ်ကြ။ နောက်ပြောင်ပြီး ဆရာကြီးဟု ချစ်စနိုးခေါ်ကြခြင်းဖြစ်၏။

"ဟေ့ ဘီးပြုတ်သွားတယ် ဟုတ်လား၊ အခုမင်းဘယ်မှာလဲ"

ဗိုလ်ကြီးမြတ်ထွန်းမှာ ဗိုလ်မြင့်ဦး ပြောစကားကို ရုတ်တရက် မယုံနိုင်သဖြင့် ပြန်၍အော်ပြီး မေးခွန်းထုတ်လိုက်၏။

"ဆရာကြီးဘေးမှာ ကပ်လျက်ပဲ၊ ဘီးက ကျွန်တော့်ရှေ့က ပြေးနေတယ်၊ ဆရာကြီး၊ ဒါပေမယ့် အရှိန်ရနေလို့လား မသိဘူး၊ တစ်ဘီးတည်းနဲ့ ခုသွားနေတာ ဘာမှ မသိသာဘူး"

ထိုအချိန်၌ လေယာဉ်ပျံနှစ်စင်းလုံး အရှိန်မိုင် ၉၀ ကျော်သွားပြီဖြစ်၍ လေထဲရောက်လာကြပြီဖြစ်၏။ ထိုအချိန်မှာပင် ဗိုလ်ကြီးမြတ်ထွန်းသည်လည်း နောက်သို့ လှည့်ကြည့်လိုက်လေ၏။

မှန်သည်။

ဗိုလ်မြင့်ဦးလေယာဉ်မှာ သူ့လေယာဉ်ပျံ၏ ညာဘက်တွင် ကပ်၍ တည်ငြိမ်စွာတွဲပြီး ပျံသန်းလျက်ရှိ၏။

ဗိုလ်မြင့်ဦးလေယာဉ်ပျံညာဘက်ဘီးမှာမူ ခြေတံသာရှိ၍ ငုံးတိတိကြီး ဖြစ်နေ၏။

ပြုတ်ကျကျန်ရစ်ခဲ့လေပြီ။

"မြင့်ဦး ဘီးတင်လိုက်တော့"

"ဟုတ်ကဲ့ ဆရာကြီး"

ဆီးဖြူရှိ လေယာဉ်ပျံများ၏ ဘီးမှာ တင်၍ချရ၏။

ထို့ကြောင့် ဗိုလ်မြင့်ဦးလည်း စက္ကန့်အတွင်း သူ့ဘီးကို ခေါက်တင်လိုက်၏။

ဘီး ခေါက်တင်လိုက်ပြီဆိုလျှင် လေယာဉ်ပျံအရှိန်မှာ သိသိသာသာကြီး တိုး၍မြန်လာပါသည်။

တွေးလိုက်လျှင် ယခုအဖြစ်အပျက်အားလုံးမှာ အံ့စရာပင် ဖြစ်၏။ လေယာဉ်ပျံတစ်စင်း၏ ဘီးတစ်ဖက်ကျွတ်ထွက်ရန်အလုပ်မှာ အလွန်ခဲယဉ်းလှပါသည်။ မြန်မာ့လေတပ်မတော်သမိုင်းတွင် ဤတစ်ကြိမ်သာ ဖြစ်ဖူးမည်ဟု ဆိုရမည် ဖြစ်၏။

လေယာဉ်ပျံဘီးများ တပ်ထားသည်မှာ အလွန်ခိုင်လှပါသည်။

အလွန်မြဲလှပါသည်။

ပြုတ်ထွက်ရန် လွယ်သည်မဟုတ်ပါ။

သို့သော် အကြောင်းတိုက်ဆိုင်လာလျှင် စက်ကိရိယာဟူသည် မဖြစ်နိုင်သောအရာမရှိ။ ဖြစ်တောင့်ဖြစ်ခဲ ယခု ဘီးတစ်ဖက် ပြုတ်ကျန်ရစ်ခဲ့လေပြီ။

ဗိုလ်မြင့်ဦးအဖြစ်မှာ တွေးကြည့်လျှင် အလွန်ကံကောင်းသည်ဟု ဆိုရမည်။

အရှိန်ကောင်းကောင်း မရသေးသည့်အချိန်မျိုးတွင်သာ ပြုတ်

ထွက်လျှင် လေယာဉ်အတောင်ပံတစ်ဖက်မှာ ချက်ချင်းမြေသို့စိုက်ကျ၍ ပတ်ချာလည်ထွက်သွားပြီး မော်ဘီလေတပ်စခန်းပြန်ရန်အတွက် ဆီအပြည့်ထည့်ထားသော လေယာဉ်ပျံမှာ ပြေးလမ်းပေါ်တွင်ပင် မီးထလောင်မည် ဖြစ်၏။

ယခုတော့ အရှိန်ကောင်းစွာရပြီး လေထဲ တက်လုတက်ခင် အချိန်မျိုးတွင် ပြုတ်ထွက်သွားသဖြင့် ဘာမျှ သိသာလိုက်ခြင်းမရှိဘဲ အေးအေးဆေးဆေးပင် လေထဲတက်လာနိုင်ခဲ့ခြင်းဖြစ်၏။

ဘီးတစ်ဖက်တည်းနှင့် ကွင်းပြန်အဆင်းတွင်သာ ပြဿနာပေါ်တော့မည်။

ဝမ်းဗိုက်နှင့် ရှပ်ဆင်းရတော့မည်။

"ရဲခေါင်အုပ်စု မျှော်စင်က ပြောနေတယ်၊ ဗိုလ်ကြီးတို့ ကျွန်တော်တို့ကွင်းမှာ အရေးပေါ် ဆင်းမလား၊ မီးသတ်ကားတွေ၊ သူနာတင်ကားတွေ အားလုံးအဆင်သင့်လုပ်ထားပေးမယ်"

ရှမ်းတဲမျှော်စင်မှ လှမ်းပြောသော ရေဒီယိုသံမှာ ပီသလှဘိ၏။

"ဟော့ကောင် မြင့်ဦး၊ မင်း ရှမ်းတဲကွင်း ပြန်ဆင်းမလား"

"ဆရာကြီးသဘောက. . ."

"ငါ့သဘောကတော့ မင်္ဂလာဒုံကွင်းမှာပဲ သွားဆင်းစေချင်တယ်၊ ဒီကွင်းမှာက မီးသတ်ကားတို့၊ အသက်ကယ်ယာဉ်တို့လည်း မင်္ဂလာဒုံကွင်းအဆင့်မျိုး အစုံရှိတာ မဟုတ်ဘူး။ မင်းလေယာဉ်ပျံမှာ ဓါတ်ဆီအပြည့် ဖြည့်ထားတဲ့အတွက် ခုအတိုင်း ဘယ်လိုမှ မင်း ချက်ချင်း ပြန်ဆင်းနိုင်မှာ မဟုတ်ဘူး၊ ဆင်းတာနဲ့ မီးထလောင်မှာပဲ၊ ဒီတော့ မင်း ဒီမှာဆင်းမယ်ဆိုရင်လည်း တစ်နာရီ၊ နှစ်နာရီလောက်

ဆီကုန်တဲ့အထိ လိုက်ပတ်မောင်းနေရဦးမှာပဲ"

"ဒီလိုဆိုရင်လည်း မင်္ဂလာဒုံမှာပဲ ဆင်းမယ်လေ"

"အေး. . အေး ပြီးရော"

ထိုအချိန်၌ လေယာဉ်ပျံနှစ်စင်းစလုံးမှာ ပေခြောက်ထောင် အမြင့်ခန့်သို့ ရောက်နေကြပြီဖြစ်၏။

"ရှမ်းတဲမျှော်စင် ရဲခေါင်အုပ်စုမှ ပြန်ပြောနေတယ်၊ ကျေးဇူး တင်ပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်တို့ ခင်ဗျားတို့ကွင်း ပြန်မဆင်းတော့ ဘူး၊ မင်္ဂလာဒုံအထိ ဆက်သွားမယ်၊ မင်္ဂလာဒုံမှာပဲ ဆင်းမယ်၊ ခင်ဗျား မင်္ဂလာဒုံမျှော်စင်ကို လှမ်းပြောထားပါ၊ အရေးပေါ် ကွင်းဆင်းဖို့ အားလုံး အသင့်လုပ်ထားပါလို့. . ."

"ဟုတ်ကဲ့ စိတ်ချပါ ဗိုလ်ကြီး၊ အားလုံး လှမ်းပြောထားလိုက် မယ်"

ဗိုလ်ကြီး မြတ်ထွန်းသည် သူ့လေယာဉ်ပျံကို ညင်သာစွာပင် မင်္ဂလာဒုံ လေယာဉ်ကွင်းတွင်းရှိရာ အိမ်မြှောင်ညွှန်းတစ်ခြောက်သုည ဒီဂရီသို့ ဦးတည်လိုက်၏။

ဗိုလ်မြင့်ဦး လေယာဉ်ပျံကလည်း တည်ငြိမ်စွာပင် သူ့အနီးမှ ကပ်၍လိုက်ပါခဲ့၏။

"မြင့်ဦး. . . မင်းရှေ့က သွားကွာ၊ ငါ မင်းဘေးက လိုက်ခဲ့ မယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ဗိုလ်မြင့်ဦးသည် ရုတ်ခြည်းပင် စက်အားကို အနည်းငယ်မြင့် ၍ ဗိုလ်ကြီးမြတ်ထွန်းရှေ့ကို ကျော်တက်သွားလိုက်၏။ ဗိုလ်ကြီး မြတ်ထွန်းက ဗိုလ်မြင့်ဦး ဘယ်ဘက်တောက်ပံဘေးမှကပ်၍ နေရာ

ယူလိုက်၏။

မှန်သည်။ ယခုကဲ့သို့ သူတို့နေရာပြောင်းယူလိုက်ခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။

ဗိုလ်မြင့်ဦး လေယာဉ်ပျံမှာ အန္တရာယ်ကြုံတွေ့နေသော လေယာဉ်ပျံဖြစ်သဖြင့် ဗိုလ်ကြီးမြတ်ထွန်းနောက်မှ စောစောက အတိုင်းသာ ကပ်လိုက်ခဲ့လျှင် အကယ်၍ အရေးပေါ်အကြောင်း တစ်ခုခုကြောင့် မြေပြင်သို့ထိုးဆင်းလိုက်ရလျှင် ဗိုလ်ကြီးမြတ်ထွန်းမှာ ရှေ့ရောက်နေသဖြင့် ဘာမျှသိလိုက်မည့်မဟုတ်။

ဘာမှ ကူညီနိုင်မည် မဟုတ်။

ထို့ကြောင့် ဗိုလ်မြင့်ဦးလေယာဉ်ပျံကို တစ်ချိန်လုံး မြင်နေနိုင်မည့်နောက်သို့ပြောင်း၍ နေရာယူလိုက်ခြင်းဖြစ်၏။

အချိန်မှာ နေ့လယ် နှစ်နာရီခန့် ရှိလေပြီ။

မင်္ဂလာဒုံ လေယာဉ်ကွင်းရောက်ရန် တစ်နာရီကျော်ကျော်ခန့် သူတို့ သွားကြရပေဦးမည်။

စင်စစ် ယနေ့ ဗိုလ်ကြီးမြတ်ထွန်းနှင့် ဗိုလ်ကြီမြင့်ဦးတို့ ရှမ်းတဲ လေတပ်စခန်းမှ ထွက်လာကြခြင်းမှာ သူတို့အမိလေတပ်စခန်း ဖြစ်သော မှော်ဘီလေတပ်စခန်းသို့ ပြန်ရန်ဖြစ်၏။

သူတို့လေယာဉ်ပျံနှစ်စင်း ယမန်နေ့မနက်ကပင် ရှမ်းတဲ လေတပ်စခန်းသို့ ရောက်ရှိနေကြပါသည်။

သူတို့ ရှမ်းတဲလေတပ်စခန်းသို့ ရောက်နေကြခြင်းမှာ ရှေ့တန်းစခန်းတစ်နေရာသို့ လေကြောင်း ကင်းထောက်တာဝန်ကို ထမ်းဆောင်ရန် ဖြစ်၏။

သူတို့ ကင်းထောက်တာဝန်များမှာ မနေ့ကပင် ပြီးစီးအောင်

ဆောင်ရွက်ကြပြီးကြလေပြီ။

မှော်ဘီလေတပ်စခန်းသို့ ပြန်မည်ဆိုလျှင် ယနေ့မနက်ပိုင်းကပင် ပြန်နိုင် ကြမည် ဖြစ်၏။

သို့သော် ဗိုလ်မြင့်ဦးမှာ မိတ္ထီလာမြို့သားဖြစ်၍ သူ့မိဘထံ ခေတ္တပြန်ချင်သည်ဟုဆိုသဖြင့် ဗိုလ်ကြီးမြတ်ထွန်းမှာ ဗိုလ်မြင့်ဦးကို စောင့်နေပြီး ယခုနေ့လည် ၂ နာရီ ထိုးခါးနီးမှ အေးအေးဆေးဆေး ထွက်လာကြခြင်းဖြစ်၏။

❑ ❑ ❑

အချိန်မှာ ညနေ သုံးနာရီထိုးလုပေပြီ။

မင်္ဂလာဒုံလေယာဉ်ကွင်းမှာ ဆယ်မိုင်အဝေးခန့်ကပင် ထင်ရှားစွာ တွေ့နေရ၏။ လှော်ကားကန်ကြီးမှာလည်း နေရောင်အောက်တွင် အရောင်တလက်လက်နှင့် ရှိနေ၏။

"မင်္ဂလာဒုံ မျှော်စင်၊ ရဲခေါင်အုပ်စု ဆယ်မိုင်အတွင်း ရောက်လာပြီ၊ ဒါပဲ"

"ရဲခေါင် အုပ်စု၊ မင်္ဂလာဒုံမျှော်စင်က ပြန်ပြောနေတယ်၊ ခင်ဗျားတို့ ဆင်းလာခဲ့ပါ၊ ကွင်းမှာ အရေးပေါ်ကွင်းဆင်းဖို့ အားလုံးအဆင်သင့် ပြင်ထားပြီးပြီ၊ ဒီနေ့ ကျွန်တော်တို့ သုံးနေတဲ့ လေယာဉ်ပြေးလမ်း အိမ်မြှောင်ညွှန်း သုညသုံး ဒါပဲ"

မင်္ဂလာဒုံမျှော်စင်မှ ပြန်ပြောသံမှာ အလွန်တည်ငြိမ်လှ၏။

"ဟော့ကောင် မြင့်ဦး၊ မင်းမှာ ရည်းစားရှိလား"

ဗိုလ်ကြီးမြတ်ထွန်းမှာ အရေးပေါ်ကွင်းဆင်းရန် ပြင်ဆင်ရမည့် အချိန်တွင် ဘယ်သို့စိတ်ကူးရသည်မသိ။ အထက်ပါအတိုင်း

မဆီမဆိုင် ဗိုလ်မြင့်ဦးကို လှမ်းမေးလိုက်၏။

"မရှိဘူး ဆရာကြီး၊ ဘာလုပ်မလို့ပဲ"

"ဩော် မင်းက လူပျိုမဟုတ်လား၊ ခု မင်း အရေးပေါ် ကွင်း အဆင်းမှာ မတော်တဆ သေသွားရင် ဘယ်သူ့ကို အကြောင်း ကြားရမှန်း မသိဖြစ်နေမှာစိုးလို့။ ရည်းစားရှိတယ်ဆိုရင်လည်း လိပ်စာပေးထားခဲ့။ ငါမြေပြင် ပြန်ရောက်ရောက်ချင်း အကြောင်း ကြားပေးမယ်"

"ဟာ. . ဆရာကြီး မဟုတ်တာ၊ မင်္ဂလာမရှိတာတွေ၊ မပြော စမ်းပါနဲ့၊ ကျွန်တော် ဘယ်တော့မှ လေယာဉ်ပျံနဲ့သေမယ့်အကောင် မဟုတ်ဘူး၊ ဆရာကြီး လောင်းမလား၊ ကျွန်တော် အခု ကွင်းဆင်း တာမှာ ကျွန်တော့်ကိုယ်မှာ ပွန်းရာခြစ်ရာလေးတောင် မဖြစ်စေရဘူး"

"ဟော့ကောင်. . မင်း အပြောမကြီးနဲ့၊ တကယ်လား"

"ဩော်. . တကယ်ပေါ့၊ ဆရာကြီး ဘီယာသေတ္တာတစ်လုံး တမ်း"

"အေး ကောင်းပြီ"

စင်စစ် ဗိုလ်ကြီးမြတ်ထွန်းသည် ယခုကဲ့သို့ လောင်းသာ လောင်းလိုက်ရသော်လည်း အနိုင်ယူချင်သည် မဟုတ်ပါ။

ဖြစ်နိုင်လျှင် ချက်ချင်း အရှုံးပေးလိုက်ချင်ပါသည်။

သူ့တပည့်ကိုလည်း ဘေးကင်း၊ ရန်ကင်း မြေပြင်သို့ရောက် သွားစေချင်ပါသည်။

တကယ်တော့ ယခုကဲ့သို့ အလောင်းအစား လုပ်လိုက်ရခြင်း ကပင် ဗိုလ်မြင့်ဦးအဖို့ ရင်ထဲတွင် ကြောက်စိတ်များရှိနေပါက ယခု ကဲ့သို့ ပေါ့ပေါ့တန်တန် စကားဖောက်ပြောလိုက်ခြင်းဖြင့် အသက်ရှူ

ချောင်သွားအောင်၊ ပေါ့သွားအောင် လုပ်လိုက်ခြင်းသာဖြစ်၏။

တော်ပါသေးသည်။

ဗိုလ်မြင့်ဦး၏အသံကို အကဲခတ်ရသည်မှာ မည်သို့မှ တုန်လှုပ်ပုံ၊ ကြောက်ရွံ့ပုံမရ။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင်ဖြစ်၏။ ဤအရည်အသွေးများမှာ လေသူရဲများ အန္တရာယ် ရင်ဆိုင်တွေ့နေချိန်များ၌ အရေးကြီးဆုံး လွတ်မြောက်ရာလမ်းမြောက်ကြောင်းထွက်ပေါက်များပင် မဟုတ်လား။

မင်္ဂလာဒုံလေယာဉ်ကွင်းပေါ် ရောက်လာကြလေပြီ။

သူတို့ ပျံသန်းနေကြသည့်အမြင့်မှာ ပေနှစ်ထောင်ခန့်တွင်ရှိ၏။

"မြင့်ဦး၊ ဟိုလေယာဉ်ပြေးလမ်း၊ ဘယ်ဘက်ကမြက်ခင်းကို မြင်တယ် မဟုတ်လား"

"ဟုတ်ကဲ့ မြင်တယ် ဆရာကြီး"

"မင်း အဲဒီအပေါ်ဆင်း၊ ကွန်ကရစ်ခင်းထားတဲ့ လေယာဉ်ပြေးလမ်းပေါ် မဆင်းနဲ့၊ မင်းလေယာဉ်ပျံ ဗိုက်နဲ့ထိရင် အမာအမာချင်းဆိုတော့ မီးလောင်နိုင်တယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"မင်္ဂလာဒုံ မျှော်စင် ရဲခေါင်အုပ်စုမှ ပြောနေတယ်၊ ရဲခေါင် (၂) လေယာဉ်ပြေးလမ်းဘေးက မြက်ခင်းမှာ ဆင်းမယ်၊ ခင်ဗျားတို့ မြက်ခင်းအစပ်မှာ မီးသတ်ဆေးတွေ ဖျန်းပေးထားစမ်းပါဗျာ၊ ကျွန်တော်တို့ တစ်ပတ်ဝဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ ခင်ဗျ၊ ခုပဲ ဖျန်းခိုင်းလိုက်ပါမယ်"

ဆီးဖြူရှိ လေယာဉ်ပျံနှစ်စင်းမှာ တစ်ပတ်ပျံဝဲရန်အတွက်

ဘယ်ဘက်သို့ ကွေ့ချသွားကြ၏။

အချိန်မှာ ညနေ သုံးနာရီခွဲခန့် ရှိလေပြီ။

မတ်လအတွင်းဖြစ်သည်မို့ ကောင်းကင်ပြင်တစ်ခုလုံးမှာ ကြည်လင်၍နေပြီး မြေပြင်ရှိ မြင်ကွင်းအားလုံးမှာလည်း နေရောင်ကြောင့် တောက်ပလျက်ရှိ၏။

"ရဲခေါင်အုပ်စု၊ မင်္ဂလာဒုံ မျှော်စင်က ပြောနေပါတယ်၊ မြက်ခင်းအစပ်ကို မီးသတ်ဆေးဖျန်းပေးထားပြီးပြီ၊ ဒါပဲ"

"ဟုတ်ကဲ့ခင်ဗျာ၊ ကျေးဇူးပါပဲ၊ ကျွန်တော်တို့ ခုပဲ ဆင်းလာခဲ့မယ်"

ဗိုလ်ကြီးမြတ်ထွန်းက တည်ငြိမ်စွာပင် မျှော်စင်သို့ လှမ်းပြောလိုက်၏။

"ကိုင်း မြင့်ဦး ဆင်းဖို့ အဆင်သင့်လုပ်ထားတော့၊ ငါ မင်းဘေးက တစ်ချိန်လုံးကပ်ပြီး လိုက်ပံ့ပေးမယ်၊ စိတ်အေးအေးထား ဆင်း"

"ဟုတ်ကဲ့ ဆရာကြီး"

ဗိုလ်မြင့်ဦးသည် တိုက်လေယာဉ်များ အရေးပေါ်ကွင်းဆင်းရာ၌ ပထမဆုံး လုပ်ဆောင်ရသည့် လေယာဉ်အမိုးအား ဖြုတ်ချရန်အတွက် သူ့ထိုင်ခုံကို အဆုံးထိ နှိမ့်ချလိုက်၏။ ထို့နောက် လေယာဉ်မြန်နှုန်းကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အမိုးဖြုတ်သည့်လက်တံကို ဆွဲလိုက်၏။

အမိုးပြုတ်သွားလေပြီ။

အမိုးကို ဖြုတ်ပစ်ရခြင်းမှာ အရေးပေါ်ကွင်းဆင်းရာတွင် လေသူရဲများ မလုပ်မဖြစ်သော အလုပ်ဖြစ်၏။ ထိုသို့ အမိုးဖြုတ်ဆင်း

သွားမှ မြေပြင်သို့ရောက်၍ မတော်တဆ မီးထလောင်လျှင် လေသူရဲမှာ ချက်ချင်းခုန်ထွက်နိုင်မည်ဖြစ်၏။

ထိုအချိန်၌ လေယာဉ်ပျံမှာလည်း ကွင်းဆင်းရန်နောက်ဆုံးအကွေ့သို့ ရောက်၍နေလေပြီ။

ဗိုလ်မြင့်ဦးမှာ အမိုးပြုတ်သည်ဟုဆိုလျှင် ရှေ့မှအရှိန်ဖြင့် စက်ခန်းအတွင်းသို့ ဝင်လာသော လေအရှိန်ကြောင့် လေယာဉ်ပျံကို မနည်းကြိုးစား၍ ထိန်းမောင်းရ၏။

တစ်ချိန်တည်းတွင်လည်း ဆီးဖြူရှိလေယာဉ်ပျံများ၏ ကွင်းဆင်းခါနီးအချိန်တွင် လုပ်ဆောင်ရသော စစ်ဆေးရသော အချက်များကို တစ်ခုချင်း စိတ်ကိုတည်ငြိမ်အောင်ကြိုးစား၍ စနစ်တကျ လုပ်ဆောင်နေရ၏။

"မင်္ဂလာဒုံမျှော်စင်၊ ရဲခေါင် (၂) ကွင်းဆင်းရန်အသင့်၊ ဒါပဲ"

"ရဲခေါင်(၂) ဆင်းခဲ့ပါ၊ မီးသတ်ကား၊ သူနာတင်ကား အားလုံး အဆင်သင့်၊ ပြင်ထားပါတယ်၊ ဒါပဲ"

မီးသတ်ကား၊ သူနာတင်ကားများ အဆင်သင့်ပြင်ထားသည် ဟုဆိုသော စကားမှာ မျှော်စင်မှ ထုံးစံအတိုင်းပြောနေကျအတိုင်း ပြန်ပြောခြင်း ဖြစ်၏။

သို့သော် ဗိုလ်မြင့်ဦးရင်ထဲတွင်မူ ထိတ်ခနဲဖြစ်၍ သွားသည်။

သူတစ်ခုခုဖြစ်လေမလား။

မြေပြင်နှင့် ပေနှစ်ရာခန့်သာ ကွာတော့သည်။

ဗိုလ်မြင့်ဦးသည် ဖလက်(ခေါ်) လေယာဉ်ပျံတောင်ပံငယ်ကို အဆုံးထိ ချလိုက်၏။ လေယာဉ်အရှိန်မှာ တုံ့ခနဲဖြစ်သွားပြီး မြေပြင်သို့ နိမ့်ဆင်းနေသည်နှုန်းမှာလည်း ချက်ချင်းတိုး၍သွား၏။

မြင်ခင်းအစပ်သို့ ရောက်လေပြီ။

ဗိုလ်မြင့်ဦးသည် သူ့လေယာဉ်ပျံကို အနည်းငယ်ဦးမော့သွားအောင် ဆွဲတင်လိုက်ပြီး စက်အားကို အဆုံးထိပိတ်ချလိုက်၏။ လေယာဉ်မှာ လေးငါးစက္ကန့်လေထဲတွင် အနည်းငယ်မျောနေပြီးနောက် ပေ ၂၀ အမြင့်ခန့်မှ ဝုန်းခနဲမြက်ခင်းပေါ်သို့ ပြုတ်ကျသွား၏။ ထို့နောက် ကိုက်တစ်ရာခန့် ဝမ်းဗိုက်နှင့် မြေကြီးရှပ်၍ပြေးနေပြီး လေယာဉ်ဦးမှာ ရုတ်တရက် ညာဘက်သို့လည်သွား၍ ကန့်လန့်ကြီး ရပ်သွား ၏။

ဗိုလ်မြင့်ဦးသည် ရုတ်ခြည်းပင် မီးခလုတ်နှင့် ဓာတ်ဆီခလုတ်များကိုပိတ်၍ လေယာဉ်ပေါ်မှ မြေကြီးပေါ်သို့ ခုန်ချလိုက်၏။

ကံဆိုးသည်ဟုပင် ဆိုရမည်။

မြက်ခင်းပြင်မှာ မီးသတ်ဆေးများ နစ်နေအောင် ပက်ဖျန်းထားသဖြင့် ဗိုလ်မြင့်ဦးမှာ မြက်ခင်းပေါ်ရောက်ခါမှ ခြေတစ်ဖက်နစ်၍ ဝင်သွားပြီး ကိုယ်ခန္ဓာမှာ အရှိန်နှင့်လဲ၍သွား၏။

ခြေတစ်ဖက်မျက်သွားလေပြီ။

ကျိုးသွားသလား။

လည်သွားသလား။

သူ့မှာ တွေးရန်ပင်အချိန်မရ။

မတော်တဆ လေယာဉ်ပျံ မီးထလောင်ပြီး ပေါက်ကွဲမည်စိုးသဖြင့် ခြေတစ်ဖက်ကိုဒရွတ်တိုက်ပြီး ကိုက်တစ်ရာခန့်သို့ ရောက်သည်အထိ ပြေးရတော့၏။ စက္ကန့်ပိုင်းအတွင်းပင် မီးသတ်ကားနှင့် သူနာတင်ကားများလည်း ရောက်လာခဲ့ကြလေပြီ။

"ဗိုလ်ကြီး ဘာမှမဖြစ်ဘူးနော်"

ဆရာဝန်ဖြစ်ဟန်ရှိသော သူနာတင်ကား အရှေ့ခန်းမှ ဆင်းလာသူတစ်ဦးက ဗိုလ်မြင့်ဦးကို လှမ်းမေးလိုက်၏။

"ဟုတ်ကဲ့ ဘာမှ မဖြစ်ပါဘူးဗျာ။ ခြေတစ်ဖက်တော့ နည်းနည်း မျက်သွားတယ်ထင်တယ်"

"ဟင်! ဗိုလ်ကြီး ပခုံးမှာ သွေးတွေပါလား"

မျက်စိအလွန်စူးဟန်ရှိသော ထိုပုဂ္ဂိုလ်ကပင် ထောက်ပြလိုက်သဖြင့် ဗိုလ်မြင့်ဦးလည်း သူ့ပခုံးကိုသူ လှမ်းကြည့်လိုက်၏။

မှန်ပါသည်။

ပခုံးမှာ သွေးစို့လျက်ရှိ၏။

သူသည် ချက်ချင်းပင် လေယာဉ်မောင်းအင်္ကျီထူကြီး၏ အပေါ်ပိုင်းကိုချွတ်၍ ကြည့်လိုက်၏။ လေယာဉ်စက်ခန်းမှ ခုန်ထွက်လာစဉ်က တံခါးချိတ်နှင့် ငြိခဲ့ဟန် ရှိ၏။ သွေးစို့နေသော အစင်းကြောင်းကြီးကို အထင်းသား မြင်တွေ့လိုက်ရသည်။

"ဘာမှ မဟုတ်ပါဘူးဗျာ၊ ခုန်အဆင်းမှာ တံခါးချိတ်နဲ့ ငြိခဲ့တာပါ။ ဟင် ကျုပ်တော့ ဘီယာတစ်သေတ္တာ ရှုံးပါပြီ"

"ဟင် ဘာဘီယာရှုံးတာလဲ"

သူ ဘာမှ ဆက်မရှင်းပြတော့ပါ။ ရှင်းပြလည်း အကျိုးရှိမည်မဟုတ်။ လေသူရဲ အတွင်းသဘောမနောကိုသိသူမဟုတ်သဖြင့် အသက်ဘေးနှင့် ဤမျှနီးနေချိန်တွင် အလောင်းအစားလုပ်နေရသလားဟု အပြစ်တင်ကောင်း တင်နေကြဦးမည်။ သရော်ကောင်း သရော်နေကြဦးမည်။ ထို့ကြောင့် တစ်ချက်ပြုံးပြလိုက်ပြီး သူနာတင်ကားရှိရာသို့ လျှောက်လာခဲ့တော့သည်။

ထိုအချိန်၌ ဗိုလ်ကြီးမြတ်ထွန်း၏ လေယာဉ်မှာ ဘယ်အချိန်

က ရောက်လာသည်မသိပါ။ ဝေါခနဲ သူတို့၏ ဦးခေါင်းအထက်နား မှာကပ်၍ ပျံသန်းသွားပါသည်။ လျှောင်ပြောင်သွားပါသည်။

**မြဝတီမဂ္ဂဇင်း၊ ၁၉၇၂၊ ဩဂုတ်**

## **စာရေးသူအမှာ**

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက BVAF ခေါ် မြန်မာ့အပျော်တမ်း လေတပ်မတော်ဟူ၍ မြန်မာနိုင်ငံတွင် ဗြိတိသျှတို့က ဖွဲ့ပေးခဲ့ပါသည်။ ဤလေတပ်အဖွဲ့သို့ ဝင်ရောက်အမှုထမ်းသော မြန်မာလေသူရဲများသည် ဗြိတိသျှတို့ဆုတ်ခွာချိန်၌ ဗြိတိသျှလေတပ်အဖွဲ့နှင့်အတူ ဆုတ်ခွာသွားကြသည်။ အချို့မှာ ဗြိတိန်သို့ပင် ရောက်သွားခဲ့ကြ၏။ ကမ္ဘာကျော် Battle of Britain တိုက်ပွဲကြီးတွင် ပါဝင်ခဲ့ကြ၏။ အောက်ဖော်ပြပါ အဖြစ်အပျက်မှာ မြန်မာ့လေသူရဲ ဗိုလ်လှရီ၏ အင်ဖာစစ်မျက်၌ ကြုံတွေ့ခဲ့သော ကိုယ်တွေ့အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။

**စာရေးသူ**

**ရတနာပုံစာအုပ်တိုက်**

# အရှက်ဦးတိုက်ပွဲ

"ဗိုလ်ကြီး . . ထ . . ထ၊ မနက် ၃ နာရီထိုးတော့မယ်"

"အေး . . . အေး . ."

ဗိုလ်လှရီသည် ရုတ်တရက် အိပ်ရာမှ ငေါက်ကနဲထလိုက်ပြီး သူ့ကုတင်တိုင်တွင် ချိတ်ဆွဲထားသော လေယာဉ်မောင်းဝတ်စုံအပြာကို ကောက်ဝတ်လိုက်၏။

"ဗိုလ်ကြီး ကျွန်တော်သွားမယ်၊ ရိပ်သာရွှေ့မှာ လေယာဉ်ကွင်း သွားဖို့ ကားလည်း အဆင်သင့် ရောက်နေပြီ"

"အေး . . . အေး . . ."

ကုလားလူမျိုး ရဲဘော်လေးသည် ပြောပြောဆိုဆိုနှင့် ဗိုလ်လှရီ အခန်းအပြင်သို့ လှမ်းထွက်သွား၏။ ငါးမိနစ်ခန့်အတွင်းပင် ဗိုလ်လှရီသည် သူ့ကိုပို့ရန် အသင့်စောင့်နေသော ဂျစ်ကားပေါ်သို့ လှမ်းတက်ပြီး လေယာဉ်ကွင်းသို့ ထွက်ခွာခဲ့၏။

အချိန်မှာ ၁၉၄၂ ခုနှစ် မတ်လအတွင်းဖြစ်၏။

မတ်လဟုဆိုသော်လည်း ထိုနှစ်မှာ ဆောင်းကုန်စော၍ နွေဦးသို့ပင် ကူးလျက်ရှိပေပြီ။

လောကပတ်ဝန်းကျင်တစ်ခုလုံးမှာ မှောင်မည်းလျက်ရှိ၏။ သို့သော် ကောင်းကင်ပြင်မှ စိန်လုံးလေးများသဖွယ်ရှိသော ကြယ်ပွင့်လေးများမှမူ တောက်ပလျက်ရှိ၏။

ဗိုလ်လှရီမှာ (အင်ဖာ)မရမ်းမီးတိုက် လေတပ်စခန်းသို့ ရောက်ခဲ့သည်မှာ နှစ်ပတ်မျှ မပြည့်သေးပါ။ ဤနှစ်ပက်စလုံးတွင် ညဘက် ၇ နာရီပြည့်အောင် အိပ်ရသောနေ့သည် တစ်နေ့မှမရှိ။ နေ့စဉ် လေကြောင်း ကင်းထောက်ထွက်လိုက်၊ ညစဉ် အရံထိုးစစ်အကူ တာဝန်ထမ်းဆောင်လိုက်နှင့် အားရသည်ဟူ၍မရှိ။

သူသည် ၁၉၄၀ ခုနှစ်၊ ဒုတိယကမ္ဘာစစ်မီးကြီး တောက်လောင်နေချိန်မှ အရေးပေါ် အင်္ဂလိပ်တို့ ဖွဲ့စည်းခဲ့သော ဘီပီအေအက်(ဖ်)ခေါ် အပျော်တမ်းမြန်မာ့လေတပ်မတော်တွင် ပထမဆုံးဖွင့်လှစ်သည့် လေယာဉ်မောင်းသင်တန်းတွင် သင်တန်းအောင်မြင်ခဲ့သည့် လေသူရဲ ဖြစ်၏။

သူတက်ရောက်ခဲ့သော လေယာဉ်မောင်းသင်တန်းတွင် မြန်မာဟူ၍ များများရှိသည်မဟုတ်။

ငါးယောက်မျှသာရှိ၏။

ထိုအထဲတွင် ကပြားများကို ဖယ်လိုက်လျှင် မြန်မာစစ်စစ်ဟူ၍ သုံးဦးသာ ကျန်ရှိ၏။

ထိုသုံးဦးတွင် နှစ်ဦးမှာ ဥရောပစစ်မျက်နှာတွင် ကျန်ခဲ့ပြီး သူတစ်ဦးတည်းသာ ဘုရင့်လေတပ်မတော်နှင့်တွဲဖက်၍ လေသူရဲအဖြစ်

မြန်မာနိုင်ငံစစ်မျက်နှာသို့ ပြန်ရောက်ခဲ့ခြင်းဖြစ်၏။

ဂျစ်ကားလေးမှာ စစ်ဆင်ရေးခန်းမရှေ့တွင် ထိုးရပ်လိုက်လေပြီ။

သူသည် သွက်လက်စွာ ကားပေါ်မှဆင်း၍ သူ့လေထီး၊ သူ့သက်ကယ်ခေါင်းစွပ်နှင့် သူ့သက်ကယ် ရော်ဘာဘောများကိုယူ၍ လေယာဉ်ပြေးလမ်းဘေးတွင် တန်းစီရပ်ထားသော တိုက်လေယာဉ်များရှိရာသို့ သွက်လက်စွာ လျှောက်သွားခဲ့၏။ ထိုအချိန်၌ စစ်ဆင်ရေးခန်းမဘေးရှိ လေသူရဲအပန်းဖြေစခန်းမှ မတိုးမကျယ်ဖွင့်ထားသော ဓာတ်စက်မှ အနောက်တိုင်းတေးသံများ သူ သဲ့သဲ့ကြားနေရ၏။

"မင်္ဂလာ နံနက်ခင်းပါ လှရီ"

"မင်္ဂလာ နံနက်ခင်းပါ ရော်ဂျာ"

သူ့ဘေးမှ ကပ်ဖြတ်လျှောက်သွားသော (နယူးဇီလန်) သားလေသူရဲတစ်ဦးက သူ့ကို လှမ်းနှုတ်ဆက်လိုက်ခြင်း ဖြစ်၏။ ရော်ဂျာမှာ သူနှင့်တစ်ချိန်တည်း ဥရောပစစ်မျက်နှာမှ မြန်မာနိုင်ငံမျက်နှာသို့ ပြောင်းရွှေ့လာသူ ဖြစ်၏။

"ခင်ဗျား နံပါတ် ဘယ်လောက်လဲ ရော်ဂျာ"

"ငါး"

ဗိုလ်လှရီသည် ရုတ်ခြည်းပင် သူ့အရှေ့တွင် လေသူရဲငါးဦးစော၍ ရောက်နေပြီဖြစ်သည်ကို သိလိုက်၏။ သူသည် နံပါတ်(၆) မြောက် တိုက်လေယာဉ်ပေါ်တက်၍ သူ့လေထီးနှင့် သက်ကယ်ပစ္စည်းများကို နေသားတကျရှိအောင် ထားလိုက်၏။

ထို့နောက် လေယာဉ်ပျံအတွင်းဝင်ထိုင်ပြီး ဓာတ်မီးခလုတ်များကို ဖွင့်လိုက်၏။

(ဂျိုင်ရို)ကို အိမ်မြှောင်ညွှန်းနှင့် ကိုက်အောင်ချိန်လိုက်၏။

ထို့နောက် (ထရင်း)ခေါ် လေယာဉ်ညှိကိရိယာကို အရေးပေါ်အချိန်၌ လေထဲတက်နိုင်မည့် အနေအထားများကို ရွှေ့ထားလိုက်၏။

အားလုံးအဆင်သင့်ရှိလေပြီ။

သူသည် လေယာဉ်ပျံပေါ်မှ အသာပြန်ဆင်းပြီး လေသူရဲ အပန်းဖြေစခန်းရှိရာသို့ ပြန်လျှောက်ခဲ့၏။ သူသည် ယနေ့ သူ ထမ်းဆောင်ရမည့်တာဝန်ကို ဘာမှ ကြိုမခန့်မှန်းတတ်သေးပါ။

သူ့တာဝန်မှာ ထိုသို့သတ်မှတ်ထားသောအချိန်တွင် လေယာဉ်ကွင်းသို့အရောက်လာပြီး အသင့်အနေအထားဖြင့် စောင့်နေရန်သာ ဖြစ်၏။

ဘာတိုက်ပွဲဝင်ရမည်၊ ဘာတာဝန်ထမ်းဆောင်ရမည်ဟူသည်မှာ သူ့အလုပ် မဟုတ်။

စစ်ဆင်ရေးခန်းမတွင် အလုပ်များနေသော ဦးစီးအရာရှိများ၏ တာဝန်သာဖြစ်သည်။

သူ အပန်းဖြေစခန်းအတွင်းသို့ ဝင်လိုက်ချိန်တွင် လေသူရဲတစ်စုမှာ ဓာတ်စက်ဘေးတွင် ဝင်ထိုင်ပြီး ကော်ဖီသောက်လျက်ရှိ၏။

အုပ်မှူးလုပ်သူမှာမူ ပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ကျောခင်းထိုင်ရင်း ဆေးတံခဲလျက်ရှိ၏။

စစ်အတွင်းကာလမို့ပင်လား မပြောတတ်။ (အင်ဖား)ရှိ လေသူရဲအပန်းဖြေစခန်းမှာ သေသပ်မှုလုံးဝမရှိပါ။ ကြည့်၊ ကြမ်းပြင်တွင် စီးကရက်အတိုအစများ၊ စာရွက်များ၊ မဂ္ဂဇင်းများ၊ အပန်းဖြေကစားစရာများမှာ ခန်းလုံးပြည့် ပြန့်ကျဲလျက်ရှိ၏။

အခန်းမျက်နှာကြက်တွင် ရန်သူ့တိုက်လေယာဉ်ပျံများ၊ ဗုံးကြဲလေယာဉ်ပျံများ၊ ကင်းထောက်လေယာဉ်ပျံများ၏ ပုံစံငယ်ရုပ်များကို တိုးလို့တွဲလောင်း ချိတ်ဆွဲထားရှိ၏။ နံရံတွင်မူ စခန်းနေ့စဉ်ထုတ်အမိန့်ကြော်ငြာများ၊ အရေးပေါ်နှိုးဆော်စာတမ်းများ တာဝန်ကျလေသူရဲ စာရင်းများနှင့် ပြည့်လျက်ရှိသည်။

သူ ဝင်ထိုင်၍ ငါးမိနစ်ပင် မကြာပါ။

အခန်းတွင်းရှိ တယ်လီဖုန်းမြည်သံပေါ်၍လာ၏။

တာဝန်ကျအရာရှိက ရုတ်ခြည်း စကားပြောခွက်ကို ကောက်ကိုင်လိုက်၏။

"ဗိုလ်မှူး စစ်ဆင်ရေးခန်းမက မေးနေတယ်၊ ခု လေထဲတက်ဖို့ တိုက်လေယာဉ်ပျံ ဘယ်နှစ်စင်း အဆင်သင့်ဖြစ်နေပြီလဲတဲ့"

"ပြောလိုက် ကိုးစီးရှိတယ်လို့"

အုပ်မှူးလုပ်သူက ဆေးတံခဲနေရာမှ အေးဆေးစွာ ပြန်ပြောလိုက်၏။

အပန်းဖြေစခန်းဟု ဆိုသော်လည်း စစ်အတွင်း အခါသမယဖြစ်၍ အလင်းရောင်ရှိလှသည်မဟုတ်ပါ။ တစ်ခန်းလုံး အမှောင်ချထားပြီး မရှိမဖြစ်လိုအပ်သည့်နေရာမျိုးတွင်သာ မီးနီလေးများကို အလင်းရောင်အခန်းအပြင် မထွက်အောင် အုပ်၍ထွန်းပေးထား၏။

"ကလင်. . . ကလင်. . . ကလင်"

တယ်လီဖုန်းသံ မြည်၍လာပြန်သည်။

"ဗိုလ်မှူး စခန်းမိုးလေဝသဌာနက သတင်းပို့နေတယ်၊ (အင်ဖား)နှင့် မြန်မာပြည်အနောက်မြောက်ပိုင်း ရာသီဥတု ကောင်းတယ်၊ အထူးအထွေ အစီရင်ခံဖို့ မရှိဘူးတဲ့"

"အေး. . . အေး ကောင်းပြီလို့ ပြောလိုက်"

ရာသီဥတုကောင်းသည်ဟုဆိုသဖြင့် ယနေ့ လေယာဉ်ပျံ မောင်း၍ ကောင်းမည်။

သို့သော်မြင်ကွင်းကောင်းသဖြင့် မိမိတည်နေရာကို ရန်သူ့ မြင်ကွင်းမှ ဖုံးကွယ်ရန်မလွယ်။

ရန်သူ့အပေါ်တွင်လည်း အငိုက်မိနိုင်မည်မဟုတ်။

ကျားနှင့် ဆင်၊ လယ်ပြင်မှာတွေ့သလို ပြောင်ပြောင်တင်း တင်းကြီးပင် တစ်ယောက်နှင့်တစ်ယောက် တိုက်ပွဲဝင်ရကြမည် ဖြစ်၏။

နံနက် ၅ နာရီ ထိုးလေပြီ။

အရှေ့ဘက် မိုးကောင်းကင်၌ အရုဏ်ဦးရောင်နီလည်း ပေါ် ထွန်းစပြုလေပြီ။

စစ်ဆင်ရေးစခန်းမှ မည်သည့်ညွှန်ကြားချက်မှ မရောက် သေး။ ဗိုလ်လှရီလည်း တဖြည်းဖြည်း ငိုက်မြည်းစပြုနေပြီဖြစ်၏။

"ကလင်. . . . ကလင်. . . ကလင်. . ."

ယခု မြည်လာသော တယ်လီဖုန်းသံမှာ စစ်ဆင်ရေး ညွှန် ကြားချက် အမိန့်ပေးသံဖြစ်မည်ကို အားလုံးမျှော်လင့်နေကြ၏။

မှန်သည်။

"ဗိုလ်မှူး စစ်ဆင်ရေး အမိန့်လာတယ်၊ ရန်သူ့လေယာဉ်အုပ် အိမ်မြှောင်ညွှန်း၊ သုညခြောက် သုညတဲ့"

ဗိုလ်မှူးမှာ ဘာမှ ပြန်မပြောတော့ပါ။

သူ့အရှေ့ရှိ တိုက်ပွဲဝင် သတိပေးချက်ပြ ခေါင်းလောင်းကို လှမ်းနှိပ်ပြီး အရှေ့ဆုံးမှ ပြေးထွက်သွား၏။

ထိုခေါင်းလောင်းသံကြားလျှင် ငိုက်မြည်းနေကြသော လေသူရဲ

အားလုံးမှာလည်း သူ့အနောက်မှ ပြေးလိုက်သွားကြ၏။

ဗိုလ်မှူးလေယာဉ်ပျံမှာ အမှတ်(၁) လေယာဉ်ပျံဖြစ်၏။ လေယာဉ်ပြေးလမ်းဘေးတွင် ရပ်ထားသော လေသူရဲအပန်းဖြေခန်းမနှင့် အနီးဆုံးလေယာဉ်ဖြစ်၏။

ထို့ကြောင့်လည်း သူ့အဦးဆုံးလေယာဉ်ပျံအပေါ် ရောက်သွားလေပြီ။

စက္ကန့်ပိုင်းအတွင်း သူ့လေယာဉ်ပျံမှော်စင် ရှေ့ကိုဖြတ်၍ လေယာဉ်ပြေးလမ်းထိပ်သို့ ထွက်သွားလေပြီ။

ဗိုလ်လှရီသည် သူ့လေယာဉ်ပျံဖြစ်သော နံပါတ် (၆) လေယာဉ်ပျံရှိရာသို့ ပြေးသွား၏။ သူ့လေယာဉ်ပျံအနီးရောက်ချိန်၌ စက်ဆရာ ရဲဘော်များက သူ့လေယာဉ်ပျံစက်ကို အဆင်သင့်နှိုးထားလေပြီ။

သူသည် လေယာဉ်ပျံစက်ခန်းအတွင်း ခုန်ဝင်လိုက်ပြီး လေထီးကိုယူ၍ဝတ်လိုက်၏။ သက်ကယ်ခေါင်းစွပ်ကို လှမ်းစွပ်လိုက်၏။

လေယာဉ်ပျံဘေး ဘယ်/ညာနှစ်ဘက်ကို ရှင်း၊ မရှင်း လှမ်းကြည့်လိုက်၏။

ဒဿမသုံးသုညသုံး ကျည်တပ်စက်သေနတ်နှစ်လက်၏ အဝများမှာ ပတ္တူများနှင့် သေသပ်စွာအုပ်လျက်သားတွေ့ရ၏။

ဤပတ္တူစများမှာ လေထဲမတပ်မီ ဖြုတ်ပစ်ရန်မလိုပါ။ မြေပြင်တွင် သေနတ်ပြောင်းဝအတွင်းသို့ ဖုန်မှုန့်မဝင်အောင် ပိတ်ထားခြင်း ဖြစ်၏။ လေထဲရောက်၍ တိုက်ပွဲဝင်သည်နှင့် ပထမဆုံးထွက်မည့် ကျည်ထောင့်က ဖောက်သွားပေချေမည်။

"လင်းယုန်အုပ်စု (မရမ်းမီး) မျှော်စင်မှ ပြောနေတယ်၊ ပြေး

လမ်း၊ သုညရှစ် မြေပြင်လေ သုညကိုးဒီဂရီ . . . တစ်သုညမိုင် ဒါပဲ"

"မရမ်းမီးမျှော်စင်၊ ကောင်းပြီ၊ ဒါပဲ"

လင်းယုန်ခေါင်းဆောင် လေယာဉ်ပျံမှ ပြန်ပြောလိုက်သံ ဖြစ်၏။

ဗိုလ်လှရီ ပြေးလမ်းအနီးသို့ ရောက်ချိန်၌ သူ့ရှေ့မှ တိုက်လေယာဉ်လေးစီးမှာ လေထဲရောက်သွားလေပြီ။

တစ်စီးမှာ ပြေးလမ်းမြက်ခင်းပေါ်တွင် အရှိန်ဖြင့်ပြေးလျက်ရှိပြီး စက္ကန့်ပိုင်းအတွင်း လေထဲရောက်သွားပေတော့မည်။ ဗိုလ်လှရီသည် ပြေးလမ်းထိပ်ရောက်သည်နှင့် စက်အရှိန်ကိုအဆုံးမြှင့်ပြီး နံပါတ်(၅) လေယာဉ်ပျံအနောက်မှ ကပ်လိုက်သွား၏။

ထိုအချိန်၌ သူ အနောက်ရှိ တိုက်လေယာဉ်ပျံသုံးစီးမှာလည်း လေထဲတက်ရန် တာစူလျက်ရှိလေပြီ။

စက္ကန့်ပိုင်းအတွင်းမှာပင် ဗိုလ်လှရီ၏ လေယာဉ်ပျံသည် လေထဲ ခုန်တက်လာ၏။ လေထဲရောက်သည်ဟုဆိုလျှင် တိုက်လေယာဉ်ပျံလေးမှာ ကိုယ်ကြိုက်သလို လက်ဖျားလေးအတွင်း ရွေ့လျား ကစား၍ ရလေပြီ။

လေယာဉ်ပျံတစ်စီးလုံးမှာ မိမိခန္ဓာကိုယ်၏ အစိတ်အပိုင်း တစ်ခုလိုဖြစ်၍လာ၏။

ပေတစ်ထောင်အမြင့်သို့ ရောက်လေပြီ။

ဗိုလ်မှူးလေယာဉ်ပျံမှာ ရန်သူ့လေယာဉ်ရှိသည်ဟုဆိုသော အိမ်မြှောင်ညွှန်း သုညခြောက်သုညဒီဂရီသို့ ဦးတည်မပျံသွားသေးဘဲ သူ့ဗိုက်အောက် လေယာဉ်ပျံကွင်းကို တစ်ပတ်ပြည့်အောင် ပတ်ဝဲ

လျက်ရှိ၏။

ထိုသို့ပျံဝဲနေစဉ်မှာပင် သူ့နောက်မှ လိုက်ပျံနေခဲ့ကြသော တိုက်လေယာဉ်ပျံရှစ်စီးမှာ ကြိုတင်သတ်မှတ်ထားသောနေရာအသီးသီးတွင် အုပ်ဖွဲ့နေရာယူလိုက်ကြ၏။

ထိုနေ့ကပျံသန်းသော လင်းယုန်လေယာဉ်အုပ်ပုံသဏ္ဌာန်မှာ မြားဦးပုံသဏ္ဌာန်ဖြစ်၏။

ဗိုလ်လှရီမှာ အုပ်မှူးလေယာဉ်ပျံဝဲဘက် အတောင်နံပါတ်(၄) လေယာဉ်ပျံနေရာတွင် နေရာယူ၍ ပျံသန်းလာခဲ့၏။

"လင်းယုန် လေယာဉ်အုပ်ခေါင်းဆောင်၊ စစ်ဆင်ရေးမှူးပြောနေတယ်၊ အိမ်မြှောင်ညွှန်း သုညကိုး သုည၊ အမြင့်ပေ သုံးသုညသုညအထိ တက်ပါ၊ ဒါပဲ"

"စစ်ဆင်ရေးမှူး ကောင်းပြီ၊ ဒါပဲ"

ပေတစ်သောင်းကျော်အမြင့် ရောက်ပေပြီ။

စောစောက မြေပြင်မှလှမ်းကြည့်လျှင် မှောင်နေသလိုရှိသော ကောင်းကင်ပြင်ကြီးမှာ ပိုလင်းလာသလိုရှိ၏။

မှန်သည်။

အရှေ့ဘက်ကောင်းကင်ပြင်မှ အရုဏ်ဦးအလင်းရောင်မှာ ပို၍ တောက်ပလာ၏။

ဗိုလ်လှရီသည် သူ့လေယာဉ်ပျံကို အမှတ်(၅) လေယာဉ်ပျံ အနီးမှ ကပ်၍ထား၏။

"ငါ ဒီနေ့ ရန်သူ့ကိုပစ်ချနိုင်မလား၊ ငါ့ကို ရန်သူက ပစ်ချမလား"

ဗိုလ်လှရီရင်တွင် ရုတ်တရက်ပေါ်လာသောအတွေးဖြစ်၏။

သူသည် သူ့လေယာဉ်ဦးကို ရုတ်တရက် လှမ်းကြည့်လိုက်၏။ ရန်သူ့လေယာဉ်ပျံ အရိပ်အယောင်မှ မမြင်။

ဒီကောင်တွေ တို့ကို အငိုက်ဖမ်းမလို့လား။

အငိုက်မိရင်တော့ ငါပြန်ပစ်ချဖို့ ရုတ်တရက်မလွယ်တော့ဘူး။

အို. . ဒါ. . ငါ့ပြဿနာမဟုတ်ပါဘူး။

ခေါင်းဆောင် တာဝန်ယူရမှာတွေ၊ ဒီကောင်နှင့်တွေ့သာ တွေ့စမ်းပါစေ။

သူပစ်ချခံရမယ်။ ငါ ပစ်ချခံရမယ်ဆိုတာတွေက ကံက အဆုံးအဖြတ် ပေးတာပါ။ ပစ်ချခံရရော ဘာဖြစ်လဲ၊ အို. . ငါ ရန်သူ လေယာဉ်ပျံတစ်စင်းလောက်ကိုတော့ ပစ်ချနိုင်စမ်းပါ၊ ဒါပြီးရင် ဖြစ်ချင်တာ ဖြစ်တော့။

မှန်သည်။

သူ့ ထို့ထက်ပို၍ မတွေးတော့ပါ။

ဤသည်မှာ တိုက်လေယာဉ်ပျံမောင်း လေသူရဲများ၏ တွေးရိုးထုံးစံဖြစ်၏။

ပေသုံးသောင်းအမြင့်သို့ ရောက်လေပြီ။

"လင်းယုန်ခေါင်းဆောင်စစ်ဆင်ရေးမှူး ပြောနေတယ်၊ ခင်ဗျား ခု ဦးတည်အိမ်မြှောင်ညွှန်အတိုင်း ဆက်ပျံပါ၊ (ရေဒါ)ထဲမှာ ပေါ်နေတာကတော့ ရန်သူ့လေယာဉ်ပျံငါးစီးရှိတယ်၊ ကျုပ်တို့စခန်းကို ဦးတည်ပျံလာနေတယ်၊ ခင်ဗျားနဲ့ ၂၄ မိုင်ပဲ ဝေးတော့မယ်၊ အမြင့် ပေက နှစ်သောင်းငါးထောင် ဒါပဲ"

စစ်ဆင်ရေးမှူးက မြေပြင်မှ ရန်သူ့သတင်းကို မပြတ်ပေးပို့

လျက်ရှိ၏။ (အင်ဖား) ဒေသမှာ မြန်မာနိုင်ငံနှင့်ကပ်လျက် အိန္ဒိယနိုင်ငံအတွင်းရှိ လွင်ပြင်ဒေသဖြစ်၏။

ဗိုလ်လှရီတို့ လေယာဉ်ပျံ (မရမ်းမီး) လေတပ်စခန်းမှတက်၍ ဆယ်မိနစ်ခန့်ကြာလျှင်ပင် ပေရှစ်ထောင်ကျော်မြင့်သော တောင်များပေါ်သို့ ရောက်၍နေလေပြီ။ ထိုတောင်များပေါ်ကျော်၍ ငါးမိနစ်ခန့်ပျံလျှင်ပင် မြန်မာနိုင်ငံပိုင် (တမူး)လွင်ပြင်ပေါ်သို့ ရောက်လေပြီ။

"လင်းယုန်အုပ်စု စစ်ဆင်ရေးမှူး ပြောနေတယ်၊ ရန်သူ့လေယာဉ်အုပ် ခင်ဗျားမြင်ကွင်းအတွင်း ရောက်နေပြီ၊ ဂရုစိုက်ရှာကြည့်ပါပဲ"

"စစ်ဆင်ရေးမှူး ကောင်းပြီ"

လေကြောင်းတိုက်ပွဲများတွင် ဤနေရာမှာ အရေးအကြီးဆုံးအချိန်ဖြစ်၏။

ရန်သူ့အပေါ် အငိုက်မိရန်မှာ သူ့ကိုအရင်မြင်နိုင်မှ ဖြစ်မည်။

ဗိုလ်လှရီတို့အုပ်စုမှ လေသူရဲအားလုံးပင် ရန်သူ့လေယာဉ်အုပ်ကို မျက်လုံးပြူးအောင် ရှာကြည့်ကြ၏။

သို့သော် အရိပ်အရောင်မှ မမြင်။

"လင်းယုန်အုပ်စု ရန်သူ့လေယာဉ်ပျံ ၉ နာရီမှကြည့်၊ အကွာအဝေး ၁၀ မိုင်၊ ဒါပဲ"

ရေဒါဗိုင်ခွက်ပေါ်တွင်ကြည့်၍ ရန်သူ့တည်နေရာ သတင်းပေးပို့နေသော စစ်ဆင်ရေးမှူး၏အသံမှာ ပြတ်သားလှ၏။

ဗိုလ်လှရီတို့ အားလုံးပင် မိမိတို့လေယာဉ်အုပ်မှ ရန်သူ့လေယာဉ်အုပ်ရှိသည်ဆိုသော ၉ နာရီနေရာသို့ လှမ်းကြည့်လိုက်၏။

"လင်းယုန်အုပ်စု ရန်သူ့လေယာဉ်ပျံ ဘယ်ဘက်ကို ကူးလာပြီ၊ ဂရုစိုက်ပါ၊ ဒါပဲ"

ခက်ပါသည်။

မြေပြင်မှသာ အသေးစိတ်သတင်းပေးနေသော်လည်း ကောင်းကင်ပြင်တွင် အရိပ်အရောင်မျှပင် မတွေ့သေး။ အရှေ့ဘက် ကောင်းကင်ပြင်မှ နေဝန်းကြီးမှာလည်း မိုးကုတ်စက်ဝိုင်းမှ ထွက်ပြူစပြု၍ နေလေပြီ။

ထိုအချိန်၌ပင် ခေါင်းဆောင်လေယာဉ်ပျံ၏ ညာဘက်အတောင်ပံ အဖျားအောက်ပိုင်းမှာ ဖွာ၍ကျသွား၏။

ရန်သူ့လေယာဉ်ပျံမှ လှမ်းပစ်နေပြီးဖြစ်သည်ကို ဗိုလ်လှရီတို့အားလုံး ရုတ်ခြည်းသိလိုက်ကြ၏။

ရန်သူတို့ လက်ဦးပေပြီ။

"ရန်သူ့လေယာဉ်ပျံ ၉ နာရီအထက် အုပ်ခွဲ"

လင်းယုန်ခေါင်းဆောင် ဗိုလ်မှူးလှမ်းအော်လိုက်သော အမိန့်သံ ဖြစ်၏။

ထိုအချိန်၌ပင် ဗိုလ်လှရီမျက်စိတွင် သူတို့လေယာဉ်အုပ်ပေါ်သို့ ထိုးဆိုက်ဆင်းလာနေသော ဂျပန်တို့၏ အတောင်ပံနှစ်ဖက်တွင် နေဝန်းတံဆိပ် အမှတ်အသားပါ 'ဇီးရိုး' တိုက်လေယာဉ်ခုနစ်စင်းကို လှမ်းမြင်လိုက်ရ၏။

ဗိုလ်လှရီသည် ရုတ်ခြည်းပင် သူ့လေယာဉ်ဦးကို ဘယ်ဘက်သို့ ထောင်ဆွဲ၍ စက်အားကို အဆုံးမြှင့်တင်လိုက်၏။

ဗိုလ်လှရီ မောင်းနေသော တိုက်လေယာဉ်ပျံမှာ ဗြိတိန်လေကြောင်းတိုက်ပွဲများတွင် နာမည်ကြီးခဲ့သော စပစ်ဖားယား

အမှတ်(၂) အမျိုးအစား တိုက်လေယာဉ်ပျံဖြစ်သည်။

လေယာဉ်ပျံမှာ ကိုင်ရတွယ်ရ ပေါ့လှပြီး ရန်သူ့ မြင်ကွင်းမှ လွတ်အောင်ပြေးရာတွင် အလွန်အားထားရ၏။

ဗိုလ်လှရီသည် ရုတ်ခြည်း လေယာဉ်ပျံကို အပေါ်သို့ ထောင်ဆွဲ၍ ကွေ့ချထားသဖြင့် သူ့တစ်ကိုယ်လုံးမှာ ကမ္ဘာ့ဆွဲအားဒဏ်ကြောင့် မလှုပ်နိုင်၊ မခံနိုင်အောင် ရှိ၏။

သူ့စိတ်တွင် သူ့လေယာဉ်ပျံမှာ ကမ္ဘာမြေပြင်မှ တည့်တည့် မတ်မတ်ကြီး ထောင်တက်နေသည်ဟုပင် ထင်လိုက်မိ၏။

မှန်သည်။

စက်အရှိန် အဆုံးမြှင့်ထားသည့်ကြားမှ လေယာဉ်မြန်နှုန်းမှာ ရုတ်ခြည်းထိုးကျလာပြီး လေယာဉ်ပျံတောင်ပံနှစ်ဖက်ကို တည်ငြိမ်အောင် မထိန်းနိုင်၍ လည်ကျမလိုဖြစ်သောအချိန်၌ သူ့မျက်စိမှာ ကမ္ဘာ့ဆွဲအားဒဏ်ကြောင့် ရှေ့ကို ဘာမှ လှမ်းကြည့်၍မမြင်တော့။

ထိုအချိန်၌ သူ့လေယာဉ်ပျံ၏ အမြင့်မှာလည်း ပေသုံးသောင်း ငါးထောင်အမြင့်ကိုရောက်၍ နေလေပြီ။

ယင်းအမြင့်ထက် ဆက်တက်၍မရတော့။

ထို့ကြောင့် သူသည် ညာဘက်ပဲ့ကို အသာကန်၍ အောက်ဘက်ကို ကွေ့ဆင်းလိုက်၏။

ကံကောင်းလှပေသည်။

သူ့ကို ပစ်ချရန် သူ့အနောက်ကပ်လိုက်လာသော ရန်သူ့ (ဇီးရိုး) လေယာဉ်ပျံမှာ သူကွေ့သလို ကပ်မကွေ့နိုင်သဖြင့် အောက်ဘက်သို့ လည်၍ထိုးစိုက်ဆင်းသွား၏။

ရန်သူ့သတ်ကွင်းမှ လွတ်သွားလေပြီ။

ဗိုလ်လှရီသည် ကောင်းကင်ပြင်တစ်ခုလုံး ရန်သူ့လေယာဉ်ပျံများကို အနီးအနားပတ်ဝန်းကျင်၌ လျှောက်ရှာကြည့်လိုက်၏။ ကောင်းကင်ပြင် အနှံ့ အပြားတွင်ပင် သူ၏ ရဲဘော် စပစ်ဖားယား လေယာဉ်ပျံများနှင့် ရန်သူ့ (ဇီးရိုး)လေယာဉ်ပျံများမှာ ခွေးများ မြေပြင်တွင် ကိုက်နေကြသကဲ့သို့ တစ်စင်းနှင့် တစ်စင်း လုံးထွေးပြီး တိုက်ပွဲဝင်နေကြ၏။

သူ့မျက်စိရှေ့တွင်ပင် ရန်သူ့လေယာဉ်ပျံနှစ်စင်း စက္ကန့်ပိုင်းအတွင်း စက်ခေါင်းပိုင်းများမီးလောင်၍ ထိုးစိုက်ဆင်းသွားကြပြီး (စပစ်ဖားယား) လေယာဉ်ပျံတစ်စင်း ပေါက်ကွဲသွားသည်ကို မြင်တွေ့လိုက်ရ၏။

ဘယ်သူ့ လေယာဉ်ပျံပါလိမ့်။

"လင်းယုန်ခြောက်ပစ်မှတ် ၁၂ နာရီအောက်"

ခေါင်းဆောင်လေယာဉ်ပျံမှ အမိန့်ပေးလိုက်သံ ဖြစ်၏။

မှန်သည်။

ဗိုလ်လှရီသည် သူ လေယာဉ်မှ ၁၂ နာရီအရပ်သို့လှမ်းကြည့်လိုက်လျှင် သူ အမြင့်ပေထက် ပေနှစ်ထောင်နိမ့်သောအမြင့်၌ လေယာဉ်ပျံတစ်စင်း ထိုးစိုက်ပျံသန်းသွားနေသည်ကို မြင်တွေ့လိုက်ရ၏။

သူသည် ရုတ်ခြည်းပင် ထိုလေယာဉ်ပျံရှိရာသို့ စက်အားကို အဆုံးမြှင့်ပြီး ထိုးစိုက်ဆင်းလိုက်သွား၏။

လေယာဉ်စက်အားမှာ အဆုံးမြှင့်ထားသဖြင့် အမြန်နှုန်းပို၍ မြန်မြန်လာ၏။

ရှေ့မှမြင်ကွင်းမှာလည်း တဖြည်းဖြည်းနီးနီး၍လာ၏။

လေယာဉ်ပုံသဏ္ဍာန်မှာလည်း ပို၍သဲကွဲသဲကွဲလာ၏။ မှန်သည်။

ဘယ်သို့ လမ်းမှားထွက်လာသည့်လေယာဉ်ပျံဟု မမှန်းဆတတ်ပါ။ နေဝန်းတံဆိပ်တပ် ရန်သူ့လေယာဉ်ပျံတစ်စီးပင် ဖြစ်၏။

ရန်သူ့လေယာဉ်ပျံ အမြီးပိုင်းနှင့် ကိုက်နှစ်ရာခန့်သာ ဝေးတော့မည်။

ရှေ့က လေသူရဲမှာ သူကပ်လိုက်လာသည်ကို လုံးဝ သိသေးဟန်မရှိ။

ထို့ကြောင့် ဗိုလ်လှရီသည် လှမ်းမပစ်သေးဘဲ ရန်သူ့လေယာဉ်ပျံအနီးသို့ တိုးကပ်၍သွား၏။

ထိုအချိန်၌ သူ့လေယာဉ်ပျံမြန်နှုန်းမှာ အမြင့်ဆုံးပျံသန်းနိုင်သည့် မြန်နှုန်းအတွင်းသို့ ရောက်လေပြီ။

အတောင်ပံနှစ်ဖက်မှာ တုန်ခါလျက်ရှိ၏။

ထိုမြန်နှုန်းထက်ပိုလျှင် အတောင်ပံနှစ်ဖက် ပြုတ်ထွက်သွားပေတော့မည်။

အတောင်ပံနှစ်ဖက် ပြုတ်သည်ဟုဆိုလျှင် ရန်သူ့အပစ်ချမခံရဘဲ ကိုယ်အလိုအလျောက် ပျက်ကျရတော့မည် ဖြစ်၏။

ထို့ကြောင့်ပင် သူသည် စက်အားကို အနည်းငယ်လျှော့ချလိုက်ရပြန်၏။

ထိုအချိန်၌ ရှေ့မှလေယာဉ်ပျံမှာ သူ့လေယာဉ်ဦးမှ ပေတစ်ရာပင် မဝေးတော့။

သူသည် သူ့လေယာဉ်ဦးကို ငြိမ်အောင်ကိုင်ပြီး ရန်သူ့လေယာဉ်ပျံ၏ ညာဘက်အတောင်ပံအရင်းပိုင်းကိုချိန်ပြီး ၂၀ မိလီမီတာ

စက် အမြောက်ကို နှစ်ချက်ဆင့်၍ လှမ်းပစ်လိုက်၏။

သို့သော်မထိ။

ရန်သူ့ ညာဘက်အတောင်ဖျားမှ ကျည်ဆံကပ်၍ ချော်ထွက်သွား၏။

ရန်သူ့လေယာဉ်ပျံမှာ ရုတ်ခြည်းပင် ဘယ်ဘက်သို့ ကွေ့ချသွား၏။ ဗိုလ်လှရီသည် ရန်သူ့လေယာဉ်ပျံအမြီးတွင်ကပ်၍ လိုက်ကွေ့သွား၏။

"ဖောက်. . . ဖောက်. . . ဖောက်"

သူ့လေယာဉ်ပျံကိုယ်ထည်ကို အမြင့်မှ ကျောက်စရစ်ခဲများနှင့် လှမ်းပစ်လိုက်သလို အသံများကြားပြီး လေယာဉ်ပျံ အမြီးပိုင်းမှာလည်း ရုတ်တရက် ခါ၍သွား၏။

"လင်းယုန် ၆ သတိထား၊ သတိထား၊ မင်းနောက်မှာ ရန်သူ့လေယာဉ်ပျံ"

မည်သည့်လေယာဉ်မှ သူ့ကို လှမ်းသတိပေးသည်ကို သူ မမှန်းဆတတ်တော့။

မှန်သည်။

နောက်သို့ လှည့်ကြည့်လိုက်လျှင် ရန်သူ့လေယာဉ်ပျံ တစ်စင်း ကပ်လိုက်နေသည်ကို အထင်းသား မြင်တွေ့ရပြီ။

သူ့လေယာဉ်ပျံအမြီးပိုင်းမှာလည်း ထိုလေယာဉ်ပျံမှ လှမ်းပစ်ထားသော ကျည်ဒဏ်ကြောင့် စုတ်ပြတ်လျက်ရှိ၏။

ထိုအချိန်၌ သူ အပင်ပန်းခံလိုက်နေခဲ့သော ရန်သူ့လေယာဉ်ပျံမှာလည်း ပေးငါးဆယ်ပင် မဝေးတော့။

သူ ဘာလုပ်ရမည်နည်း။

ရှေ့က ကိုယ့်ပစ်ကွင်းထဲ ရောက်နေသော ရန်သူ့လေယာဉ်ကို မဲပြီး ဆက်ပစ်မည်လား၊ ရန်သူ့သတ်ကွင်းရောက်နေသော ကိုယ့်လေယာဉ်ပျံကို သတ်ကွင်းမှလွတ်အောင် ပြေးမည်လား။

သူသည် ကြာရှည်တွေးနေချိန်မရ။

နောက်မှ ကိုယ့်ကိုပစ်နေသော ရန်သူ့လေယာဉ်ပျံကို လုံးဝမေ့ထားလိုက်ပြီ။ ရှေ့မှ ရန်သူ့လေယာဉ်ပျံအနီးသို့ စက်အရှိန်အဆုံးမြှင့်၍ ထိုးကပ်လိုက်ရန်ဆုံးဖြတ်လိုက်၏။

ရှေ့မှ လေယာဉ်အမြီးပိုင်းနှင့် သူ့ လေယာဉ်ဦးမှ ပေ ၂၀ ပင် မဝေးတော့။

သို့သော် ထိုလေယာဉ်ပျံမှာ ငြိမ်နေသည်မဟုတ်။

အမျိုးမျိုး ကွေ့ပတ်ပျံနေသဖြင့် သူ့မှာ ချိန်ရခက်နေ၏။

လေကြောင်းတိုက်ပွဲများတွင် မိမိ၏လေယာဉ်၏ဦးကို ငြိမ်အောင်မထိန်းနိုင်သေးသမျှ ရှေ့မှ ရန်သူ့လေယာဉ်ပျံကို မည်သို့မှ ထိအောင်ပစ်၍မရ။

အလားတူပင် သူ့နောက်မှကပ်လိုက်နေသော ရန်သူ့ ဂျပန်လေသူရဲမှာလည်း ရှေ့မှ လေယာဉ်ပျံကိုလိုက်ရင်း အမျိုးမျိုး ကွေ့ပတ်ပျံနေသည့်မိမိကို ချိန်ရခက်နေဟန် ရှိ၏။

တစ်ချက်မျှ လှမ်းပစ်သည်ကို မတွေ့ရ။

အချိန်မှာ နံနက် ၆ နာရီ ထိုးလုပေပြီ။

ဗိုလ်လှရီ၏ တစ်ကိုယ်လုံးမှာ ချွေးများနှင့် ရွှဲရွှဲစိုလျက်ရှိ၏။ သူသည် တုန်နေသော သူ့လက်ချောင်းကလေးများကိုငြိမ်အောင် ကြိုးစားပြီး လေယာဉ်ပျံထိန်း မောင်းတံထိပ်တွင် တပ်ဆင်ထားသည့် စက်သေနတ်ခလုတ်ကို လှမ်းနှိပ်ရန် အသင့်ပြင်ထားလိုက်၏။

ကံကောင်းလှသည်။

စက္ကန့်အတွင်းပင် ရှေ့မှ ရန်သူ့လေယာဉ်ပျံမှာ ပစ်ကွင်းမှ အနေတော် အနေအထားအတွင်းသို့ ဝင်လာ၏။

စက်သေနတ်ခလုတ်ကို နှိပ်လိုက်လေပြီ။

လေယာဉ်ပျံတစ်စင်းလုံးမှာ ချက်ချင်းတုန်ခါသွား၏။ သူ့လေယာဉ်ပျံ တောင်ပံတွင် တပ်ထားသော စက်သေနတ်မှကျည်ဆန်များ ပြေးထွက်သွားကြလေပြီ။

စက္ကန့်ပိုင်းအတွင်းပင် ရန်သူ့လေယာဉ်ပျံ ညာဘက်အတောင်ပံမှ မီးခိုးများအူ၍ထွက်လာ၏။

ရန်သူ့လေယာဉ်ပျံ ထိသွားလေပြီ။

သူသည် သူ့နောက်မှ ကပ်လိုက်နေသော ရန်သူ့လေယာဉ်ပျံကို လှည့်ကြည့်လိုက်၏။

ဘယ်ရောက်သွားသည် မသိပါ။

အရိပ်အယောင်မျှ မမြင်ရတော့။

ထိုအချိန်၌ ရန်သူ့လေယာဉ်ပျံမှာ ညာဘက်တောင်ပံ ရုတ်တရက် ပြုတ်ထွက်သွားပြီး မြေပြင်သို့စိုက်ဆင်းသွား၏။

ဂျပန်လေသူရဲ လေထီးဖြင့် ခုန်ထွက်သွားနိုင်၊ မသွားနိုင် သူ မမြင်လိုက်မိပါ။

သတိလည်း မထားခဲ့မိ။

စက်အရှိန်ပြင်း၍ အပူချိန်အရမ်းတက်နေပြီဖြစ်သော သူ့လေယာဉ်ပျံကိုသာ ရုတ်တရက် စက်အားလျှော့ချပြီး (အင်ဖား) လွင်ပြင်ရှိရာသို့ သူ့ဦးကို ပြန်ကွေ့လိုက်၏။

ထိုအချိန်၌ (စပစ်ဖားယား) ငါးစင်းမှာ သူ့ရှေ့တွင် လှပစွာ

အုပ်ဖွဲ့ပျံသန်းနေကြသည်ကို သူ လှမ်းမြင်လိုက်ရ၏။ သူသည် ထို လေယာဉ်အုပ်ရှိရာသို့ ထိုးစိုက်လိုက်သွားပါသည်။

ထို့နေ့ အရှက်ဦးတိုက်ပွဲမှာ ၄ မိနစ်ထက် ပိုမကြာပါ။

သို့သော် ဗိုလ်လှုရှိမှာ လူမောစိတ်မောနှင့် တစ်ကိုယ်လုံး နွမ်းနယ်လှချေပြီ။

လုံးဝ မလှုပ်ချင်တော့။ သူ့စိတ်တွင် လေကြောင်းတိုက်ပွဲမှာ လွန်ဆွဲပွဲနှင့်တူသည်ဟု ထင်လိုက်မိပါသည်။

**မြဝတီမဂ္ဂဇင်း၊ ဒီဇင်ဘာလ**
**၁၉၇၅ ခုနှစ်၊ အတွဲ ၂၄၊ အမှတ် ၂။**

## လွှမ်းငွေ့ဝေဝေ

ကျွန်တော်သီချင်း နားမထောင်နိုင်ခဲ့သည်မှာ ကြာလေပြီ။

တကယ်တော့ ကျွန်တော် ဂီတကို ချစ်ပါသည်။

လှပသော တေးများအကြားတွင်လည်း ယစ်မူးခဲ့ပါသည်။

သို့သော် မုန်တိုင်းအမျိုးမျိုးကို ဖြတ်ခဲ့ရသော ကျွန်တော့်ဘဝ ကြမ်းကြောင့် ယနေ့တေးဂီတကို မမြတ်နိုးနိုင်တော့ပါ။

သီချင်းတစ်ပုဒ်ကိုပင် ဆုံးအောင်နားထောင်နိုင်သည့် တည်ငြိမ်သောအာရုံမျိုးပင် ကျွန်တော်တွင် မရှိတော့။ အရွယ်ကြောင့်ဟုပင် ဆိုရမည်လား မပြောတတ်။

အင်္ဂလန်နိုင်ငံ၏ နွေဦးသည် ချစ်စဖွယ်နွေဦးဖြစ်၏။

ပတ်ဝန်းကျင်တွင် ဆောင်း၏နှင်းငွေ့များကလည်း မပျောက်သေးပါ။ သီချင်းတိပ်ခွေတစ်ခုကို ဖွင့်ကြည့်လိုက်သည်။

အမေရိကန်အဆိုတော် ဒင်းမာတင်၏ သီချင်းများကိုသာ

သွင်းထားသော တိပ်ခွေဖြစ်၏။

သီချင်းအားလုံးမှာ ၁၉၆၂ ခုနှစ်အတွင်းက ခေတ်စားခဲ့သော သီချင်းအဟောင်းများဖြစ်၏။

ယခု ၁၉၇၈ ခုနှစ်၊ နှစ်ပေါင်း ၁၆ နှစ် ကြာခဲ့ပြီ။

လူ့သက်တမ်းကို နှစ်ပေါင်းခြောက်ဆယ်ထား၍တွက်ကြည့်လျှင် လူ့သက်တမ်း၏ သုံးပုံတစ်ပုံနီးပါးခန့် ကြာခဲ့သောအချိန်ပိုင်းမှ တေးဟောင်းများဖြစ်၏။

ပထမတစ်ပုဒ်မှာ 'မင်းပြုံးနေသောအခါ' ဟူသော သီချင်းဖြစ်၏။

ကျွန်တော့်နှလုံးသားတွင် မည်သည့်ခံစားမှုမှ မရှိလှပါ။

ဒုတိယအပုဒ်မှာ 'မင်း ကိုယ့်နှလုံးသားကို ခွဲသွားခဲ့ပြီ' ဟူသော သီချင်းဖြစ်၏။ ဤသီချင်းကို ကြားလိုက်ရသောအခါတွင်မူ ကျွန်တော်ရင်ထဲတွင် တစ်မျိုးဖြစ်၍သွားပါသည်။

တကယ်တော့ ကျွန်တော့်နှလုံးသားကို ဘယ်သူ့ကိုမှ ခွဲမသွားပါ။ ခွဲချင်သူရှိ၍ ခွဲသွားခြင်းကိုခံရဦးလည်း ကျွန်တော်နှလုံးသားတွင် နာကျည်းချက်ရှိတော့မည် မဟုတ်ပါ။

ကျွန်တော်အသက်အရွယ်ပိုင်းမှာ ရင့်ကျက်သောအရွယ်ပိုင်းသို့ ရောက်နေလေပြီ။

စိတ်ကူးယဉ်တတ်သောအရွယ်ကို ကျော်ခဲ့ပြီ။

သို့သော် ကျွန်တော့်အတွေးများမှာ ဤသီချင်းခေတ်စားခဲ့သော ၁၉၆၂ ခုနှစ်ပိုင်းများသို့ ပြန်ရောက်နေသည်။ သီချင်းစာသား၏ အဓိကအဓိပ္ပာယ်မှာ 'မင်း ကိုယ့်ကို ခွဲသွားပြီး လူသစ်နှင့် ထွက်သွားလို့ ကိုယ့်နှလုံးသားတော့ ကွဲခဲ့ပြီ၊ တကယ်တော့ မင်းနဲ့ ဆုံတွေ့ရ

တဲ့အဖြစ်တွေဟာ အိပ်မက်လိုပါပဲ၊ အိပ်မက်ဆိုတာ လူ့ဘဝမှာ တကယ့်ဖြစ်ရပ်မဟုတ်တဲ့အတွက် လွမ်းနေရင် အဓိပ္ပာယ်မရှိပါဘူး၊ ဒါပေမယ့် ကိုယ်က မင်းကို လွမ်းနေဦးမှာပါ' ဟူ၍ ဖြစ်၏။

ကျွန်တော်သည် ၁၉၆၂ ခုနှစ်ပိုင်းက အဖြစ်များကို အမျိုးမျိုး ပြန်တွေးနေ၏။

ထိုစဉ်က ကျွန်တော် စစ်တက္ကသိုလ်တွင် ဗိုလ်လောင်းဘဝ ဖြစ်၏။

ကျွန်တော်သည် ထိုစဉ်ကအဖြစ်များကိုတွေးပြီး လွမ်းဆွေးချင်သလို ဖြစ်နေပါသည်။

အံ့စရာ ဖြစ်ပါသည်။

ဘာကြောင့်ဟူ၍ မသိပါ။

ကျွန်တော့်စိတ်ထဲတွင် ကိုခမ်းလျံကြီးကို သတိရနေသည်။ တစ်ချိန်တည်းတွင် သူနှင့်ဆက်ပြီး သူ့ဘဝနှင့်ခွဲထုတ်မရသော လူများကိုလည်း မျက်စိထဲတွင်ပေါ်နေသည်။

ဒင်းမာတင်၏ အသံမှာ အလွန်အေးပါသည်။

"ကိုခမ်းလျံ"

ကိုခမ်းလျံ သေသည်မှာ အနည်းဆုံး ၆ နှစ်ခန့် ရှိတော့မည်။ သေသောသူ ကြာလျှင်မေ့ဆိုသော စကားအတိုင်း ကိုခမ်းလျံကို မေ့လျှင်လည်း မေ့သင့်လေပြီ။

အမှန်အတိုင်းဝန်ခံရလျှင် တကယ်တော့ ကျွန်တော်လည်း ကိုခမ်းလျံကို မေ့နေပါပြီ။

ဘာကြောင့် ဒီနေ့မှ ကိုခမ်းလျံကို ကျွန်တော့်စိတ်ထဲတွင် ပြန်ပေါ်နေသည် မသိ။

ကိုခမ်းလျံကို သတိရသည်ဟုဆိုလျှင် ကိုခမ်းလျံ၏ ဇနီး၊ မတိုင်နီကိုလည်း ကျွန်တော့်နှလုံးသားတွင် ပြန်၍ပေါ်လာ၏။

မတိုင်နီကို ကျွန်တော်လေယာဉ်ပျံဖြင့် မိတ္ထီလာမှ မင်္ဂလာဒုံ ခေါ်ခဲ့သည့်အဖြစ်များကိုလည်း ပြန်၍သတိရမိပြန်သည်။

'မတိုင်နီ' သည် ကိုခမ်းလျံ၏ ဇနီးအမည်မှန်မဟုတ်ပါ။

၁၉၆၂ ခုနှစ်ပိုင်းက ကျွန်တော်တို့ စစ်တက္ကသိုလ် ကျောင်းအုပ်၏သမီး ကိုခမ်းလျံ၏ဇနီးလောင်းမှာ ထိုစဉ်က ပိန်လွန်း သဖြင့် ကျွန်တော်တို့ ဗိုလ်လောင်းများ နောက်ပြောင်၍ပေးထားသော မြန်မာလို 'မသေးသေး' ကို အင်္ဂလိပ်လို Tiny ဖြစ်၏။ ကျွန်တော် ထိုစဉ်က မတိုင်နီကို ယနေ့လည်း အမည်မှန် မည်သို့ခေါ်သည်ကို ကျွန်တော် ပြန်တွေး၍ မရတော့ပါ။

ကိုခမ်းလျံမှာ ကျွန်တော့်ထက် နှစ်နှစ်စော၍ စစ်တက္ကသိုလ် ရောက်ပါသည်။

ထို့ကြောင့်လည်း ကျွန်တော် စစ်တက္ကသိုလ်ရောက်ချိန်တွင် ကိုခမ်းလျံမှာ နှစ်ကြီးသမား ဗိုလ်လောင်းဖြစ်၍နေလေပြီ။ ကိုခမ်းလျံ မှာ အနော်ရထာတပ်ခွဲမှဖြစ်၏။ ကျွန်တော်မှာ ဘုရင့်နောင်တပ်ခွဲမှ ဖြစ်၏။

တပ်ခွဲမတူပါ။

ကိုခမ်းလျံတို့တပ်ခွဲနှင့် ကျွန်တော်တို့တပ်ခွဲမှာ ပြိုင်ဘက်ဖြစ် ၏။

ကိုခမ်းလျံမှာ အနော်ရထာတပ်ခွဲမှ ဘောလုံးသမား တစ်ယောက်ဖြစ်၏။ ထိုစဉ်က တပ်ခွဲပြိုင်ပွဲအတွက် ကစားသော ဘောလုံးပွဲမှာ လူချပွဲ ဖြစ်၏။

"ခမ်းကြီး ချပေးဟေ့"

သူတို့ အနော်ရထာတပ်ခွဲမှ အားပေးသံဖြစ်၏။

"ဒီခမ်းကြီး ချိုးပစ်ဟေ့"

ကျွန်တော့်တို့ ဘုရင့်နောင်တပ်ခွဲမှ အားပေးသံဖြစ်၏။

ကိုခမ်းလျံမှာ သူတို့တပ်ခွဲနောက်မှ ကစား၏။

သူ့ကို သူတို့ အမှတ်စဉ် (၂) ဗိုလ်လောင်းသင်တန်းမှ ဗိုလ်လောင်းများက ခမ်းကြီး ဟု ခေါ်၏။

ကျွန်တော်တို့ နှစ်ငယ်သမား ဗိုလ်လောင်းများ 'ကို' တစ်လုံး ပိုတပ်ပြီး ကိုခမ်းကြီးဟုခေါ်ကြ၏။

ကိုခမ်းလျံမှာ အရပ်ပုပု၊ အသားဖြူဖြူ ဂင်တိုတိုဖြစ်၏။ ရှမ်းအမျိုးသားတစ်ယောက်ဖြစ်၏။

သူ့မျက်နှာမှာ အလွန်ချို၏။

သူသည် စကားအလွန်နည်း၏။

အလွန်အေး၏။

ကျွန်တော့်စိတ်တွင် မှတ်မှတ်ရရ သူနှင့်အတူ စစ်တက္ကသိုလ်တွင် နှစ်နှစ်ခန့်နေစဉ်အတွင်း တစ်ကြိမ်မှ စကားပြောခဲ့ဖူးသည်ဟု မထင်ပါ။ သို့သော် ထိုစဉ်က စစ်တက္ကသိုလ်မှာ သင်တန်းသား အလွန်နည်းပြီး နေ့စဉ်တစ်ယောက်နှင့်တစ်ယောက် မြင်နေရသဖြင့် စကားမပြောဘဲ တစ်ယောက်အကြောင်းတစ်ယောက် အကုန် သိနေပါသည်။

ကျွန်တော် စစ်တက္ကသိုလ်ရောက်ပြီးဆယ်လခန့်အကြာတွင် ကိုခမ်းလျံ၏ ယောက္ခမလောင်း ဗိုလ်မှူးကျော်ညွန့် စစ်တက္ကသိုလ်သို့ သို့ ဒုကျောင်းအုပ်အဖြစ် ရောက်ခဲ့ပါသည်။ စစ်တက္ကသိုလ်၌ ဒု-

ကျောင်းအုပ်ကို စီအိုင်ဟု ခေါ်ပါ၏။

စီအိုင်၏အာဏာမှာ စစ်တက္ကသိုလ်တွင် အလွန်ကြီးပါသည်။

ဗိုလ်လောင်းများ အလွန်ကြောက်လန့်ရသူ တစ်ယောက်ဖြစ်ပါသည်။

ဗိုလ်မှူးကျော်ညွန့်ကို ကျွန်တော်တို့ ဗိုလ်လောင်းအများစုက ကြည့်မရပါ။

ကြည့်မရသည့်အကြောင်းမှာ တကယ်တော့ အထူးအထွေ ရှိလှသည်မဟုတ်ပါ။

ဗိုလ်မှူးကျော်ညွန့်မှာ မျက်နှာအလွန်တင်းပြီး သူ့စိတ်ရင်း အဘယ်သို့ရှိသည်ကို ကျွန်တော်တို့ မသိ။ ကျွန်တော်တို့စိတ်ထဲတွင် သူ၏ ကျွန်တော်တို့အပေါ်ကြည့်ပုံမှာ အပေါ်စီးမှကြည့်သည်ဟု ယူဆပြီး သူရောက်စအချိန်မှစ၍ ကျွန်တော်တို့ ဗိုလ်လောင်းအများစုမှာ အမြင်ကတ်၍နေ၏။

ဗိုလ်မှူးကျော်ညွန့် ရောက်လာပြီး မကြာမီပင်သူ့သမီး မတိုင်နီလည်း စစ်တက္ကသိုလ်ပတ်ဝန်းကျင်သို့ ရောက်ခဲ့ပါသည်။

မတိုင်နီမှာ ထိုစဉ်က ဆယ်တန်းကျောင်းသူ ဖြစ်ပါသည်။ မတိုင်နီနှင့် ကျွန်တော်တို့အသက်မှာ ကွာလှမည် မထင်ပါ။ အများဆုံး မတိုင်နီမှာ ကျွန်တော်တို့ထက် (၂) နှစ်မျှ ငယ်ပါမည်။

မတိုင်နီမှာ ထိုစဉ်က အလွန်ပိန်၏။

ကျွန်တော်တို့ ဗိုလ်လောင်းရိပ်ဘက်သို့ မကြာခဏ သူ့အဖေ စီအိုင်ကြီးကားနှင့် ပါလာတတ်၏။

ဘာကြောင့် ဟူ၍မသိ။

မနာလိုကြ၍ ဖြစ်နိုင်ပါသည်။

ကျွန်တော်တို့ဗိုလ်လောင်းမှ အများစုမှာ ဗိုလ်မှူးကျော်ညွန့်ကို ကျွန်တော်တို့ ကြည့်မရသလို မတိုင်နီကိုလည်း ကျွန်တော်တို့ ကြည့်မရပါ။

"ဟေ့. . ဟိုမှာ ခတ်တိုင်လာပြီ"

ကျွန်တော်တို့အမှတ် (၄) သင်တန်းမှ အရိုးစိန်းဝင်းက မတိုင်နီကို ခတ်တိုင်ဟု နှိမ်ပြီးအမည်ပေးထားပါသည်။ ခတ်တိုင်ဟူသော အဓိပ္ပာယ်မှာ မတိုင်နီသည် မိန်းမများတွင်ရှိရမည့် တင်၊ ရင် မရှိဘဲ ခတ်တိုင်တစ်တိုင် ထောင်ထားသည့်ပုံသဏ္ဌာန်နှင့်တူသည်ဟု ဆိုလိုခြင်း ဖြစ်၏။

တကယ်တော့ မတိုင်နီမှာ ဤမျှလည်း ကြည့်ရမဆိုးပါ။

မိန်းမလှတစ်ယောက်ဟု မဆိုနိုင်သော်လည်း သူ့အသားမှာ ဖြူ၏။

မျက်နှာမှာ သွယ်သွယ်လှလှပင်ဖြစ်၏။

ကျွန်တော်တို့ ဒုတိယနှစ် ဗိုလ်လောင်းဘဝသို့ရောက်သည့် အခါ၌ မတိုင်နီမှာ အနည်းငယ်ဝလာပါသည်။

ခတ်တိုင်နှင့် မတူတော့ပါ။

"ဟေ့ ကိုခမ်းကြီးနဲ့ ခတ်တိုင် ကြိုက်နေကြတယ်ဟေ့"

တစ်နေ့ ကျွန်တော်တို့ စာသင်တန်းသို့ လမ်းလျှောက်သွားကြစဉ် မတိုင်နီဖြတ်သွားသည်ကိုမြင်ပြီး ဂျပုသောင်းမြင့်က ဘာစိတ်ကူးရသည်မသိ၊ လမ်းလျှောက်နေရင်း သူ့ဘေးမှ သွားကျိုးစောခင်စိုးကို ပြောလိုက်၏

"ဟုတ်ပါ့မလားကွ၊ ကိုခမ်းကြီးက ဒီလောက်ရိုးတာ"

သွားကျိုးစောခင်စိုးက မယုံနိုင်သဖြင့် ပြန်မေးလိုက်၏။

"ဩော် ဟုတ်တယ်လွန်းလို့ ဟိုဘက်တောင် ရောက်သေးတယ်၊ ကိုခမ်းကြီးတပ်စုတစ်က ကောင်တွေ မေးကြည့်ပါလား၊ အကုန်လုံး သိနေကြတာပဲ"

ကိုခမ်းလျံမှာ အနော်ရထာတပ်ခွဲတပ်စု(၁)မှ ဖြစ်၏။

"ဘယ်တုန်းက စကြိုက်ခဲ့ကြတာတဲ့လဲ"

"ဒါတော့ ငါလည်း မသိဘူး၊ တပ်စုတစ်က ကောင်တွေ နောက်နေကြတာပဲ၊ ကိုခမ်းကြီးက တို့အမြင်မှာသာရိုးတာ၊ နောက်ကွယ်မှာ ခြေမြန်လက်မြန်ပဲလို့ ဆိုပဲ"

ဂျပုသောင်းမြင့်စကားကို သဘောကျပြီး ကျွန်တော်တို့အားလုံး ဝါးခနဲ ရယ်လိုက်ကြပါသည်။

မှန်သည်။

သောင်းမြင့်သတင်းမှာ အမှန်ပင်ဖြစ်၏။

နောက်ပိုင်းတွင် ကိုခမ်းကြီးနှင့်မတိုင်နီ ကြိုက်နေသည်ဟူသောအကြောင်းမှာ စစ်တက္ကသိုလ်ဗိုလ်လောင်းလောကတွင် သတင်းမဟုတ်တော့။

အားလုံးသိနေသော ဖြစ်ရပ်ဖြစ်၏။

ကျွန်တော်တို့ ဒုတိယနှစ်ပြီးဆုံးခါနီးတွင် ဗိုလ်မှူးကျော်ညွန့် စစ်တက္ကသိုလ်မှ ပြောင်းသွားပါသည်။

မတိုင်နီကိုလည်း မတွေ့ရတော့။

ကောလိပ်ရောက်သွားပြီဟု သိရပါသည်။

ကျွန်တော် တတိယနှစ် ဗိုလ်လောင်းဘဝရောက်သောနှစ်တွင် ကိုခမ်းလျံ ကျောင်းဆင်းသွားပါသည်။ လေတပ်ကို လေသူရဲအရာရှိအဖြစ် ရောက်သွားပါသည်။

၁၉၆၂ ခုနှစ်တွင် ကျွန်တော် စစ်တက္ကသိုလ်မှ ကျောင်းဆင်း၏။ ကိုခမ်းလျံကဲ့သို့ပင် လေတပ်ကို လေသူရဲအဖြစ် ရောက်သွား၏။

ကျွန်တော် မိတ္ထီလာ လေတပ်စခန်း လေယာဉ်မောင်းသင်တန်းကျောင်းသို့ ရောက်စအချိန်၌ ကိုခမ်းလျံတို့ မရှိပါ။ ဂျက်လေယာဉ်ပျံ အမောင်းသင်ရန်အတွက် အမေရိကန်ပြည်ထောင်စုသို့ ရောက်နေပါသည်။

ကျွန်တော်တို့ လေယာဉ်မောင်းသင်တန်း တစ်ဝက်ခန့် ရောက်သောအချိန်၌ ကိုခမ်းလျံတို့ မြန်မာပြည်ပြန်ရောက်ပါသည်။

ကျွန်တော် မှတ်မိသေးသည်။

ပူလှသော မိတ္ထီလာနွေဦး၏ ညတစ်ညတွင် ကိုခမ်းလျံ ကျွန်တော် အခန်းရောက်လာသည်။

အချိန်မှာ ည ၉ နာရီခန့်ရှိပေပြီ။

"ဟင် ကိုခမ်းကြီးပါလား၊ ခင်ဗျားတို့ ဘယ်တုန်းက မြန်မာပြည်ကို ပြန်ရောက်နေကြတာလဲ"

"တစ်ပတ်ရှိနေပြီ"

သူသည် ဘောင်းဘီနက်ပြာနှင့် ရှပ်အင်္ကျီ အဖြူလက်တိုကို ဝတ်ထား၏။ စစ်တက္ကသိုလ်တွင် ရှိစဉ်တုန်းကထက် အနည်းငယ် ပိုဝလာသလို ရှိ၏။

"ခင်ဗျား ခု ဒီကို ဘာလာလုပ်သလဲ"

"လမ်းကြုံလို့ ဝင်လာတာ၊ ဒီည ဒီမှာအိပ်မလို့၊ ခင်ဗျား ရိပ်သာတပ်ကြပ်ကြီးကို ကျွန်တော့်အတွက် အခန်းတစ်ခန်း စီစဉ်ပေးဖို့ ပြောပေးစမ်းပါ"

"ခင်ဗျား ဒီမှာ ဘယ်နှစ်ညအိပ်မှာလဲ"

"တစ်ညပဲ၊ မနက် ကျွန်တော် ရှမ်းပြည်နယ်တက်မလို့"

"ကျောက်မဲ ပြန်မလို့လား"

"ဟုတ်တယ်"

"တစ်ညပဲဆိုရင်တော့ ခင်ဗျား ဟိုဘက်ခုတင်မှာသာ အိပ်တော့၊ အဲဒါ ကိုအေးကျော် အိပ်ရာပဲ၊ ဒီလူကြီး ဒီည မပြန်လာတော့ဘူး၊ မန္တလေးသွားတယ်၊ မနက်ဖြန် ညနေမှ ပြန်ရောက်မယ်"

ထိုအချိန်၌ ကိုထွန်းလူ ဝင်လာ၏။ ကိုထွန်းလူမှာ ကိုခမ်းလုံနှင့် တစ်နှစ်တည်း စစ်တက္ကသိုလ်မှ အောင်ခဲ့သူဖြစ်ပြီး အမေရိကန်ပြည်ထောင်စုမှလည်း ကိုခမ်းလုံနှင့်အတူ ပြန်လာသူ ဖြစ်၏။

"ဟော့ကောင် ဂယောင်ကြီး မင်း မသေသေးဘူးနော်"

ဂယောင်ကြီး သို့မဟုတ် ဆရာကြီးဟူသောအမည်မှာ ကျွန်တော်နှင့် စစ်တက္ကသိုလ်တွင် အတူနေခဲ့ဖူးသော ရဲဘော်များ ကျွန်တော့်ကို ပေးထားသော အမည်ဖြစ်၏။ ကိုထွန်းလူမှာ ကျွန်တော်တို့ ဘုရင့်နောင်တပ်ခွဲမှဖြစ်ပြီး တပ်စုလည်း တစ်စုတစ်ခုတည်းတွင် အတူနေဖူးသဖြင့် တစ်ယောက်နှင့်တစ်ယောက် အလွန်ရင်းနှီးနေပါသည်။

"တော်စမ်းပါ ခင်ဗျားပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းပါနဲ့၊ ကျွန်တော် ဘယ်တော့မှ မသေဘူး၊ တစ်နေ့က လက္ခဏာ သွားကြည့်တာ နောင် အနှစ်တစ်ရာလောက် အသက်ရှည်နေရဦးမယ်တဲ့၊ ဘာလဲ ခင်ဗျားလည်း အိပ်ဖို့ နေရာလိုက်ရှာနေတာလား"

"ဟုတ်တယ်၊ ငါက ရပြီ၊ ဟော့ကောင် ခမ်းကြီး၊ ငါ ဟိုဘက်က ကြည်သိန်းတို့အခန်းမှာပဲ အိပ်တော့မယ်၊ ရိပ်သာတပ်ကြပ်ကြီးကို မင်းအတွက် အခန်းသာ တောင်းတော့"

"ငါလည်း ရပြီကွ၊ ဟိုဘက်ကုတင်က ကိုအေးကျော်ကြီး ခုတင်တဲ့၊ လွတ်နေတယ်၊ ဒီလူ ဒီညပြန်မအိပ်ဘူး"

ထိုညက ညဉ့်နက်သည်အထိ ကိုခမ်းလုံးနှင့် ကျွန်တော် ထိုင်စကားပြောကြ၏။ သူက အမေရိကန်ပြည်ထောင်စုမှ အတွေ့အကြုံများကို ပြန်ပြောပြသည်။ ကျွန်တော်က စစ်တက္ကသိုလ်တွင် သူတို့ကျောင်းဆင်းပြီးနောက် ဖြစ်ပျက်သော အဖြစ်အပျက်များကို ပြန်ပြောပြသည်။

"ခင်ဗျား ဘာပစ္စည်းတွေ ဝယ်ခဲ့လဲ"

"ဘာမှ အထူးမပါပါဘူး၊ ဟောဒီမှာ ကြည့်စမ်း၊ ဒီသေနတ် ခင်ဗျား မကြိုက်ဘူးလား"

ဒသမ ၂၅ အလွန်ငယ်သော အော်တိုမက်တစ်ပစ္စတိုလေးဖြစ်၏။ သူ့ပစ္စတိုလေးမှာ လက်နှင့်အုပ်ကိုင်လိုက်လျှင်ပင် လက်ထဲ၌ ပျောက်သွား၏။

"ဟာ. . တယ်လှပါလား"

"ဒါ ကျွန်တော် အမေရိကန်က ဝယ်လာတာ၊ ပြန်ရောင်းမလို့၊ ခင်ဗျား ဝယ်မလား"

"မဝယ်ပါဘူး၊ ကျွန်တော့်လက်ထဲမှာ သေနတ်ရှိရင် အန္တရာယ်တစ်ခုခုဖြစ်တတ်လွန်းလို့ ဘာသေနတ်မှ မကိုင်ဘူး၊ ခင်ဗျား သေနတ်ဟာ ကျည်ဆန်တော့ ရှားမယ်ထင်တယ်"

"ဟုတ်တယ် ရှားတယ်၊ မြန်မာပြည်မှာတော့ ရှာလို့မရဘူး၊ ကျွန်တော့်မှာ အမေရိကန်က ဝယ်လာတဲ့ ကျည်ဆန်တစ်ရာတောင် ရှိတယ်"

နောက်တစ်နေ့ မနက်အစောကြီး ကိုခမ်းလုံးနှင့် ကိုထွန်းလူ

ရှမ်းပြည်နယ်ဘက် တက်သွား၏။ ကိုထွန်းလူကို ထိုနေ့ညက ကျွန်တော်တွေ့ခြင်းမှာ နောက်ဆုံးတွေ့ရခြင်း ဖြစ်၏။ ကျွန်တော့် လေယာဉ်မောင်းသင်တန်းကျောင်းမှဆင်းပြီး မင်္ဂလာဒုံလေတပ်စခန်းသို့ရောက်၍ ခြောက်လခန့်အကြာတွင် ကိုထွန်းလူ လေယာဉ်ပျက်ကျ၍ သေဆုံးသွားပါသည်။ ကျွန်တော့်ကို ဂယောင်ကြီးဟု ခေါ်၍ မသေသေးဘူးလားဟု တွေ့တိုင်းမေးတတ်သော ကိုထွန်းလူ။ ကျွန်တော့်ထက် နှစ်ပေါင်းများစွာစော၍ သေသွားပါသည်။

နောက်တစ်နှစ်ခန့်ကြာသောအခါတွင် ကိုခမ်းလျံ လက်ထပ်လိုက်ပြီဟူသော သတင်းကြားရ၏။

မတိုင်နီနှင့်ပင် ဖြစ်၏။

ထိုစဉ်က ကိုခမ်းလျံ မိတ္ထီလာလေ့ကျင့်ရေးလေတပ်စခန်းပြန်ရောက်နေပါသည်။

လေယာဉ်မောင်းနည်းပြဆရာ ဖြစ်၏။

၁၉၆၉ ခု၊ မတ်လလောက်တွင်ဖြစ်သည်ဟု ထင်၏။ ကျွန်တော် ကျိုင်းတုံမြို့မှအပြန် မိတ္ထီလာလေယာဉ်ကွင်းသို့ ခေတ္တဆင်းပါသည်။ အချိန်မှာ ညနေ ၅ နာရီကျော်နေပြီ။ မိုးချုပ်တော့မည် ဖြစ်၏။

"ကိုတင်ဝင်း"

"ဩော်. . ကိုခမ်းလျံ"

လေယာဉ်ပျံ တောင်ပံအောက်ရပ်နေသော ကျွန်တော့်အနီးသို့ ကိုခမ်းလျံ ရောက်လာသည်။ ယခုတစ်ကြိမ်တွင် သူ တစ်ယောက်တည်း မဟုတ်ပါ။ သူ၏ ဇနီး ကျွန်တော်တို့ ခတ်တိုင်ခေါ် မတိုင်နီလည်း အတူပါလာ၏။

"ဒါ ကျွန်တော့် ဇနီးပဲ"

"ဪ. . ."

ကျွန်တော် မတိုင်နီကို ဘယ်သို့နှုတ်ဆက်ရမည်မသိပါ။ တွေ့ဖူးသည်မှာ နှစ်ပေါင်းအတန်ကြာခဲ့ပြီဖြစ်သော်လည်း ထိုနေ့မှ မတိုင်နီနှင့် ကျွန်တော် ပထမဆုံး စကားပြောဖူးခြင်း ဖြစ်၏။

"ခင်ဗျားကို ကျွန်တော်တို့က သိနေတာကြာပြီ"

ကျွန်တော်က ပြုံး၍ ကိုခမ်းလျံကို ကြည့်လိုက်၏။ ကိုခမ်းလျံက ပြန်ပြုံးလိုက်ပြီး. . . .

"ဘာလဲ ဓာတ်တိုင်လို့ ခေါ်ချင်လို့လား"

"ဟား. . . ဟား မခေါ်ချင်ပါဘူးဗျာ"

ကျွန်တော်တို့အားလုံး အသံထွက်၍ ရယ်လိုက်ကြ၏။

"ကျွန်မ ကိုတင်ဝင်းဝတ္ထုတွေတော့ အများကြီး ဖတ်ဖူးပါတယ်"

"မကောင်းတဲ့ သတင်းတွေလည်း အများကြီးကြားဖူးမှာပေါ့"

"မကြားဖူးပါဘူး"

ကျွန်တော်တို့အားလုံး ရယ်လိုက်ကြပြန်သည်။

"ခင်ဗျားတို့ မင်္ဂလာဒုံပြန်ကြမလို့ မဟုတ်လား"

"ဟုတ်တယ်"

"ကျွန်တော့် အမျိုးသမီး၊ အဲ. . . ဓာတ်တိုင်ကို ခေါ်သွားပေးပါ၊ ခင်ဗျား မင်္ဂလာဒုံရောက်ရင် သူတို့အိမ်ကို ဖုန်းဆက်ပေးလိုက်ပါ၊ ခင်ဗျားတို့အချစ်တော် အဖိုးကြီး လာကြိုပေးလိမ့်မယ်"

"ရပါတယ်၊ ကျွန်တော်တို့အားလုံး လုပ်ပေးမယ်"

ထိုနေ့ညက ၉ နာရီကျော်မှ ကျွန်တော်တို့ မင်္ဂလာဒုံ

လေယာဉ်ကွင်းသို့ ရောက်၏။ မိုးချုပ်လွန်းနေပြီဖြစ်၍ မတိုင်နီတို့ အိမ်က ကားကိုပင် ကျွန်တော် မတိုင်နီကို မစောင့်စေတော့ပါ။ တပ်က ကျွန်တော်တို့အိမ် ပြန်ပို့သောကားဖြင့်ပင် မတိုင်နီ မိဘများနေသော ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းမှ အိမ်သို့အရောက် လိုက်ပို့ပေးခဲ့ပါသည်။

ထို့နောက် သုံးလေးနှစ်ကြာသည်အထိပင် ကိုခမ်းလျံနှင့် ကျွန်တော် မတွေ့တော့ပါ။ တကယ်တော့ တွေ့စရာလည်း အကြောင်းမရှိ။ ကျွန်တော် ကိုခမ်းလျံနှင့် မိတ္ထီလာတွင်တွေ့ပြီး မကြာခင် ရန်ကုန် စစ်ရုံးချုပ်သို့ ပြောင်းရသည်။ နောက်ပြန်ကြားရေးဝန်ကြီးဌာနသို့ ရောက်လာသည်။ နောက်တပ်မှထွက်ပြီး စာပေဗိမာန်သို့ ရောက်ခဲ့ပြန်သည်။ ပြန်ကြားရေးဝန်ကြီးဌာနသို့ ရောက်ကတည်းက ကျွန်တော် တပ်မှ ရဲဘော်များနှင့် ဝေးနေခဲ့ပါသည်။

သို့သော် ကိုခမ်းလျံ မသေမီ နောက်ဆုံးတစ်ကြိမ် ကျွန်တော်နှင့် တွေ့သွားပါသည်။ ကျွန်တော့်ကို လာနှုတ်ဆက်သွားသည်ဟုပင် ဆိုရမည်လော။ မပြောတတ်။

တစ်နေ့မနက် ၁၁ နာရီခန့်တွင် ကျွန်တော်ရှိရာ ကုန်သည်လမ်း၊ စာပေဗိမာန်ရုံးခန်းသို့ ကိုခမ်းလျံရောက်လာသည်။ မတိုင်နီလည်း ပါ၏။

"ခင်ဗျား စာပေဗိမာန်ရောက်နေတယ်ဆိုတာ ကျွန်တော် ကြားတယ်၊ ခု ဒီရုံးမှာများ ရှိသလားဆိုပြီး တက်ကြည့်တာ၊ တော်သေးတယ်၊ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ပေလို့"

ကိုခမ်းလျံမှာ လေတပ်ယူနီဖောင်း ဝတ်ထား၏။

ဗိုလ်မှူး ဖြစ်နေပေပြီ။

မတိုင်မီမှာလည်း ကျွန်တော်တို့ ငယ်ငယ်တုန်းက မြင်ဖူးနေသော ပိန်ပိန်ရှည်ရှည်လေးမဟုတ်တော့။

တော်တော်လေး ဝ,၍ နေလေပြီ။

"ခင်ဗျား ဘာအတွက် မြို့ထဲလာတာလဲ"

"ဘဏ်မှာ ငွေလာထုတ်တာ၊ ဘဏ်ကလည်း စောင့်လိုက်ရတာဗျာ၊ နေ့လည် ၁၂ နာရီလောက်မှ ရမယ်လို့ ပြောတယ်"

"ခင်ဗျားတို့ ထမင်းစားပြီး ကြပြီလား"

"ဘယ် စားရဦးမလဲ"

"လာ. . . ဒါဖြင့် ကျွန်တော် ကျွေးမယ်"

စာပေဗိမာန်နှင့် ကပ်လျက်ရှိသော ကျွန်တော့်အိမ်သို့ ကိုခမ်းလျံတို့ လင်မယားကိုခေါ်သွားပြီး အိမ်အောက်မှ အလွယ်တကူ ဝယ်၍ရသည့် ဆီချက်ခေါက်ဆွဲ ကျွေးလိုက်၏။

ထိုနေ့က ပြန်သွားပြီ၊ တစ်ပတ်ခန့်အကြာတွင် ကိုခမ်းလျံ လေယာဉ်ပျံ ပျက်ကျပြီး သေဆုံးသွား၏။

ကျွန်တော် မှတ်မိသေးသည်။

အချိန်မှာ ညနေ ၃ နာရီခန့်ရှိမည်။ စာပေဗိမာန် ကျွန်တော်တို့ အယ်ဒီတာဌာနမှ စာရေးမ ဒေါ်အေးတင်က. .

"ဗိုလ်ကြီး မင်္ဂလာဒုံလေယာဉ်ကွင်း အတက်နားမှာ လေတပ်က ဂျက်လေယာဉ်တစ်စင်း ပျက်ကျလို့တဲ့"

"လေသူရဲတွေရော. ."

"လေသူရဲ နှစ်ယောက်ပါတယ်၊ နှစ်ယောက်စလုံး သေတယ်တဲ့"

"ခင်ဗျား လေသူရဲတွေ နာမည်သိလား"

"ကျွန်မ ဘယ်သိမလဲ"

ကျွန်တော့်စားပွဲတွင် ကျွန်တော် ဆက်၍ ငြိမ်ထိုင်နေ၍ မရပါ။ လေတပ်မှ ဝါရင့်လေသူရဲအားလုံးမှာ ကျွန်တော်နှင့်မကင်းသူ ရဲဘော် ရဲဘက်များသာ ဖြစ်သဖြင့် အပြင်လောကသို့ ရောက်နေပြီ ဖြစ်သော်လည်း ကျွန်တော် ငြိမ်၍ မနေနိုင်။ ဘယ်သူများဖြစ်နေမလဲ ဟု စိတ်ထဲအမျိုးမျိုးတွေးပြီး ဖုန်းကောက်ကိုင်လိုက်၏။

"(၅၁၂) လေတပ်စခန်းကလား"

"ဟုတ်ပါတယ်"

"တာဝန်မှူးနဲ့ စကားပြောပါရစေ"

"ကျွန်တော် တာဝန်မှူးပါ၊ ဗိုလ်မှူးတင့်ဆွေပါ"

"ကိုတင့်ဆွေ၊ ကျွန်တော် တင်ဝင်းပါ၊ လေသူရဲတစ်ဦး . . .၊ သိပြီ မဟုတ်လား"

"သိပြီ"

"ဒီနေ့ ပျက်ကျတယ်ဆိုတဲ့ လေယာဉ်ပျံက လေသူရဲတွေက ဘယ်သူလဲဗျ"

"ကိုခမ်းလျံနဲ့ မောင်မောင်အေး"

ကျွန်တော့်နှလုံးသားထဲတွင် ဆို့၍သွားပါသည်။ နှစ်ယောက် စလုံးမှာ ကျွန်တော်နှင့် စစ်တက္ကသိုလ်တွင် အတူနေခဲ့သူများ ဖြစ်၏။ မောင်မောင်အေးမှာ ကျွန်တော့်ထက် တစ်နှစ်နောက်ကျပြီး စစ်တက္ကသိုလ် ရောက်သူဖြစ်၏။

လူတော်ပင်ဖြစ်၏။

သူ့သင်တန်းတွင် စံပြလေသူရဲ ရထားသူ ဖြစ်၏။

ကိုခမ်းလျံကိုမူ ကျွန်တော်ထံသို့ လွှန်ခဲ့သည့်အပတ်ကမှ

ပေါ်လာပြီး ကျွန်တော့်အိမ်တွင် ဆီချက်ခေါက်ဆွဲ စားသွားသေးသူဖြစ်သဖြင့် ကျွန်တော့်ရင်ထဲတွင် လတ်လတ်ဆတ်ဆတ်ကြီး ဖြစ်နေ၏။

သူ့မျက်နှာမှာ ကျွန်တော့်မျက်စိထဲမှ ဖျောက်ဖျက်မရ။

ကျွန်တော်သည် လူမျိုးစုံကို တွေ့ဖူးပါသည်။

လူတိုင်းတွင် အားနည်းချက် ရှိပါသည်။

သို့သော် ကိုခမ်းလျံမှာ ကျွန်တော် မြင်ဖူးသမျှလူများတွင် အားနည်းချက်အကင်းဆုံးလူဖြစ်၏။ ကျွန်တော့်မျက်စိထဲတွင် သူ့အားနည်းချက်ကို မြင်ထားသည့်အကွက်မရှိပါ။

သူ့အကြောင်း မကောင်းပြောဖူးသူ တစ်ဦးတစ်ယောက်မှ ကျွန်တော့် ယနေ့အထိ မမြင်ဖူးပါ။

ဒင်းမာတင်၏ "မင်း ကိုယ့်နှလုံးသားကို ခွဲသွားခဲ့ပြီ" သီချင်းဆုံးသွားလေပြီ။

ဒင်းမာတင်သည် သူ့ချစ်သူ သူ့ကိုခွဲပြီး လူသစ်နှင့် အဝေးထွက်သွားသည်ကို ဖွဲ့နွဲ့ပြီး ချိုးအေးသောအသံဖြင့် တေးဆိုထား၏။

လွမ်းစရာ ဖြစ်၏။

ဩော် . . . လူသစ်ဖြင့် ထွက်သွားသည့် ချစ်သူကိုပင် လူတို့သည် တေးဖွဲ့၍လွမ်းဆွတ်တတ်သေးလျှင် ကိုခမ်းလျံလိုလူမျိုးလို သေခွဲခွဲရသည့် ခာတ်တိုင်ခေါ် မတိုင်နီတစ်ယောက် ယနေ့ အဘယ်မျှ လွမ်းဆွတ်လျက် ရှိနေပါမည်နည်း။

**ပေဖူးလွှာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၁၉၈၄။**

# ဆရာနှင့်ကျွန်တော်

၂၂. ၁. ၁၉၉၈ နေ့။

ဥက္ကလာဂေါက်ကွင်း စားသောက်ဆိုင်တွင် ဖြစ်၏။

အချိန်မှာ ည (၇) နာရီကျော်ပြီ။

ကိုမြဦး ကျွန်တော့်ရှေ့မှ စားပွဲတွင် လာထိုင်ပါသည်။ ကိုမြဦးမှာ ကျွန်တော်ကဲ့သို့ပင် လေတပ်မှ အငြိမ်းစား ယူခဲ့သော အရာရှိတစ်ဦး ဖြစ်ပါသည်။

သူ့ကို ကျွန်တော် မတွေ့မိခဲ့သည်မှာ ကြာပြီ။ သူ့ခန္ဓာကိုယ်မှာ ငယ်စဉ်ကထက် နှစ်ဆခန့် ဝ,နေသည်ဟု ထင်ပါသည်။ အသားကလည်း အလွန်ဖြူသူ ဖြစ်နေပြန်သဖြင့် ကိုမြဦးမှာ ယခင်က မြဦးနှင့် လုံးဝ မတူတော့။ ယခင်က ဖြူဖြူချောချော ကိုမြဦးမှာ ယခု ဝက်ဖြူကြီး တစ်ကောင်နှင့် တူနေသည်ဟု ကျွန်တော့်စိတ်တွင် ထင်နေမိပါသည်။

"ကိုမြဦး"

"ဟင်. . . ကိုလှဝင်း၊ ခင်ဗျား ထူးထူးဆန်းဆန်း ဥက္ကလာဂေါက်ကွင်းမှာ ဂေါက်သီးလာရိုက်ပါလား"

"ဟုတ်တယ် ကိုမြဦး၊ ကျွန်တော် ဥက္ကလာ ဂေါက်ကွင်းကို ဒီနေ့ဟာ ပထမဆုံး ရောက်ဖူးတာပဲ။ ခင်ဗျားခန္ဓာကိုယ်ကလည်း ဝလှချည်လားဗျာ"

"ဒါတောင် ပိန်သွားတယ် ကိုလှဝင်း၊ တော်တော့်ကို ပိန်ကျသွားတာ။ ခင်ဗျားခန္ဓာကိုယ်ကတော့ ဘာမှ ပြောင်းမသွားသလိုပဲ။ ခင်ဗျားနဲ့ မတွေ့ကြရပေမယ့် ခင်ဗျားစာတွေကိုတော့ ကျွန်တော် အမြဲ ဖတ်နေပါတယ်။ ကျွန်တော်တို့ လေတပ်က လူဟောင်းတွေ ပြန်ဆုံကြတိုင်း ခင်ဗျားအကြောင်းကို အမြဲပြောပါတယ်။ အော် - မနေ့က ဗိုလ်မှူးကြီး တင်မောင်မြင့် အသုဘ သွားပို့ကြတုန်းကတောင် ကျွန်တော်တို့ ခင်ဗျားအကြောင်း ပြောကြသေးတယ်။ ဗိုလ်မှူးကြီး တင်မောင်မြင့်က ခင်ဗျားကို လေယာဉ်ပျံမောင်း သင်ပေးခဲ့တဲ့ ဆရာမဟုတ်လား။ သူ့ အသုဘကို ခင်ဗျား လိုက်ပို့သေးလား"

"ဘာ . . . ဆရာ တင်မောင်မြင့် ဆုံးသွားပြီ"

"ဟုတ်တယ်လေ၊ ခင်ဗျား မသိဘူးလား"

"မသိဘူး ကိုမြဦး၊ ဘယ်တုန်းက ဆုံးတာလဲ"

"၁၉ ရက်နေ့ကဆုံးတယ်၊ မနေ့ကပဲ အသုဘချတယ်"

"ဒုက္ခပါပဲဗျာ၊ သတင်းစာထဲ ကြော်ငြာမထည့်ဘူးလား"

"ထည့်ပါ့ဗျာ။ မနေ့ကလည်း ထည့်တယ်။ ဒီနေ့လည်း ထည့်တယ်"

ကျွန်တော် ကိုမြဦး စကားကို မယုံချင်ပါ။

ကျွန်တော် နေ့စဉ် သတင်းစာကြော်ငြာများကို အမြဲဂရုစိုက်ဖတ်ပါသည်။ ဘာကြောင့် ဆရာတင်မောင်မြင့် ဆုံးသည့်သတင်းကို ကျွန်တော် မဖတ်မိပါလိမ့်။

ကျွန်တော် ထိုညက အိမ်ပြန်ရောက်သည်နှင့် ထိုနေ့ထုတ် သတင်းစာမှ နာရေးကြော်ညာများကို ပြန်ဖတ်ကြည့်သည်။

မှန်ပါသည်။

ဗိုလ်မှူးကြီးတင်မောင်မြင့် (အငြိမ်းစား)၊ သံအမတ်ကြီး (အငြိမ်းစား)၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဝင်၊ ဖက်စပ် (၇) အုပ်ချုပ်မှုဒါရိုက်တာ။ အသက် (၇၀) နှစ်။ အဖ ဦးဘိုးတင် အမိ ဒေါ်ဒေါ်ရွက် တို့၏သား၊ ဒေါ်သန်းမြင့်၏ ခင်ပွန်း။

လူမှားစရာ မရှိတော့ပါ။

ဆရာ တင်မောင်မြင့် အစစ်ပါ။

မယုံနိုင်စရာ ကောင်းလောက်အောင် ကျွန်တော် မျက်စိ လျှမ်းသွားခဲ့ပါသည်။

ဆရာတင်မောင်မြင့် ဆုံးသည့်သတင်းကို ကျွန်တော် လုံးဝမသိ။

အသုဘကိုလည်း မပို့ဖြစ်တော့ပြီ။

ဆရာကတော် ဒေါ်သန်းမြင့်ကိုသာ ကျွန်တော်၏ ဝတ္တရားမကျေပွန်ခဲ့သည်များကို သွားတောင်းပန်ရန် ရှိတော့သည်။

ဘာကြောင့်ဟူ၍ မသိပါ။

ခုတလော ဆရာတင်မောင်မြင့်ကို ကျွန်တော် မကြာခဏ သတိရနေသည်။ သူ့အိမ်လိုက်ရှာပြီး သွားလည်ဦးမှပဲဟုလည်း တွေးနေသည်။

ယခု ဆရာဆုံးပြီတဲ့။

ကျွန်တော် အလွန် ဝမ်းနည်းလှသည်။

ငိုချင်လာသည်။

ဆရာ့မျက်နှာ. . .၊ ဆရာနှင့် ကျွန်တော် အလုပ်တွဲလုပ်ခဲ့ဖူးသည်များမှာ ကျွန်တော့်မျက်စိတွင် ရုတ်ချည်း ရုပ်ရှင်ပြသကဲ့သို့ပင် ပေါ်၍လာသည်။

ဆရာနှင့်ကျွန်တော် စတွေ့ခဲ့သည်မှာ ၁၉၆၃ ခုနှစ်အတွင်းက

ဖြစ်၏။

ဆရာ့အသက်မှာ ယနေ့ (၇၀)။

၁၉၆၃-ခုနှစ်က ဆရာ့အသက်မှာ ၃၅နှစ်။

ယခု ကွယ်လွန်ချိန် အသက ထက်ဝက်မျှ ငယ်သေးသော အလွန်ကျန်းမာ ရွှင်လန်းစွာရှိသည့် လူလတ်ပိုင်း အရွယ်ကဖြစ်၏။

ထိုစဉ်က ကျွန်တော်မှာ စစ်တက္ကသိုလ်မှ အောင်စ. . .။

အရာရှိဖြစ်စေ. . .။

အသက် (၂၀) ကျော်ရုံမျှ ရှိသေးသောအရွယ်။

လေယာဉ်မောင်းသင်ကျောင်း၌ လေယာဉ်မောင်း သင်နေချိန်ဖြစ်၏။

ကျွန်တော်တို့ လေယာဉ်မောင်း သင်တန်းမှာ မြန်မာနိုင်ငံ၌ ပထမဆုံး မြန်မာ့လေကြောင်းမှ အရပ်သား လေသူရဲလောင်းများကို တွဲဖက်၍ သင်ကြားပေးသော သင်တန်းဖြစ်၏။

အခြေခံ လေယာဉ်မောင်း သင်တန်းအဖြစ် ပျံသန်းချိန် နာရီ (၁၂၀) ကို ပရိုဗို(စ်)လေယာဉ်ပျံဖြင့် သင်ကြားရ၏။ အထက်တန်း လေယာဉ်ပျံမောင်း သင်တန်းအဖြစ် ပျံသန်းချိန် နာရီ (၁၂၀) ကို (ဒါကိုတာ) လေယာဉ်ပျံဖြင့် သင်ကြားရ၏။

ဆရာတင်မောင်မြင့်မှာ အထက်တန်း လေယာဉ်မောင်း သင်တန်း၌ သင်ကြားပေးခဲ့သော ဆရာဖြစ်၏။

လေယာဉ်မောင်း သင်တန်း၌ ကျွန်တော်၏ လက်ဦးဆရာမှာ ဆရာတင်အုန်း (အငြိမ်းစားဗိုလ်မှူး၊ ဒီစီအေ ညွှန်ချုပ်) ဖြစ်၏။ သို့သော် ဆရာ တင်အုန်းနှင့် ကျွန်တော်မှာ အဆင်မပြေ။ ကျွန်တော်ကလည်း ဆရာတင်အုန်း၏ စေတနာကို မသိ။ ဆရာတင်အုန်းကလည်း ကျွန်တော့် သဘောကိုမသိ။ ထို့ကြောင့် (၈)နာရီခန့်သာ ဆရာတင်အုန်းနှင့် လေယာဉ်မောင်းသင်ရပြီး ဆရာသောင်းရွှေ (အငြိမ်းစားဗိုလ်မှူးကြီး) ၏ လက်သို့

ပြောင်းပို့လိုက်၏။ ဆရာသောင်းရွှေနှင့် လေယာဉ်ပျံမောင်း သင်ရသည် မှာလည်း အဆင်ပြေချည်းတော့ မဟုတ်ပါ။ တကယ်တော့ အခြေခံ လေ ယာဉ်ပျံမောင်းသင်တန်း နည်းပြဆရာနှစ်ယောက်လုံးနှင့် အဆင်မပြေ ဖြစ်ခဲ့ရသည်မှာ ကျွန်တော့်အပြစ်ဖြစ်၏။ ကျွန်တော် အားနည်းချက်များ ကြောင့်ဖြစ်၏။ ကျွန်တော်မှာ မူလကပင် ဝီရိယနည်းသူ၊ ပျင်းသူဖြစ်ပါ သည်။ နောက်ဆရာများ ညွှန်ကြားသည့်အတိုင်းလည်း အတိအကျ လိုက် မလုပ်။ သင်တန်းကာလအတွင်း စောစောအိပ်ခိုင်းသည်ကို မအိပ်။ ညဉ့် နက်သန်းခေါင်အထိ စာဖတ်နေတတ်၏။ ဖတ်နေသည်မှာလည်း သင် တန်းစာမဟုတ်။ အပြင်စာများဖြစ်၏။

ဆရာသောင်းရွှေမှာလည်း အလွန်ဆူတတ်၏။ သို့သော် စိတ်ရှည်၏။ ပေကပ်ကပ်ကျွန်တော့်ကိုလည်း အခြေခံလေယာဉ်မောင်းသင် တန်းအောင်မြင်သည်အထိ သည်းခံ၍သင်ပေးခဲ့၏။

"လှဝင်း မင်းကိုငါနောက်ဆုံးအခွင့်အရေးပေးမယ်။ မင်း အခြေ ခံလေယာဉ်မောင်းသင်တန်းမှာ ကိုတင်အုန်းနှင့်ရော၊ သောင်းရွှေနှင့်ရော အဆင်မပြေဘူး။ မင်းကို ငါလည်း ကြည့်မရဘူး။ မင်းအခု ဆက်သင်ရ မယ့် အထက်တန်းလေယာဉ်မောင်း သင်တန်းမှာ ကိုတင်မောင်မြင့်နှင့် ငါမင်းကို တွဲပေးမယ်။ ကိုတင်မောင်မြင့်က သဘောအကောင်းဆုံး နည်းပြ ဆရာပဲ။ ဒီဆရာနှင့်မှ မင်း အဆင်မပြေရင် မင်းကို ငါသင်တန်းက ထုတ်ပစ်တော့မယ်။ ငါ သင်တန်း ဆက်တက်ခွင့် မပေးနိုင်ဘူး"

ထိုစဉ်က မိတ္ထီလာလေယာဉ်မောင်း သင်တန်းကျောင်း၌ နည်းပြ ချုပ် လုပ်နေသော ဆရာဌေးမောင် (ဒုဗိုလ်မှူးကြီး၊ ကွယ်လွန်) က ကျွန်တော့်ကို ဆရာတင်မောင်မြင့်လက်သို့ မလွှဲအပ်မီ သူ့ရုံးခန်းသို့ ခေါ်ပြီး ဩဝါဒပေးခြင်းဖြစ်၏။

ဆရာတင်မောင်မြင့်ကိုလည်း ကျွန်တော့်ရှေ့၌ပင် ဤသို့ ပြော လိုက်သေး၏။

"ကိုတင်မောင်မြင့်၊ ဒီကောင့်ကို လုံးဝ မျက်နှာသာ မပေးနှင့်။ သင်တန်းမှာ ဒီကောင် အဆိုးဆုံး သင်တန်းသားပဲ။ ဒီကောင် ခင်ဗျား စကားတစ်ခုခုကို နားမထောင်ဘူးဆိုရင် ကျွန်တော်ကိုယ်တိုင် ဒီကောင့်ကို သင်တန်းက ထုတ်ပစ်မယ်"

ရယ်ရပါသည်။

သင်တန်းသားဆိုး ဖြစ်နေသော ကျွန်တော်မှာ ဆရာတင်မောင်မြင့် လက်ထဲ၌ နှမ်းစေ့ခန့်မျှ သေးငယ်သော ပြဿနာမျိုးပင် မပေါ်ခဲ့တော့ပါ။

ဆရာနှင့် ပထမဆုံးအကြိမ် (ဒါကိုတာ) အတူတူစမောင်းသည့်နေ့မှစ၍ပင် ဆရာ့သဘောကို ကျွန်တော် စသိသည်။

သင်တန်းသားဆိုး ဖြစ်နေသော ကျွန်တော့်ကို သူကြည့်သည့် အကြည့်၌ အထင်အမြင်သေးသည့် အကြည့် လုံးဝမရှိ။

ဆရာတင်မောင်မြင့်သည် ကျွန်တော့်ကို နားလည်၏။

ကျွန်တော့်ကို ကိုင်တတ်၏။

ကျွန်တော့်ကို လုံးဝမဆူပါ။

အပြစ် လုံးဝမပြောပါ။

ထို့ကြောင့် ပထမအကြိမ် လေယာဉ်မောင်း စသင်ပေးသည့် နေ့မှစ၍ ဆရာ့ကို ကျွန်တော် အားနာ၏။ ကျွန်တော် လေထဲ၌ မဟုတ်တာလုပ်၍ ဆရာသောင်းရွှေဆူလျှင် ကျွန်တော် ဘယ်ဘက်နားမှ ဝင်ပြီး ညာဘက်နားမှ ထွက်သွား၏။ ဆရာသောင်းရွှေကို စိတ်လည်းမဆိုး။ သူဆူသည်ကိုလည်း မနာ။ သူ့စကားကိုလည်း နားမထောင်။

ဆရာတင်မောင်မြင့် လက်ထဲတွင်တော့ ကျွန်တော်မှာ ယုန်ငယ်လေးကဲ့သို့ပင် ဖြစ်နေ၏။ ဆရာ သဘောကောင်းလွန်းသဖြင့် ဆရာ့ကို အားနာနေသည့်အတွက်ဖြစ်၏။

ဆရာသည် သတ္တိလည်း အလွန်ရှိသူဖြစ်၏။

ကြည့်ပါ။

"ကိုလှဝင်း၊ ဒါကိုတာလေယာဉ်ပျံရဲ့ ဉာဉ်က ပရိုဗို(စ်)လေယာဉ်ပျံနှင့် လုံးဝမတူဘူး။ မြေကြီးနှင့် ထိခါနီးမှာ ခေါင်းလေးကို အသာလေး ဖြေချလိုက်။ မဆွဲတင်နှင့် ပြန်ထောင်တက်သွားမယ်။ မထိုးချနှင့် ဝင်ဆောင့်မယ်"

ကျွန်တော်က ဆွဲတင်သည်။

လေယာဉ်ပျံဦးမှာ လေထဲထောင်သွားပြီး (ဘတ်လတ်) ရိုက်နေသည်။ ဆရာတင်မောင်မြင့်က လုံးဝ ဘာမျှမပြော။ မျက်နှာပင် တစ်ဖက်သို့ လွှဲနေသည်။

ကျွန်တော် လေယာဉ်ပျံဦးကို ထိုးချလိုက်၏။ မြေကြီးနှင့် ဝင်ဆောင့်၏။ ထန်းပင်တစ်လက်၏ အမြင့်ခန့်အထိ လေယာဉ်ပျံမှာ လေထဲ ပြန်ခုန် တက်သွား၏။ ဆရာတင်မောင်မြင့်က ငြိမ်နေသည်။

ကျွန်တော် တဖြည်းဖြည်း ကြောက်လာသည်။

တစ်ကိုယ်လုံး ချွေးများ ပြန်လာသည်။

ကျွန်တော် သေရဲလောက်အောင်လည်း သတ္တိမရှိ။ ပင်ကိုယ်သူရဲဘောကြောင်သော စိတ်များမှာ ဆွဲလှန်ပြလိုက်သကဲ့သို့ ပေါ်ထွက်လာ၏။

ကျွန်တော် ဒါကိုတာ လေယာဉ်ပျံကို ကျွမ်းကျင်စွာ မောင်းတတ်ခဲ့သည့် ကျေးဇူးအားလုံးမှာ ဆရာတင်မောင်မြင့်၏ ကျေးဇူးများဖြစ်သည်။

သင်တန်းအတွင်း ကျွန်တော့်လုပ်ရပ်အချို့မှာ ဆရာ့အတွက် အလွန်စိတ်တိုစရာများဖြစ်၏။

စိတ်မဆိုး။

ကျွန်တော် မှတ်မိသေးသည်။

တစ်ခါက ဒါကိုတာလေယာဉ်ပျံများ၏ အုပ်စုဖွဲ့ပျံသန်းခြင်း ပညာကို ဆရာက သင်သည်။ ပထမတွဲ၍ သင်သည်။ နှစ်ခါသာ သင်ပေး

သည်ဟု ထင်ပါသည်။

"ကိုလှဝင်း၊ ကျွန်တော့်ရှေက လေယာဉ်ပျံတစ်စင်းနှင့် သွားမယ်။ ခင်ဗျားက ညာဘက်တောင်ပံအနားက ကပ်ပြီးလိုက်ခဲ့"

သူပြောသည့်အတိုင်း ကျွန်တော် လိုက်သွားသည်။

အစပိုင်း အကုန်လုံး အဆင်ပြေ၏။ သို့သော် ကွင်းဆင်းကာနီး၌ ပေတစ်ထောင်အမြင့် လေယာဉ်ပြေးလမ်းအပေါ်မှ ဖြတ်သန်း ပျံစဉ် အချိန်တွင်မှ ဆရာတင်မောင်မြင့် လေယာဉ်ပျံအနီးသို့ ကပ်သင့်သည် ထက် တိုးကပ်၍ ပျံလိုက်၏။

ဆရာတင်မောင်မြင့်၏ ညာဘက်စက်ခေါင်းပန်ကာ၏ လေဝဲ အတွင်းသို့ ကျွန်တော့်လေယာဉ်ပျံ ဘယ်ဘက်တောင်ပံ ဝင်သွား၏။ ချက်ချင်း လေယာဉ်ပျံမှာ မထိန်းနိုင်အောင် လူးပြီး ဆရာ့လေယာဉ်ပျံကို ဝင်တိုက်တော့မလို ဖြစ်သွား၏။ စက်ပိတ်ပြီး အောက်သို့ နိမ့်ဆင်းလိုက်ရ ၏။ ဆရာ့ လေယာဉ်ပျံ၏ ဗိုက်အောက်သို့ ထိုးဝင်သွား၏။

မျက်လုံးများမှာလည်း ကြောက်စိတ်ဖြင့် ပြာသွားပြီး ဆရာ့ လေယာဉ်ပျံမှာ လုံးဝ မြင်ကွင်းမှ ပျောက်သွား၏။

ထိုစဉ်က ကျွန်တော်သာ ဆရာတင်မောင်မြင့်လေယာဉ်ကိုဝင် ချိတ်မိလျှင် နှစ်ဦးစလုံး လေယာဉ်ပျံ ပျက်ကျသေဆုံးကြမည် ဖြစ်၏။

သို့သော် ဆရာ မတုန်လှုပ်။

ကျွန်တော်သာ ချွေးသီးချွေးပေါက်များ မျက်နှာ၌ ရေလောင်းချ လိုက်သလို ချက်ချင်းကျလာပါသည်။ ကျွန်တော် ရေဒီယိုလေလှိုင်းမှ ဆရာတင်မောင်မြင့်ကို လှမ်းခေါ်လိုက်၏။

"ဆရာ တင်မောင်မြင့်"

"ဗျာ"

"ဆရာ. . . ဆရာ့လေယာဉ်ပျံ ပျောက်သွားပြီ"

"ဘာ. . .၊ ကျွန်တော့်လေယာဉ်ပျံ ပျောက်သွားပြီ ဟုတ်လား"

"ဟုတ်ကဲ့"

"ခင်ဗျား ဘယ်မှာလဲ"

"မိတ္ထီလာပေါ်မှာပဲ"

"ကျွန်တော် သာစည်မြို့ပေါ် ရောက်နေပြီ။ သာစည်မြို့ပေါ် လိုက်လာခဲ့။ ကြံ့ကြံ့ဖန်ဖန် ဖြစ်တတ်တယ်ဗျာ။ ဟဲ. . . ဟဲ"

လေလှိုင်း၌ ပေါ်နေသော ဆရာ့အသံမှာ ဒေါသသံလည်း လုံးဝ မပါ။

ဤအကြောင်းကို ကျွန်တော် ဝတ္ထုတိုတစ်ပုဒ်ပင် ရေးခဲ့ဖူး၏။ ၁၉၆၉-ခုနှစ်၊ စက်တင်ဘာလထုတ် မြဝတီမဂ္ဂဇင်းမှ "အတောင်ချင်းယှက်လို့ ဝဲကာပျံတယ်" ဆိုသော ဝတ္ထုမှာ ယင်းတကယ့်အဖြစ်အပျက်ကို ပြန်ရေးထားသော ဇာတ်လမ်းပင်ဖြစ်၏။

ကျွန်တော် စာရေးဆရာ ဖြစ်ခဲ့သည်မှာလည်း ဆရာတင်မောင်မြင့်၏ ကျေးဇူးကြောင့်ပင် ဖြစ်၏။

ကျွန်တော် စာရေးစ သူငယ်ချင်း လေသူရဲများနှင့် နည်းပြဆရာများကြားတွင် ကျွန်တော့်ကို လုံးဝအထင်မကြီးပါ။ တကယ်တော့ အထင်ကြီးစရာလည်း မရှိပါ။ ကျွန်တော် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းများ၌ ထိုစဉ်က ကျွန်တော် ရေးနေသော လေသူရဲသရုပ်ဖော် ဇာတ်လမ်းများမှာ သူတို့အတွက် ဘာမျှ ထူးခြားသော ဇာတ်လမ်းများမဟုတ်။

"ဒီနေ့ မဂ္ဂဇင်းကြီးတွေမှာလည်းကွာ၊ တခြားထည့်စရာ စာမူတွေ မရှိတော့ဘူးလား မသိဘူး။ လှဝင်းစာမူတွေကိုပဲ အဟုတ်ထင်ပြီး သုံးနေသေးတယ်"

"ငါတော့ ဒီကောင့်စာကို ဘယ်တော့မှ မဖတ်ဘူး"

ထိုစဉ်က မိတ္ထီလာ လေယာဉ်မောင်းသင်ကျောင်း၏ လေသူရဲများ၊ အသိုင်းအဝိုင်းတွင် ကျွန်တော့်စာအပေါ် ဝေဖန်သည့် ဝေဖန်သံများ ဖြစ်၏။

ဆရာ တင်မောင်မြင့် တစ်ယောက်သာ ကျွန်တော့်ကို အကောင်းမြင်ပါသည်။

"ကိုလှဝင်းရေးတဲ့စာတွေဟာ ကောင်းတယ်။ ဖတ်ကြည့်လိုက်ရင်တော့ လေသူရဲဘဝသရုပ်ဖော် ရိုးရိုးလေးတွေ ဖြစ်မယ့် တွေးစရာအတွေးလေးတွေပါတယ်။ အဲဒီလို တွေးစရာအတွေးလေးတွေ ကျန်အောင်ရေးတတ်တာ ပညာပဲ။ ဆက်ရေး။ ခင်ဗျား အောင်မြင်မှာပါ"

ဆရာတင်မောင်မြင့် နိမိတ်ဖတ်ခဲ့သည့်အတိုင်းပင် သုံးလေးနှစ်အတွင်း အောင်မြင်သော စာရေးဆရာတစ်ဦးအဖြစ်ကို ကျွန်တော် ရောက်မှန်းမသိ ရောက်ခဲ့ပါသည်။

ဆရာတင်မောင်မြင့်နှင့် တွဲ၍ စစ်ဆင်ရေးတာဝန် အမျိုးမျိုးကိုလည်း ကျွန်တော် ထမ်းဆောင်ခဲ့ဖူးပါသည်။

တာချီလိတ် လေယာဉ်ပြေးလမ်း တည်ဆောက်ပြီးစက ပထမဆုံးအကြိမ် (ဒါကိုတာ) လေယာဉ်ပျံမောင်း စမ်းသပ်ကွင်းဆင်းခြင်း (Test Landing) ကို သူနှင့် ကျွန်တော် သွား၍ ပြုလုပ်ခဲ့၏။ ကျွန်တော်တို့စမ်းသပ် ဆင်းသက်ပြီး အထက်သို့ အစီရင်ခံစာ တင်ပြပြီးသည့် အချိန်တွင်မှ အရပ်ဘက် ခရီးသည်တင်လေယာဉ်ပျံများကို တာချီလိတ်လေယာဉ်ကွင်းသို့ စတင်၍ ဆင်းသက်ခွင့် ပေးခဲ့ပါသည်။

ဒါကိုတာ လေယာဉ်ပျံများ ပုံမှန် တင်နိုင်သောဝန်ထက် တစ်ဆနီးပါး များနေသောဝန်များ တင်ထားသည့် လေယာဉ်ပျံကိုလည်း ဆရာတင်မော်မြင့်နှင့် ကျွန်တော် မိတ္ထီလာမြို့မှ ရန်ကုန်ရောက်သည်အထိမောင်းလာခဲ့ဖူး၏။

ညဘက် မိုးသက်မုန်တိုင်းအတွင်း၌ လေထီးချသည့် အလုပ်ကိုလည်း အတူလုပ်ခဲ့ဖူး၏။ ထိုစဉ်က လေထီးခုန်သင်တန်း နည်းပြဆရာမှာ ကိုဉာဏ်လင်း (ကွယ်လွန်သူ တိုင်းမှူး၊ ဗိုလ်ချုပ်)ဖြစ်၏။ လမ်းပြအဖြစ်တစ်ယောက်တည်း သူလေထီးဖြင့် ခုန်ဆင်းသွားပြီးနောက် မြေပြင်သို့

မရောက်ဘဲ ပျောက်နေသဖြင့် ကိုညာဏ်လင်း ကျသွားနိုင်လောက်သော နေရာအပေါ်၌ ကျွန်တော့်ကို မိနစ်လေးဆယ်ခန့် ဝဲပျံနေခဲ့ရပါသည်။ ယင်းဖြစ်ရပ်ကို အခြေခံ၍လည်း ကျွန်တော် ဝတ္ထုတိုတစ်ပုဒ် ရေးဖူးပါသည်။

ဆရာတင်မောင်မြင့်မှာ စာအလွန်ဖတ်၏။

ရန်ကုန်တက္ကသိုလ်မှ (ဘီအက်စ်စီ) ဘွဲ့ရပြီးမှ လေတပ်ထဲသို့ ဝင်လာသူဖြစ်၏။

သူ့ခေတ်တွင် ဘွဲ့ရပြီးမှ လေသူရဲဘဝသို့ ကူးလာသူများမှာ အလွန်ရှား၏။ လက်ချိုး၍ပင် ရေတွက်၍ရနိုင်၏။

သူသည် လေသူရဲဘဝကိုအလွန်ခင်မင်မြတ်နိုးဟန်ရှိ၏။ လေယာဉ်ပျံမျှား မတော်တဆပျက်စီးဆုံးရှုံးမှု တားဆီးရေးသင်တန်းကို လည်း သူအမေရိကန်ပြည်ထောင်စု၌ တက်ရောက်အောင်မြင်ခဲ့၏။

"ကိုလှဝင်း . . . နာမည်ကြီးလေသူရဲဖြစ်ဖို့ ဘယ်တော့မှ မကြိုးစားနှင့်။ အသက်ရှည်ရှည်နေပြီး နိုင်ငံတာဝန်ကို သက်တမ်းပြည့်ထမ်းဆောင်နိုင်တဲ့ လေသူရဲဖြစ်ဖို့ပဲ ကြိုးစားပါ"

ဆရာတင်မောင်မြင့် ပြောခဲ့ဖူးသောစကားဖြစ်၏။

ထိုအကြောင်းကိုလည်း ၁၉၇၂ ခုနှစ် အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်း၌ "ယောကျ်ားကောင်းဟူသည်" ခေါင်းစဉ်ဖြင့် ကျွန်တော် ဝတ္ထုတိုရေးခဲ့ဖူးပါသည်။

ဆရာတင်မောင်မြင့်ကို ဇာတ်ကောင်ပြုလုပ်ပြီး ကျွန်တော်ရေးခဲ့သော ဝတ္ထုအများအပြားပင်ရှိ၏။

ကျွန်တော်တွေးနေသည်။

ဆရာတင်မောင်မြင့်၏ဘဝမှာ တပ်မတော် (လေ) ၌ အကျိုးပေးသော ဘဝဟုပင် ယေဘုယျယူဆ၍ ရနိုင်ပါသည်။

သူသည် ကျွန်တော်လေယာဉ်ပျံမောင်းသင်ကျောင်းမှ အောင်

မြင်ပြီး မိတ္ထီလာလေတပ်စခန်း၌ စစ်ဆင်ရေးလွဲပြောင်းသင်တန်းတက်နေစဉ် အချိန်၌ပင် အမှတ် (၆) လေယာဉ်အုပ်၏ အုပ်မှူးဖြစ်သွား၏။ အုပ်မှူးဖြစ်သဖြင့် (ဝီလီ) ဂျစ်ကားလေးတစ်စီး သူသုံးခွင့်ရ၏။

"ကိုလှဝင်း . . . ကားမောင်းတတ်တယ်မဟုတ်လား။ ကျွန်တော့်ကားယူမောင်းသွား"

ဤသို့ အုပ်မှူးအဖြစ် သူသုံးခွင့်ရသော ဂျစ်ကားကို ရက်ရောစွာသုံးခွင့်ပေးခဲ့ဖူး၏။

ယင်း(ဝီလီ)ဂျစ်ကားမှာ ကျွန်တော်ပထမဆုံးမောင်းဖူးသောတပ်မတော်(လေ)ပိုင်စစ်ကားပင်ဖြစ်သည်။

နောက်. . . ဆရာတင်မောင်မြင့် ဒုတိယဗိုလ်မှူးကြီးဖြစ်သွား၏။

လေယာဉ်ပျံမောင်းသင်တန်းကျောင်း၏ ကျောင်းအုပ်ကြီးဖြစ်သွား၏။

မှော်ဘီလေတပ်စခန်းမှူးဖြစ်သွား၏။

ထိုအချိန်၌ ကျွန်တော်လေတပ်တွင် မရှိတော့ပါ။

တပ်မှထွက်၍ ရတနာကုန်သည်ပေါက်စဘဝကိုရောက်ခဲ့လေပြီ. . .။

တစ်နေ့ ဆရာတင်မောင်မြင့်နေထိုင်သော မှော်ဘီလေတပ်စခန်းမှူးအိမ်သို့ ကျွန်တော်ရောက်သွားပါသည်။

"ဟင်. . . ကိုလှဝင်း။ လာ. . . လာ။ ခင်ဗျားကျောက်မျက်ရတနာဆိုင်ဖွင့်ထားတယ်ဆို။ ဘယ်လိုလုပ်ပြီး ရတနာကုန်သည်ဘဝကိုရောက်သွားပြန်တာလဲ။ ကျွန်တော်ခင်ဗျားကို သင်ပေးခဲ့တာက လေသူရဲသင်တန်းပဲ"

"ဟုတ်တယ်ဆရာ။ ကျွန်တော့်အကျိုးပေးက သိပ်ဆန်းကျယ်တယ်။ ဒါကြောင့် ဆရာမြမောင်ကြီးကတွေ့တိုင်းပြောတယ်။ ဒီကောင်လေတပ်ထဲလာနေသွားတာ လေယာဉ်ပျံမောင်းဖို့မဟုတ်ဘူး။ စာရေးသင်

ဖို့ ကုန်ကြမ်းရှာဖို့တဲ့"

"ကိုမြမောင်ပြောတာလည်း ဟုတ်သားပဲ။ ခင်ဗျားလေတပ်ထဲမှာနေသွားတာ ဆယ်နှစ်တောင်ပြည့်ရဲ့လား။ ကျွန်တော်ခင်ဗျားပို့ပေးတဲ့လုံးချင်းစာအုပ်တွေရတယ်။ ခင်ဗျားစာရေးဆရာလုံးဝဖြစ်သွားပြီ။ ဘာသာပြန်တွေလည်း သိပ်ကောင်းတာပဲ။ ကျွန်တော့်အကြောင်းတွေ ခင်ဗျားဝတ္ထုတွေထဲမှာမကြာခဏထည့်ရေးနေတော့ ကျွန်တော့်မှာ ဘာမှမဟုတ်ဘဲနာမည်ကြီးနေတယ်။"

မှန်ပါသည်။

ကျွန်တော်၏ ကိုယ်တွေ့လေကြောင်းဝတ္ထုအများစု၏ဇာတ်လိုက်မှာ ဆရာတင်မောင်မြင့်ပင်ဖြစ်၏။

ကျွန်တော်ထွက်သမျှလုံးချင်းစာအုပ်များကို ဆရာတင်မောင်မြင့်ထံသို့ အမြဲပို့ပေးခဲ့ပါသည်။

နောက် . . . ဆရာနှင့် ကျွန်တော်မတွေ့ကြတော့ပါ။

ဆရာတင်မောင်မြင့် ဗိုလ်မှူးကြီးရာထူးကို ရသွားသည်။

မင်္ဂလာဒုံမှ ပြုပြင်ထိန်းသိမ်းရေးလေတပ်စခန်းတွင် စခန်းမှူးဖြစ်သွားသည်။

ထိုအချိန်၌ ကျွန်တော် ရန်ကုန်တွင်မရှိ။ မိုးကုတ်တွင်ရောက်နေသည်။

နောက်. . . လမ်းစဉ်ပါတီ၌ဗဟိုကော်မတီဝင်ဖြစ်သွားသည်။

နောက်. . . သုံးနှစ်ခန့်ကြာသောအခါ၌ ဆရာတင်မောင်မြင့်ကိုတရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်သည့်သတင်းကို ကျွန်တော်ကြားလိုက်ရ၏။

ဆရာသံအမတ်ကြီးဘဝ၌လည်း ကျွန်တော်နှင့်တစ်ကြိမ်မျှမဆုံမိကြပါ။

ကျွန်တော့်ရင်တွင်း၌ ဆရာတင်မောင်မြင့်သည် တပ်မတော်

(လေတပ်)၌ အမြင့်ဆုံးရာထူးအထိပင် ရလိမ့်မည်ဟုပင် ထင်ထားခဲ့ပါသည်။ ကျွန်တော်ထင်ထားသကဲ့သို့ပင် အခြားရင်းနှီးသော အရာရှိအများအပြားကလည်း ထင်ထားခဲ့ကြပါသည်။

ကျွန်တော်တို့ထင်သလိုမဖြစ်ခဲ့။

ကံတရားကလည်း ကျန်ရှိနေပါသေးသည်။

ဆရာတင်မောင်မြင့်သည် သံအမတ်ကြီးဘဝနှင့်ပင် အသက်ခြောက်ဆယ်ပြည့်ပြီး အငြိမ်းစားယူသွားခဲ့၏။

ဆရာတင်မောင်မြင့်နှင့် ကျွန်တော်လုံးဝပြန်မတွေ့ခဲ့ကြသည့် အချိန်မှာ ၁၅ နှစ်ခန့်ပင်ရှိလိမ့်မည်ဟု ကျွန်တော်ထင်သည်။

နောက်ဆုံးပြန်တွေ့ခဲ့ကသည်မှာ လွန်ခဲ့သည့်လေးနှစ်ခန့်ကဖြစ်၏။

တနင်္ဂနွေနေ့ဖြစ်လိမ့်မည်ဟုထင်ပါသည်။

ကုန်သည်လမ်းမှ ကျွန်တော်အိမ်သို့ဆရာတင်မောင်မြင့် ရောက်လာပါသည်။ တစ်ယောက်တည်းမဟုတ်။ ဆရာကတော် ဒေါ်သန်းသန်းမြင့်လည်း ပါလာပါသည်။

ကိုလှအောင်(အငြိမ်းစားဗိုလ်မှူး)က လမ်းပြလုပ်ပြီး ကျွန်တော့်အိမ်သို့ခေါ်လာပေးခြင်းဖြစ်၏။

"အောင်မယ်လေး . . . ကိုလှဝင်း . . . ခင်ဗျားအိမ်ကိုရှာလိုက်ရတာ မောနေတာပဲ။ ခု . . . ကိုလှအောင် လိုက်မပို့ပေးရင် ရောက်လာဦးမှာ မဟုတ်ဘူး။"

"ဘာကိစ္စရှိလို့လည်းဆရာ။ ကျွန်တော့်ကိုဖုန်းဆက်လိုက်ရင်ရတာပဲ။ ကျွန်တော်လာခေါ်မှာပေါ့"

"ကိုလှဝင်း ဖုန်းနံပါတ်လည်း ကျွန်တော် မသိဘူး"

"ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့လည်း ဆရာ"

"ဘာမှမဟုတ်ပါဘူးဗျာ။ ကျောက်စစ်ခိုင်းချင်လို့"

"ဘာလဲ။ ဆရာကကျောက်ဝယ်ချင်လို့လား"

"မဟုတ်ပါဘူး။ ကျွန်တော်ကဘာလုပ်ဖို့ ကျောက်ဝယ်ရမှာလဲ။ ဒီလိုဗျာ။ ကျွန်တော့်သမီးလေးက အိမ်ထောင်ကျသွားပြီး ဩစတြေးရီးယားရောက်နေတယ်။ ခုကိုယ်ဝန်ကြီးနဲ့သားသမီးမွေးတော့မယ်။ ကျွန်တော်နဲ့ခင်ဗျားအစ်မကြီးက မကြာခင်ခဏလိုက်သွားကြမလို့"

"မြေးသွားကြည့်ဖို့ဆိုပါတော့"

"ဟုတ်တယ်။ ကျွန်တော်ခဏပဲနေမယ်။ ခင်ဗျားအစ်မကြီးကတော့ ခြောက်လလောက်အထိသမီးကိုအဖော်ဆက်လုပ်ပြီးနေဖို့ စိတ်ကူးထားတယ်။ ခု ကျွန်တော်တို့သွားရင်းနဲ့ ခင်ဗျားအစ်မကြီးရဲ့ လက်ဝတ်လက်စားတွေကို သမီးကိုပေးဖို့ ယူသွားချင်တယ်။ ခင်ဗျားက ကုန်သွယ်ရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားတဲ့ ရာဖြတ်ဆို"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီတော့ဗျာ။ ခုယူသွားမယ့် လက်ဝတ်လက်စားတွေကို အတုအစစ်ခွဲပေးပါ။ တန်ဖိုးဖြတ်ပေးပါ။ ခင်ဗျားဖြတ်ပေးတဲ့ တန်ဖိုးတွေအတိုင်း အကောက်ခွန်ဌာနကိုပြပြီး အခွန်ဆောင်ပြီး ကျွန်တော်တို့ယူသွားမယ်"

"ဆရာ့မှာက ဒီသမီးတစ်ယောက်ပဲရှိတာလား"

"မဟုတ်ဘူး။ သားတစ်ယောက်လည်း ရှိသေးတယ်"

"ဒီ သမီးက ဟိုကလေးပဲ ထင်တယ်။ ဆရာမှတ်မိလား မသိဘူး။ ၁၉၆၄ ခုနှစ်လောက်က ဆရာနဲ့ ကျွန်တော် ငပလီလေဆိပ်ကိုဆင်းတော့ ကျွန်တော်ခရုပုတီးတွေဝယ်ပြီး ဆရာ့သမီးလေးဖို့ဆိုပြီး လက်ဆောင်ပေးတယ်။ ဆရာကမပေးနဲ့ကိုလှဝင်း။ ကလေးကသိပ်ငယ်ပေးတယ်။ ဘာမှနားလည်သေးတာမဟုတ်ဘူး။ ခင်ဗျား ခရုပုတီးတွေကို ကိုက်စားပြစ်လိုက်လိမ့်မယ်လို့ ပြောတဲ့ကလေးဟာ ဒီသမီးလား"

"ဟုတ်တယ်။ အဲဒီ သမီးပဲ"

"အချိန်တွေလည်း ကုန်လွန်ခဲ့တာတွေ မြန်လိုက်တာနော်"

"ဒါပေါ့ဗျာ။ လူတွေဟာ ကြီးမှန်းမသိ ကြီးကုန်ကြပြီဆိုတာ။ ခင်ဗျားကိုပဲကြည့်။ ဟိုတုန်းက ကျွန်တော် လေယာဉ်ပျံမောင်းသင်ပေးခဲ့တဲ့ ကိုလှဝင်းနဲ့ ဒီနေ့ ကိုလှဝင်းက ဘာမှမဆိုင်တော့ဘဲ"

"အစ်မကြီး . . . ဆရာတင်မောင်မြင့်ရဲ့ ဗလကတော့ ဟို လွန်ခဲ့တဲ့ နှစ်သုံးဆယ်ကျော် ဗလအတိုင်းပဲ။ ဘာမှမပြောင်းလဲဘူး။ အစ်မကြီး ဆရာ့ကို ထမင်းကောင်းကောင်း ချက်မကျွေးဘူးထင်တယ်"

ကျွန်တော်က ဆရာကတော် ဒေါ်သန်းသန်းမြင့်ကို လှမ်းပြောလိုက်ပါသည်။

"ကျွန်မ ချက်မကျွေးတာ မဟုတ်ဘူး။ ကိုလှဝင်းဆရာက မစားတာ။ ဒါပေမယ့် သူကများများစားလည်း ဝမှာမဟုတ်ဘူး"

မှန်ပါသည်။

ဆရာတင်မောင်မြင့်၏ လူပုံသဏ္ဌာန်မှာ အရပ်မြင့်မြင့် ပိန်ပိန်ကိုင်းကိုင်းဖြစ်၏။

သူ၏အရွယ်တူများက ကျွန်တော်တို့ရှေ့၌ပင် သူ့ကိုအရိုးဟုခေါ်ပါသည်။ မှန်သည်။ သို့သော် ထိုအရိုးမှာ သံမဏိအရိုးဖြစ်သည်ကို သူတို့အားလုံးသိ၏။

ကျွန်တော် ဆရာတင်မောင်မြင့် ယူလာသော လက်ဝတ်လက်စားများကို အတုအစစ်ခွဲပြီး တန်ဖိုးဖြတ်ပေးလိုက်၏။

"ဆရာ. . . ဒီပတ္တမြားတစ်ပွင့်ကတော့ အတုပဲ"

"ဘာဖြစ်လို့ အတုပြောတာလဲ။ ဒါခင်ဗျား အစ်မကြီးရဲ့ မိဘလက်ထက်ကတည်းကပစ္စည်း"

"ရှေးပစ္စည်းတွေအထဲမှာလည်း ကျောက်တုတွေအများကြီးရှိပါတယ်ဆရာ"

"တိတိကျကျ ခင်ဗျားတို့ဘယ်လိုခွဲသလဲ"

"လွယ်လွယ်လေးပါဆရာရယ်။ ကျွန်တော်တို့ လေယာဉ်ပျံမောင်း

ပါတယ်ဆရာ"

"တီတီကျကျ ခင်ဗျားတို့ ဘယ်လိုခွဲသလဲ"

"လွယ်လွယ်လေးပါ ဆရာရယ်။ ကျွန်တော်တို့လေယာဉ်ပျံမောင်းတဲ့အလုပ်လောက်မခက်ပါဘူး။ ဒီပတ္တမြားကို ဟောဒီ ခရမ်းလွန်ရောင်ခြည်အောက်မှာထားကြည့်ရင် အရောင်တောက်မယ်။ သဘာဝတွင်းထွက်ဆိုရင် အရောင်မတောက်ဘူး။ နောက်. . . ကျောက်သားထဲဖောက်ပြီး မှန်ဘီလူးအောက်မှာ အသေအချာကြည့်ရင် ဆပ်ပြာအမြှုပ်လို ပူဖောင်းလေးတွေ အများကြီးတွေ့ရတယ်။ ဆရာလာကြည့်လေ။ ကျွန်တော်ချိန်ပေးမယ်"

ဆရာတင်မောင်မြင့်က စိတ်ဝင်စားစွာပင် သူ့ပတ္တမြားလေးကို ခရမ်းလွန်ရောင်ခြည်အောက်၌လည်းကောင်း၊ မှန်ဘီလူးအောက်တို့၌လည်းကောင်း အသေအချာထားပြီး စစ်ကြည့်ပါသည်။

"တယ်ဟုတ်ပါလား။ ဒီလို အထောက်အကူပြု ကိရိယာပစ္စည်းတွေရှိနေတော့လည်း ကျောက်အတုအစစ်ဆိုတာ တိတိကျကျကို ခွဲပေးနိုင်တာပဲ။ ဒီပတ္တမြားကတော့ အတုဖြစ်နေတော သေချာပါပြီ။ ကျွန်တော်ဒီလိုလုပ်မယ်။ အတုဖြစ်နေတဲ့အတွက် ဒီပတ္တမြားကို သမီးကိုတော့ မပေးတော့ဘူး။ ချွေးမရမှ ချွေးမကိုပေးလိုက်မယ်။ ကျွန်တော့်အိမ်မှာ ဒီကျောက်အတုအစစ်ခွဲတဲ့ ကိရိယာတွေကရှိတာမှ မဟုတ်ဘဲ။"

ကျွန်တော်နှင့် ဆရာတင်မောင်မြင့် နှစ်ယောက်လုံး အသံထွက်၍ ရယ်လိုက်ကြပါသည်။

ဆရာကတော်ကမူ ရောမရယ်ပါ။

"အတုဖြစ်နေရင်တော့ သမီးကိုလည်းမပေးဘူး။ ချွေးမကိုလည်း မပေးဘူး" ဟု ဝင်၍ ကန့်ကွက်ပါသည်။

ယခု ဆရာတင်မောင်မြင့် ဆုံးပြီ။

အသုဘလည်း ချလိုက်ကြပြီ။

ဆရာတင်မောင်မြင့်သည် စကားနည်းသူ။ အလွန်သဘောကောင်းသူ။ စိတ်ထားအလွန်မြတ်သူဖြစ်၏။

မည်သူနှင့်မျှစကား အခြေအတင်ပြောသည်ကို ကျွန်တော်မမြင်ဘူးပါ။ ကြားပင်မကြားဘူးပါ။

လူတိုင်းတွင် အားနည်းချက်ရှိပါသည်။

မတည့်သူများ၏ မကောင်းပြောခြင်းကို ခံရတတ်ပါသည်။

သို့သော် ဆရာတင်မောင်မြင့်နှင့် ပတ်သက်၍မူ မတည့်သူဟူ၍လည်း ကျွန်တော်မကြားဘူး၊ မကောင်းပြောသူကို ကျွန်တော်မမြင်ဘူး။

ကျွန်တော် စဉ်းစားကြည့်သည်။

ကျွန်တော်တို့ မြန်မာများသည် မိမိခင်မင်သူတစ်ယောက်ကွယ်လွန်ချိန်၌ ကောင်းရာမွန်ရာရောက်ပါစေဟု ဆုတောင်းပေးလေ့ရှိပါသည်။

ဆရာတင်မောင်မြင့်အတွက်မူ ကျွန်တော်ထိုသို့ ဆုမတောင်းပေးချင်ပါ။

ဘာကြောင့်နည်း။

ဆုတောင်းပေးစရာမလိုသည့် ပုဂ္ဂိုလ်မျိုးဖြစ်သည့်အတွက်ပင်။

(ကျေးဇူးရှင် ဆရာဗိုလ်မှူးကြီး တင်မောင်မြင့်အား ဤစာစုဖြင့်ကန်တော့ပါသည်။)

*ဦးလှဝင်း (လေသူရဲတစ်ဦး)*